# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily



**ဂုဏ်သတင်းပျံ့နှံ့လှိုင်ကြူ**

ပန်းရနံ့သည် လေညာကိုမသွား၊ စန္ဒကူးအနံ့၊ တောင်ဇလပ်ပန်းအနံ့၊ စံပယ်ကြက်ရုန်းပန်းအနံ့သည်လည်း လေညာသို့မသွား။ သူတော်ကောင်းတို့၏ အနံ့သည်သာ လေညာသို့သွား၏။ သူတော်ကောင်းတို့၏ ဂုဏ်သတင်းသည် အရပ်မျက်နှာအားလုံးတို့သို့ ပျံ့နှံ့လှိုင်ကြူ၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၄)



၁၃၈၈ ခုနှစ်၊ ကဆုန်လဆန်း ၁၁ ရက် | ၂၀၂၆ ခုနှစ်၊ မေ ၂၆ ရက်၊ တနင်္ဂနွေနေ့ | အတွဲ (၆၅)၊ အမှတ်(၂၀၃)


# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တရုတ်ကွန်မြူနစ်ပါတီဗဟိုကော်မတီ၊ နိုင်ငံရေးရာဗျူရိုအဖွဲ့ဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Wang Yi ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

## မြန်မာနိုင်ငံအနေဖြင့် နိုင်ငံတကာဆက်ဆံရေးနယ်ပယ်နှင့် အာဆီယံအသိုက်အဝန်းတို့အတွင်း ပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်ဆောင်ရွက်သွားနိုင်မည့်အခြေအနေများ၊ နှစ်နိုင်ငံနယ်စပ်ဒေသ ကုန်သွယ်မှု၊ စွမ်းအင်နှင့် သတ္တုကဏ္ဍ၊ စိုက်ပျိုးရေးနှင့် နည်းပညာ ကဏ္ဍတို့တွင် ပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်ဆောင်ရွက်သွားနိုင်မည့်အခြေအနေများ အမြင်ချင်း ဖလှယ်ဆွေးနွေး

နေပြည်တော် မေ ၂၅

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ၊ နိုင်ငံရေးရာဗျူရိုအဖွဲ့ဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Wang Yi ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတ၏ ဧည့်ဆောင်တော်၌ လက်ခံတွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံရာတွင် ဦးစွာ နိုင်ငံတော်သမ္မတက တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာရှီကျင့်ဖျင်အနေဖြင့် မိမိကို သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ပြီး နာရီပိုင်းအတွင်း ဝမ်းမြောက်ကြောင်း သဝဏ်လွှာအား ပထမဦးဆုံးပေးပို့ခဲ့ပြီး အလေးအနက်ထားမှုကို ပြသပေးမှုအတွက် ဝမ်းမြောက် ဂုဏ်ယူပါကြောင်း၊ အဆွေတော် တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ၊ နိုင်ငံရေးရာဗျူရိုအဖွဲ့ဝင်နှင့် နိုင်ငံခြားရေးဝန်ကြီးအနေဖြင့်လည်း မိမိဦးဆောင်သည့်အစိုးရအဖွဲ့ တာဝန်ယူဆောင်ရွက်ချိန်တွင် ပထမဆုံး လာရောက်ခဲ့မှု အပေါ်လည်း

*စာမျက်နှာ ၃ ကော်လံ ၁* ❖



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ၊ နိုင်ငံရေးရာဗျူရိုအဖွဲ့ဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Wang Yi အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

## ယနေ့ ဖတ်စရာ


သင်္ဂါယနာသမိုင်း — ဆောင်းပါး စာ ၆

နိုင်ငံ့အားကို တည်ဆောက်မည့် ပညာရေး — ဆောင်းပါး စာ ၁၃

ရန်ကုန်-မန္တလေး-ရန်ကုန်ခရီးစဉ်တွင် အမှတ်(၅)အဆန်/အမှတ်(၆)အစုန် လေအေးပေးစက်ပါ ခေတ်မီ DEMU လူစီးအမြန်ရထား တိုက်ရိုက်စတင်ပြေးဆွဲမည် — ပြည်တွင်းသတင်း စာ ၁၂

သီးနှံများတွင် ဓာတ်မြေဩဇာအသုံးပြုမှု အစားထိုးနည်းပညာများ (အပိုင်း - ၃) — ဆောင်းပါး စာ ၁၆



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တရုတ်ကွန်မြူနစ်ပါတီဗဟိုကော်မတီ၊ နိုင်ငံရေးရာဗျူရိုအဖွဲ့ဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Wang Yi ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံစဉ်။

## ❖ နှစ်နိုင်ငံနှင့် နှစ်နိုင်ငံပြည်သူများအကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများကို အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်သွားမည့်အခြေအနေများနှင့်ပတ်သက်၍ ခင်မင်ရင်းနှီးစွာ အမြင်ချင်းဖလှယ်ဆွေးနွေး



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် တရုတ်ကွန်မြူနစ်ပါတီဗဟိုကော်မတီ၊ နိုင်ငံရေးရာဗျူရိုအဖွဲ့ဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Wang Yi တို့ အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်စဉ်။

❖ ***ရှေ့ဖုံးမှ***

ကျေးဇူးတင်ရှိပါကြောင်း၊ မိမိတို့ အစိုးရအဖွဲ့ တာဝန်ယူချိန်အတွင်း မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့၏ ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုတိုးတက်ကောင်းမွန်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ၊ နိုင်ငံရေးရာဗျူရိုအဖွဲ့ဝင်နှင့် နိုင်ငံခြားရေးဝန်ကြီးက ပြန်လည်ပြောကြားရာတွင် အဆွေတော်အနေဖြင့် မြန်မာနိုင်ငံ၏ သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခြင်း ခံရမှုအပေါ် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာ ရှီကျင့်ဖျင်မှလည်း ဝမ်းမြောက်ဂုဏ်ယူကြောင်းနှင့် ဆုမွန်ကောင်းများ တောင်းပေးလိုက်ပါကြောင်း၊ တရုတ်နိုင်ငံအနေဖြင့် အဆွေတော်ကို သမ္မတကြီးအဖြစ် ရွေးကောက်တင်မြှောက်ခံရပြီး နာရီပိုင်းအတွင်း ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့ခဲ့ခြင်းနှင့် ကျမ်းသစ္စာကျိန်ဆိုပွဲသို့ ကိုယ်စားလှယ်အဖွဲ့ စေလွှတ်တက်ရောက်စေခဲ့ခြင်းမှာ မြန်မာနိုင်ငံနှင့် မြန်မာပြည်သူလူထုတို့ အပေါ်၌ မိမိတို့နိုင်ငံအနေဖြင့် အလေးအနက်ထားမှုကို ပြသခြင်းပင်ဖြစ်ပါကြောင်း၊ အဆွေတော်၏ ဦးဆောင်မှုအောက်တွင် မြန်မာနိုင်ငံအနေဖြင့် ရေရှည်ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီးဖြစ်လာမည်ဟုလည်း ယုံကြည်ပါကြောင်း၊ နှစ်နိုင်ငံအကြား နိုင်ငံတော်နှင့် ပြည်သူလူထုတို့၏ လူမှုစီးပွားဘဝ အကျိုးဖြစ်ထွန်းစေမည့် ကိစ္စရပ်များကို အရှိန်အဟုန်မြှင့်တင်၍ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ တရုတ်နိုင်ငံအနေဖြင့် နိုင်ငံတကာမျက်နှာစာတွင် မြန်မာနိုင်ငံအပေါ် ဆက်လက် ရပ်တည်ထောက်ခံဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ပြောကြားသည်။

**အမြင်ချင်းဖလှယ်ဆွေးနွေး**

ထို့နောက် နှစ်နိုင်ငံအကြား သံတမန်ဆက်ဆံမှုနှင့် ချစ်ကြည်ရင်းနှီးမှုများ တိုးတက်ကောင်းမွန်လျက်ရှိမှု အခြေအနေများ၊ နှစ်နိုင်ငံအကြား အေးအတူပူမျှ အသိုက်အဝန်းကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိမှု အခြေအနေများ၊ တရုတ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၏ အခြေအနေနှင့်ကိုက်ညီသော ပြည်သူများ၏ ထောက်ခံမှုကိုလည်း ရရှိနိုင်သည့် အောင်မြင်မှုလမ်းကြောင်းကိုချီတက်ရန် စွဲစွဲမြဲမြဲထောက်ခံအားပေးလျက်ရှိမှု၊ မြန်မာနိုင်ငံ၏ နိုင်ငံတော်အချုပ်အခြာအာဏာနှင့် နယ်မြေလုံခြုံရေး၊ တည်တံ့ခိုင်မြဲရေးကိုလည်း စွဲစွဲမြဲမြဲထောက်ခံအားပေးလျက်ရှိမှု၊ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေး၊ တိုင်းရင်းသားရင်းကြားစေ့ရေးနှင့် လူ့ဘောင်အဖွဲ့အစည်း သဟဇာတဖြစ်မှုကိုလည်း အကောင်အထည်ဖော်ဆောင်ရွက်နိုင်စေရန် စွဲစွဲမြဲမြဲ ထောက်ခံအားပေးလျက်ရှိမှု အခြေအနေများ၊ နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေး၊ ကုန်စည်ကူးသန်းရောင်းဝယ်မှုများ လွယ်ကူလျင်မြန်ချောမွေ့စေရေး၊ ပြည်တွင်းငြိမ်းချမ်းရေးရရှိရေး စသည့် ကိစ္စရပ်များတွင် နှစ်ဦးနှစ်ဖက်ညှိနှိုင်းပူးပေါင်းဆောင်ရွက်မှုများကို ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများ၊ မန္တလေးငလျင်ကြီးကြောင့် ဖြစ်ပေါ်ခဲ့သည့် ထိခိုက်ပျက်စီးခဲ့ရမှုများအား ပြန်လည်ထူထောင်ရေးနှင့် တည်ဆောက်ရေး လုပ်ငန်းများတွင် တရုတ်နိုင်ငံအနေဖြင့် ဆက်လက်ကူညီ ဆောင်ရွက်ပေးသွားမည့် အခြေအနေများ၊ မြန်မာနိုင်ငံအနေဖြင့် နိုင်ငံတကာဆက်ဆံရေးနယ်ပယ်နှင့် အာဆီယံအသိုက်အဝန်းတို့အတွင်း ပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်ဆောင်ရွက်သွားနိုင်မည့် အခြေအနေများ၊ မြန်မာနိုင်ငံတွင် လွတ်လပ်ပြီးတရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲကို အောင်မြင်စွာ ကျင်းပပြုလုပ်နိုင်ခဲ့ပြီး ပြည်သူများက ရွေးချယ်သည့် အစိုးရအဖွဲ့အနေဖြင့် နိုင်ငံတော်အား ဒီမိုကရေစီလမ်းကြောင်းပေါ်၌ ခိုင်ခိုင်မာမာဖြင့် ဆက်လက်လျှောက်လှမ်းလျက်ရှိသည့်အတွက် အာဆီယံအဖွဲ့အတွင်း ပါဝင်ဆောင်ရွက်မှုများကို ပိုမိုမြှင့်တင်ဆောင်ရွက်သွားမည့် အခြေအနေများ၊ မြန်မာနိုင်ငံအနေဖြင့် တရုတ်နိုင်ငံသမ္မတ မစ္စတာ ရှီကျင့်ဖျင်၏ အရှေ့အလယ်ပိုင်းဒေသ တည်ငြိမ်အေးချမ်းရေးအတွက် ပြောကြားထားသည့် အကြံပြုချက်(၄)ချက်အပေါ်တွင်လည်း ထောက်ခံလျက်ရှိမှုအခြေအနေများ၊ နှစ်နိုင်ငံနယ်စပ်ဒေသ ကုန်သွယ်မှု၊ စွမ်းအင်နှင့် သတ္တုကဏ္ဍ၊ စိုက်ပျိုးရေးနှင့် နည်းပညာကဏ္ဍတို့တွင် ပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်ဆောင်ရွက်သွားနိုင်မည့်အခြေအနေများ၊ အွန်လိုင်းလိမ်လည် လောင်းကစားမှု တိုက်ဖျက်ရေး လုပ်ငန်းများကို ပူးပေါင်းတိုက်ဖျက် ဆောင်ရွက်သွားမည့်အခြေအနေများ၊ နှစ်နိုင်ငံနှင့် နှစ်နိုင်ငံပြည်သူများအကြား ရှိရင်းစွဲ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများကို အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်သွားမည့်အခြေအနေများနှင့် ပတ်သက်၍ ခင်မင်ရင်းနှီးစွာ အမြင်ချင်း ဖလှယ် ဆွေးနွေးခဲ့ကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် တရုတ်ကွန်မြူနစ်ပါတီဗဟိုကော်မတီ၊ နိုင်ငံရေးရာဗျူရိုအဖွဲ့ဝင်နှင့် နိုင်ငံခြားရေးဝန်ကြီးတို့သည် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ပြီး တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ နိုင်ငံတော်သမ္မတရုံး ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ၊ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ညွန့်ဝင်းဆွေ၊ နိုင်ငံခြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေနှင့် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်တို့ တက်ရောက်ကြပြီး တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ၊ နိုင်ငံရေးရာဗျူရိုအဖွဲ့ဝင်နှင့် နိုင်ငံခြားရေးဝန်ကြီးနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. MS. Ma Jia၊ တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# လေယာဉ်များ ဘေးကင်းလုံခြုံစွာ ပျံသန်းနိုင်ရေးအတွက် ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများသည် အရေးကြီး

ရန်ကုန် မေ ၂၅

**ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦးသည် ဒုတိယဝန်ကြီး ဦးထွန်းလူ၊ ဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်ရှိ မြန်မာအမျိုးသား လေကြောင်း ပျံသန်းမှုလုပ်ငန်းဌာနသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။**





ဦးစွာ လေယာဉ်ပြုပြင်ထိန်းသိမ်းရေးဌာနသို့ ရောက်ရှိရာ အင်ဂျင်နီယာချုပ်က လေယာဉ်ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများဖြစ်သည့် လေယာဉ်စတင်မထွက်ခွာမီနှင့် ပြန်လည်ရောက်ရှိချိန်များတွင် နေ့စဉ်ပုံမှန်စစ်ဆေးမှုပြုလုပ်ခြင်း၊ လေယာဉ်စက်ပစ္စည်း အစိတ်အပိုင်းများအလိုက် သတ်မှတ်သက်တမ်းပြည့်ချိန်တွင် စစ်ဆေးမှုပြုလုပ်ခြင်း စသည့် လေယာဉ် ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေကို ရှင်းလင်းတင်ပြသည်။

**ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားရန် လိုအပ်**

ရှင်းလင်း တင်ပြမှုအပေါ် ပြည်ထောင်စုဝန်ကြီးက လေယာဉ်များ ဘေးကင်းလုံခြုံစွာ ပျံသန်းနိုင်ရေးအတွက် ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများသည် အရေးကြီးကြောင်း၊ တာဝန်ယူဆောင်ရွက်သည့် အင်ဂျင်နီယာများအနေဖြင့် သတ်မှတ်စံချိန်စံညွှန်းများအတိုင်း တိတိကျကျ လိုက်နာစစ်ဆေးဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ လေယာဉ်အပိုပစ္စည်းများ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရန် လိုအပ်ကြောင်း၊ ဌာနခွဲများအလိုက် အချိန်နှင့်တစ်ပြေးညီ လုပ်ငန်းဆောင်ရွက်နိုင်ရေး စနစ်တကျ စီမံခန့်ခွဲမှုပြုလုပ်ပေးရန် လိုအပ်ကြောင်း မှာကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

**အစဉ်ကောင်းမွန်အောင် ထိန်းသိမ်း**

ထို့နောက် မြေပြင်ဝန်ဆောင်မှုလုပ်ငန်းဌာနသို့ ရောက်ရှိရာ ဌာနခွဲတာဝန်ခံအရာရှိက စက်၊ ယာဉ်၊ ယန္တရားများ အသုံးပြုနေမှု၊ ကြံ့ခိုင်ရေးအတွက် စစ်ဆေးပြုပြင်ဆောင်ရွက်နေမှုနှင့် ပြည်တွင်း/ပြည်ပ လေယာဉ်များအတွက် မြေပြင်ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေကို ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုဝန်ကြီးက နေ့စဉ် ဆင်းသက်လျက်ရှိသော လေယာဉ်များအား မြေပြင်ဝန်ဆောင်မှုလုပ်ငန်းများ အပြည့်အဝ ဝန်ဆောင်မှုပေးနိုင်ရေး၊ ဌာနရှိယန္တရားများ အစဉ်ကောင်းမွန်အောင် ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းကို အစီအစဉ်ရေးဆွဲချမှတ်ကာ ဆောင်ရွက်သွားရန်၊ ယန္တရားများကိုင်တွယ်မောင်းနှင်သည့် ဝန်ထမ်းများ ကျွမ်းကျင်မှုရှိစေရေးနှင့် လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် မွမ်းမံသင်တန်းများကို သတ်မှတ်ကာလအတိုင်း စနစ်တကျ သင်ကြားဖွင့်လှစ်ပို့ချသွားရန်နှင့် ကျွမ်းကျင်ဝန်ထမ်းများဖြစ်သည့် လူ့စွမ်းအားအရင်းအမြစ်များ ခါးဆက်မပြတ်စေရေး လေ့ကျင့်မွေးထုတ်ဆောင်ရွက်သွားကြရန် မှာကြားသည်။

**ဘေးအန္တရာယ်ကင်းရှင်းစွာ ပျံသန်းနိုင်ရေး**

ယင်းနောက် ပျံသန်းရေးဌာနသို့ရောက်ရှိရာ ပျံသန်းရေးဌာနမှူးက မြန်မာအမျိုးသားလေကြောင်း နေ့စဉ်ပျံသန်းလျက်ရှိသော ခရီးစဉ်များ ဘေးအန္တရာယ်ကင်းရှင်းစွာ ပျံသန်းနိုင်ရေးအတွက် ပျံသန်းရေးတာဝန်ထမ်းဆောင်မည့် လေယာဉ်အမှုထမ်းများ၊ တာဝန်မထမ်းဆောင်မီ ပြင်ဆင်ဆောင်ရွက်ရမည့် သတ်မှတ်လုပ်ငန်းစဉ်များအတိုင်း ဆောင်ရွက်မှု ရှိ/မရှိ စစ်ဆေးကြပ်မတ်ခြင်း၊ လေယာဉ်များ ခရီးစဉ်တစ်လျှောက် ဘေးအန္တရာယ်ကင်းရှင်းစွာ ပျံသန်းမှု ရှိ/မရှိ စောင့်ကြည့်ထိန်းသိမ်းဆောင်ရွက်ခြင်း၊ နေ့စဉ်ပျံသန်းမှုဆိုင်ရာ မှတ်တမ်းအချက်အလက်များစိစစ်၍ စစ်ဆေးပြင်ဆင်ဆောင်ရွက်ရန် လိုအပ်သည့် သတင်း အချက်အလက်များကို သက်ဆိုင်ရာဌာနများသို့ ပေးပို့ကာ ပြုပြင်ဆောင်ရွက်စေခြင်း စသည့် ပျံသန်းမှုလုပ်ငန်းအတွက် ဆောင်ရွက်ပေးနေမှုတို့ကို ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းဆိုင်ရာများ မှာကြားသည်။

ဆက်လက်၍ မြန်မာအမျိုးသားလေကြောင်း အစည်းအဝေးခန်းမတွင် ပြည်ထောင်စုဝန်ကြီးသည် မြန်မာအမျိုးသား လေကြောင်း စီမံခန့်ခွဲရေးအဖွဲ့ (Board of Director-BOD) များနှင့် တွေ့ဆုံကာ ATR လေယာဉ်များ အင်အားအပြည့် ပျံသန်းအသုံးပြုနိုင်ရေးအတွက် ရေးဆွဲထားသည့် ပြုပြင်ရေးလုပ်ငန်း အချိန်ဇယားအတိုင်း ထွက်ရှိရေး ကြိုးပမ်းဆောင်ရွက်သွားရန်၊ နိုင်ငံတော်ပိုင် အလံတင်လေကြောင်းလိုင်း (Flag Carrier) ဖြစ်သည်နှင့်အညီ ခရီးသွားပြည်သူများ ယုံကြည်အားကိုးရသည့် လေကြောင်းလိုင်းဖြစ်စေရေး တာဝန်ရှိသူအဆင့်ဆင့်က ကြိုးပမ်းဆောင်ရွက်ကြရန်၊ ဌာနခွဲများအလိုက် လေကြောင်းလိုင်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်သွားကြရန် မှာကြားပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် လေကြောင်းသိပ္ပံကျောင်း သင်တန်းခန်းမ၌ မြန်မာအမျိုးသားလေကြောင်းနှင့် လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ဝန်ထမ်းများအား တွေ့ဆုံ၍ အားပေးစကား ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန် ပညာရပ်ဆိုင်ရာ ရလဒ်ထွက်ပေါ်မည့် ရက် (၁၀၀) အစီအစဉ်အတွက် မှာကြား

**ရန်ကုန် မေ ၂၅**

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန်သည် ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်၊ တာဝန်ရှိသူများနှင့်အတူ ယမန်နေ့နံနက်ပိုင်းတွင် ရန်ကုန်တက္ကသိုလ် စိန်ရတုခန်းမ ပရိဝုဏ်လှပတင့်တယ်ရေး ဆောင်ရွက်နေမှုများကို ကြည့်ရှုသည်။



ထို့နောက် စိန်ရတုခန်းမအစည်းအဝေးခန်း၌ မြန်မာနိုင်ငံဝိဇ္ဇာနှင့် သိပ္ပံပညာရှင် အမှုဆောင်အဖွဲ့ဝင်များနှင့်တွေ့ဆုံ၍ ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်၏လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုနိုင်မည့် သုတေသနလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် နေပြည်တော်၊ ရန်ကုန်၊ မန္တလေးတို့တွင်ရှိသည့် တက္ကသိုလ်သုံးခုတွင် Centre for Research and Innovation (CRI)ကို စတင်အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ရန်ကုန်တက္ကသိုလ်တွင် ရှိပြီးဖြစ်သည့် Centre for Research and Innovation (CRI)တွင် သုတေသနများလုပ်ဆောင်နိုင်ရန်အတွက် လိုအပ်သော စက်ပစ္စည်းများကို ဖြည့်ဆည်းပံ့ပိုးပေးသွားမည်ဖြစ်ပါကြောင်း၊ လက်ရှိတွင် သီးခြားစီဖြစ်နေသည့် မြန်မာနိုင်ငံ ဝိဇ္ဇာနှင့်သိပ္ပံပညာရှင်အဖွဲ့၊ အမျိုးသားသင်ရိုးညွှန်းတမ်းကော်မတီ၊ မြန်မာစာအဖွဲ့တို့ကို ကွန်ရက်တစ်ခုတည်းအဖြစ် ချိတ်ဆက်နိုင်ရေး ဆောင်ရွက်လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံ ဝိဇ္ဇာနှင့်သိပ္ပံပညာရှင်အဖွဲ့နှင့် အခြားသုတေသနဌာနအဖွဲ့အစည်းများအကြား ပိုမိုနီးကပ်စွာ ချိတ်ဆက်ဆောင်ရွက်သွားကြစေလိုပါကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ ဝိဇ္ဇာနှင့်သိပ္ပံပညာရှင်အဖွဲ့ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများနှင့် အမှုဆောင်အဖွဲ့ဝင်များက မြန်မာနိုင်ငံ ဝိဇ္ဇာနှင့်သိပ္ပံပညာရှင်အဖွဲ့၏ ဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြပြီး သုတေသနစာတမ်းများနှင့် စပ်လျဉ်း၍ အကြံပြုဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက အမှုဆောင်အဖွဲ့ဝင်များ၏ အကြံပြုချက်များနှင့် စပ်လျဉ်း၍ ပြန်လည်ဆွေးနွေးပြီး ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများသည် စိန်ရတုခန်းမအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ရန်ကုန်တက္ကသိုလ် ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခ (ဌာနမှူး)များနှင့်တွေ့ဆုံ၍ နိုင်ငံတော်အစိုးရသစ်နှင့်အတူ ရန်ကုန်တက္ကသိုလ်၏ ရက် (၁၀၀) အတွင်း ဆောင်ရွက်ရမည့်လုပ်ငန်းသည် သုတေသနလုပ်ငန်းဖြစ်ပါကြောင်း၊ သုတေသနလုပ်ငန်းများကို ဆောင်ရွက်ရာတွင် ဘာသာရပ်တစ်ခုတည်းမဟုတ်ဘဲ ဌာနများအချင်းချင်း သုတေသနပညာရှင်များ ပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်း၊ သုတေသနစာတမ်းများ ရေးသားရာတွင် အရေအတွက်ထက် အရည်အသွေးရှိသော စာတမ်းများကို ပိုမိုအလေးထားရေးသားကြစေလိုကြောင်း၊ ရန်ကုန်တက္ကသိုလ်ကို သုတေသနကဏ္ဍတွင် ဦးဆောင်နိုင်သည့် တက္ကသိုလ်တစ်ခုအဖြစ်မြှင့်တင်နိုင်ရေး ပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်က ရက်(၁၀၀)အတွင်းအကောင်အထည်ဖော်ဆောင်ရွက်မည့် CRI ထူထောင်ရေး၊ သုတေသနစာတမ်းများ အရည်အသွေးကောင်းမွန်ရေး၊ တက္ကသိုလ်များ၏ သင်ရိုးညွှန်းတမ်းများအဆင့်မြှင့်တင်ရေးနှင့် သင်ယူမှုစီမံခန့်ခွဲရေးစနစ် အကောင်အထည်ဖော်ရေး ဆောင်ရွက်မည့် အစီအစဉ်များနှင့် ညွှန်ကြားရေးမှူးချုပ်နှင့် ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခ(ဌာနမှူး)များက သုတေသနစာတမ်းများ ရေးသားဆောင်ရွက်နိုင်ရေးတို့ကို ဆွေးနွေးတင်ပြကြသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများသည် ကမာရွတ်မြို့နယ်ရှိ အမျိုးသားသင်ရိုးညွှန်းတမ်း ကော်မတီဥက္ကဋ္ဌ၊ ကော်မတီအဖွဲ့ဝင်များ၊ ပညာရေးသုတေသန၊ စီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန(ရန်ကုန်ရုံးခွဲ) ရှိ သင်ရိုးညွှန်းတမ်းရေးဆွဲရေးအဖွဲ့ဝင်များနှင့်တွေ့ဆုံ၍ သင်ရိုးညွှန်းတမ်းများတွင် ပြင်ဆင်သင့်သည့်အချက်များကို ပြင်ဆင်ဆောင်ရွက်နိုင်ရေး ညှိနှိုင်းဆွေးနွေးသည်။

ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(အရှေ့ပိုင်း)ရှိ အမှတ်(၁) အခြေခံပညာအလယ်တန်းကျောင်းသို့ရောက်ရှိရာ ရက်ပေါင်း (၁၀၀) အတွင်း Pilot Project အနေဖြင့် ဆောင်ရွက်သွားမည်ဖြစ်သည့် Football for School Programme နှင့် အခြေခံပညာကဏ္ဍတွင် ဗလငါးတန်နှင့် ပြည့်ဝသော ကျောင်းများဖြစ်စေရန်အတွက် Smart School အဖြစ်ဆောင်ရွက်နိုင်ရေး ကျောင်းဝင်းအတွင်းရှိ FIFA School Mini Football Field နှင့် စာသင်ဆောင်များကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ရန်ကုန်စီးပွားရေးတက္ကသိုလ် (ရွာသာကြီး)သို့ရောက်ရှိကာ အားကစားခန်းမအဆင့်မြှင့်တင်ခြင်း၊ အပန်းဖြေရိပ်သာ (Recreation Centre) တည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး ကမာရွတ်မြို့နယ် သထုံလမ်းရှိ တက္ကသိုလ် အားကစားလေ့ကျင့်ရေးဘောလုံးကွင်းများ၊ တက္ကသိုလ်ရေကူးကန်နှင့် ရန်ကုန်တက္ကသိုလ်၊ တက္ကသိုလ်များ လေ့လော်အသင်းတို့ကို အဆင့်မြှင့်တင်နိုင်ရေး လှည့်လည်ကြည့်ရှု စစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာ-တရုတ် နိုင်ငံခြားရေးဝန်ကြီးများ နှစ်နိုင်ငံဆွေးနွေးပွဲကျင်းပ

## ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာများတွင် အပြန်အလှန်ထောက်ခံရပ်တည်သွားရေးနှင့် နှစ်နိုင်ငံ အကျိုးတူ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးဆွေးနွေး




နေပြည်တော် ဧပြီ ၂၅

**နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေသည် နေပြည်တော်သို့ တရားဝင်ခရီးစဉ်ရောက်ရှိနေသည့် တရုတ်ကွန်မြူနစ်ပါတီဗဟိုကော်မတီ၊ နိုင်ငံရေးရာဗျူရိုအဖွဲ့ဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Wang Yi ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့အား ယနေ့ ညနေပိုင်းတွင် နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံဆွေးနွေးသည်။**

အဆိုပါ ဆွေးနွေးပွဲတွင် မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံ အကြား ဆွေမျိုးပေါက်ဖော်ဆက်ဆံရေး ပိုမိုခိုင်မာစေရေး၊ အေးအတူ ပူအမျှအသိုက်အဝန်း ထူထောင်ထားရှိမှု၊ ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုနှင့် လက်တွေ့ကျသည့် ပူးပေါင်းဆောင်ရွက်မှုတို့ကို အရှိန်အဟုန်မြှင့်တင်နိုင်ရန် ကိစ္စရပ်များကို ဆွေးနွေးကြသည်။ နှစ်နိုင်ငံနယ်စပ်တစ်လျှောက် တည်ငြိမ်အေးချမ်းမှုကို ထိန်းသိမ်းရန် ဆက်လက်ပူးပေါင်းဆောင်ရွက်ရေး၊ မြန်မာအစိုးရ၏ ငြိမ်းချမ်းရေးကြိုးပမ်းမှုများကို တရုတ်နိုင်ငံက ပံ့ပိုးကူညီရေး၊ မြန်မာနိုင်ငံ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် တရုတ်နိုင်ငံမှ ပံ့ပိုးကူညီသွားရေး၊ နယ်စပ်ဒေသများတွင် အွန်လိုင်းလိမ်လည်မှုများနှင့် တရားမဝင်လုပ်ငန်းများ ဆောင်ရွက်နေခြင်းကိုတိုက်ဖျက်ရာ၌ နှစ်နိုင်ငံအိမ်နီးချင်းကောင်းပီသစွာဖြင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး၊ ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာများတွင် အပြန်အလှန် ထောက်ခံရပ်တည်သွားရေးနှင့် နှစ်နိုင်ငံ အကျိုးတူ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးအပေါ် ဆွေးနွေး အမြင်ချင်းဖလှယ်ခဲ့သည်။

ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေက တရုတ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံအား အစဉ်တစိုက် ထောက်ခံပေးခြင်းနှင့် ကူညီပံ့ပိုးမှုများအပေါ် ကျေးဇူးတင်ရှိပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် တရုတ်တစ်နိုင်ငံတည်းမူဝါဒကို ထောက်ခံရပ်တည်ပါကြောင်း၊ တရုတ်သမ္မတ မစ္စတာ ရှီကျင့်ဖျင် အဆိုပြုထားသော ကမ္ဘာလုံးဆိုင်ရာ အစီအမံလေးခုကိုလည်း ထောက်ခံပါကြောင်း၊ အရှေ့အလယ်ပိုင်းဒေသငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးကို ကာကွယ်စောင့်ရှောက်ခြင်းနှင့် မြှင့်တင်ခြင်းဆိုင်ရာ အဆိုပြုချက်လေးချက်ကိုထောက်ခံပါကြောင်း၊ နှစ်နိုင်ငံနိုင်ငံခြားရေးဝန်ကြီးဌာနများအကြား ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးအရေးကြီးပါကြောင်း၊ တရုတ်နိုင်ငံမှ ပေးအပ်ခဲ့သော လျှင်ဒဏ် ပြန်လည်ထူထောင်ရေးဆိုင်ရာ အကူအညီများအတွက် ကျေးဇူးတင်ရှိပါကြောင်း၊ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်နှင့် နှစ်နိုင်ငံနယ်စပ်တွင် တည်ငြိမ်အေးချမ်းရေးနှင့် နယ်စပ်နေပြည်သူများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်လက်ပံ့ပိုးကူညီပေးရန် မေတ္တာရပ်ခံလိုပါကြောင်း၊ ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာတွင် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

တရုတ်နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Wang Yi က မြန်မာနိုင်ငံတွင် ရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ခဲ့ပြီး နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်သည့် အစိုးရသစ်တစ်ရပ် ဖွဲ့စည်းပြီးနောက် ယခုလို လည်ပတ်ခွင့်ရရှိသည့်အတွက် ကျေးဇူးတင်ဝမ်းမြောက်ပါကြောင်း၊ မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ဆက်လက်ပံ့ပိုးမည်ဖြစ်ပါကြောင်း၊ ဆွေမျိုးပေါက်ဖော်ချစ်ကြည်ရေးကို အခြေခံသည့် မြန်မာနိုင်ငံက ယုံကြည်အားကိုးနိုင်လောက်သော အိမ်နီးချင်းနိုင်ငံအဖြစ် ရပ်တည်မည်ဖြစ်ပါကြောင်း၊ နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနများအကြား ပိုမိုနီးကပ်သည့်ပူးပေါင်းမှု မြှင့်တင်သွားမည်ဖြစ်ပါကြောင်း၊ နှစ်နိုင်ငံအကြား အပြန်အလှန်နားလည်မှုနှင့် ယုံကြည်မှုပိုမိုခိုင်မာစေရေးအတွက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ နှစ်နိုင်ငံအကြီးအကဲများအကြား သဘောတူညီချက်များကို ထိရောက်စွာ အကောင်အထည်ဖော်ရေး ကြိုးပမ်းသွားမည်ဖြစ်ကြောင်း၊ ကဏ္ဍစုံတွင် အကျိုးတူ ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်သွားမည်ဖြစ်ပါကြောင်းနှင့် နှစ်နိုင်ငံအကြားရှိ စီမံကိန်းများကို အရှိန်အဟုန်မြှင့်၍ တိုးချဲ့ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

နှစ်နိုင်ငံ ဆွေးနွေးပွဲအပြီးတွင် မန္တလေးငလျင်ဒဏ်သင့်ဘုန်းတော်ကြီးများနှင့် သီလရှင်ကျောင်းများအတွက် တရုတ်နိုင်ငံအစိုးရမှလှူဒါန်းသည့် အသင့်နေအိမ်များ လွှဲပြောင်းလက်ခံခြင်းဆိုင်ရာ စာလွှာလဲလှယ်ခြင်းနှင့် မြန်မာအာကာသအေဂျင်စီနှင့် တရုတ်အမျိုးသား အာကာသစီမံခန့်ခွဲမှုဌာနတို့အကြား အာကာသပူးပေါင်းဆောင်ရွက်မှုနှင့် အာကာသဟင်းလင်းပြင် ငြိမ်းချမ်းစွာအသုံးပြုမှုဆိုင်ရာ နားလည်မှုစာချွန်လွှာ လဲလှယ်ခြင်းတို့ကို နှစ်နိုင်ငံနိုင်ငံခြားရေးဝန်ကြီးများ ရှေ့မှောက်တွင် ပြုလုပ်ခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေက တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ၊ နိုင်ငံရေးရာဗျူရိုအဖွဲ့ဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်ရှိ Jasmine Hotel ၌ ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့သည်။ အဆိုပါ ညစာစားပွဲသို့ မြန်မာအာကာသအေဂျင်စီမှ အမှုဆောင်အရာရှိချုပ် ဒေါက်တာ စိုးမြင့်မောင်၊ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် သာသနာရေးရာဝန်ကြီးဌာနတို့မှ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**

---

## စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုသည့် ကုန်သွယ်မှုကိုဆောင်ရွက်ရာတွင် ပို့ကုန်နှစ်ဆတိုးမြှင့်ရန် လိုအပ်

**နေပြည်တော် ဧပြီ ၂၅**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံသည် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် အစည်းအဝေးခန်းမ၌ ကျင်းပသည့် ပို့ကုန်တိုးမြှင့်တင်ပို့နိုင်ရေးနှင့် သွင်းကုန်တင်သွင်းနိုင်ရေး ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်သည်။



အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး တည်ဆောက်ရာတွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုသည် အခြေခံကျသည့် အုတ်မြစ်တစ်ခုဖြစ်ပါကြောင်း၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုသည့် ကုန်သွယ်မှုကို ဆောင်ရွက်ရာတွင် ပို့ကုန်နှစ်ဆတိုးမြှင့်ရန် လိုအပ်ပါကြောင်း၊ နိုင်ငံ၏ အဓိကပို့ကုန်များဖြစ်သော ဆန်၊ ပဲမျိုးစုံ၊ ပြောင်း၊ နှမ်း၊ ရော်ဘာ၊ ရေထွက်၊ အထည်ချုပ်၊ စက်မှုကုန်ချော အစရှိသည့် ပို့ကုန်များကို တိုးမြှင့်တင်ပို့ပေးရန်ဖြစ်ပါကြောင်း၊ နိုင်ငံတကာဈေးကွက် ချဲ့ထွင်နိုင်ရေးအတွက် စီးပွားရေးသံမှူးများက ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ လုပ်ငန်းရှင်များအနေဖြင့် နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးကိုရှေးရှုပြီး အင်တိုက်အားတိုက် ဆောင်ရွက်ပေးစေလိုပါကြောင်း၊ ထုတ်ကုန်တိုးမြှင့်ထုတ်လုပ်နိုင်ရေးအတွက် ပြည်ပမှ မဖြစ်မနေလိုအပ်သော ကုန်ကြမ်းများ၊ ဈေးကွက်အတွင်း မရှိမဖြစ်လိုအပ်သော ပစ္စည်းများကို စနစ်တကျ စိစစ်တင်သွင်းနိုင်ရေး ပူးပေါင်းဆောင်ရွက်ပေးစေလိုပါကြောင်းနှင့် လိုအပ်သည်များကို သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့ ရွှေလင်ဗန်းစက်မှုဇုန်ရှိ ရွှေဝါရောင်ဆန်စက်နှင့် ဆန်သိုလှောင်ရုံသို့ရောက်ရှိရာ ရှင်းလင်းဆောင်၌ တာဝန်ရှိသူတစ်ဦးက ပြည်တွင်းဖြန့်ဖြူးရန်နှင့် ပြည်ပသို့တင်ပို့ရန်အတွက် ဆန်များကြိတ်ခွဲနေမှုကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် စက်ရုံတွင် ဆန်အား သန့်စင်ခြင်း၊ အခြောက်အရောင်တင်ခြင်း၊ ဆန်ကွဲခွဲထုတ်ခြင်း၊ ရေနှင့်ထပ်မံအရောင်တင်ခြင်း၊ ဆန်အဆင့်အတန်းခွဲခြားခြင်း၊ အရောင်ခွဲခြားခြင်းနှင့် ထုပ်ပိုးခြင်း လုပ်ငန်းစဉ်များနှင့် ပြည်ပသို့တင်ပို့ရန် သိုလှောင်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ဆောင်ရွက်ပေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ရွှေပြည်သာမြို့ သာခုကန်စက်မှုဇုန်ရှိ Diamond Arrow General Trading Co., Ltd. ၏ နှမ်းသန့်စင်စက်ရုံနှင့် Bright Light Group Co., Ltd. ၏ ပဲမျိုးစုံသိုလှောင်ရုံနှင့် ပဲသန့်စင်စက်တို့တွင် ပဲမျိုးစုံနှင့် နှမ်းသန့်စင်ခြင်း၊ အရွယ်အစားခွဲခြားခြင်း၊ အလေးချိန်ရွေးချယ်ခြင်း၊ ခဲရွေးခြင်း၊ အရောင်ခွဲခြင်း၊ အရွယ်အစားရွေးခြင်းနှင့် ထုပ်ပိုးခြင်းလုပ်ငန်းစဉ်များ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ပြည်တွင်းစားသုံးမှု ဖူလုံမှုရှိရေးကို ဦးစားပေးဆောင်ရွက်ရန်နှင့် ပိုလျှံသည်များကို ပြည်ပသို့ တိုးမြှင့်တင်ပို့နိုင်ရေး ဆောင်ရွက်ရန်၊ အဆင့်မီပို့ကုန်များရရှိရေးအတွက် စက်ပစ္စည်းများ အရည်အသွေးမြှင့်တင်သွားရန် မှာကြားသည်။

ထို့နောက် သာခုကန်စက်မှုဇုန်ရှိ Shwe Me Group of Companies ၏ ပြောင်းသိုလှောင်ရုံ၌ ပြောင်းများသိုလှောင်ထားရှိမှုနှင့် ပြည်ပသို့ တင်ပို့ရန် ပြင်ဆင်ထားရှိမှုအားလည်းကောင်း၊ ရွှေပြည်သာမြို့နယ် ဝါးတစ်ရာစက်မှုဇုန်ရှိ Light House Enterprise Co., Ltd. ၏ Myanmar Standard Rubber – MSR–20 (Technically Specified Rubber – TSR–20) ထုတ်လုပ်နေမှုအဆင့်ဆင့်ကို လည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းဆိုင်ရာများ မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# သင်္ဂါယနာသမိုင်း

မောင်ပုည



❝ ဘုရားရှင်ဟောကြားတော်မူခဲ့သော ဓမ္မသည် လွန်စွာများပြားလှသဖြင့် တရားအစုအဖွဲ့အသေးများ စုဖွဲ့ခြင်း (ဓမ္မက္ခန္ဓာ ဖွဲ့ခြင်း)ဖြင့် ဓမ္မက္ခန္ဓာပေါင်း ၈၄၀၀၀ ရရှိခဲ့သည်။ ၎င်းတို့ကို ထပ်မံပြီး သဘောတရား တူရာအလိုက် အုပ်စုဖွဲ့လိုက်ရာ အုပ်စု သုံးစု ရရှိပြီး ပိဋကသုံးပုံဟု ခေါ်တွင်သည်။ ၎င်းပိဋကသုံးပုံအနက် ဝိနယပိဋကတွင် ဓမ္မက္ခန္ဓာ ၂၁၀၀၀၊ သုတ္တန္တပိဋကတွင် ဓမ္မက္ခန္ဓာ ၂၁၀၀၀၊ အဘိဓမ္မ ပိဋကတွင် ဓမ္မက္ခန္ဓာ ၄၂၀၀၀ ဟု သဘောတူခဲ့ကြပြီး ပိဋကသုံးပုံ စတင်သတ်မှတ် စီစဉ်တော်မူခဲ့ကြသည် ❞

**ပထမသင်္ဂါယနာသမိုင်း**

**ပရိနိဗ္ဗာန်စံတော်မူမည့်အကြောင်း မိန့်ကြားတော်မူခြင်း**

မြတ်စွာဘုရားရှင်သည် မဟာသက္ကရာဇ် ၁၀၃ ခုနှစ်၊ ကဆုန်လပြည့်နေ့တွင် သဗ္ဗညုဘုရားဖြစ်တော်မူပြီးနောက် ၄၅ ဝါကာလပတ်လုံး ကျွတ်ထိုက်သော လူ၊ နတ်၊ ဗြဟ္မာ၊ သတ္တဝါဝေနေယျတို့အား သစ္စာလေးပါးတရားကို လှည့်လည်ဟောကြားတော်မူခဲ့ကာ မဟာသက္ကရာဇ် ၁၄၈ ခုနှစ်၊ ကဆုန်လပြည့်၊ အင်္ဂါနေ့တွင် မလ္လတိုင်း၊ ကုသိနာရုံမြို့အနီး အင်ကြင်းဥယျာဉ်တော်တွင် ပရိနိဗ္ဗာန်ဝင်စံတော်မူလေသည်။

**ဘုရားရှင်နောက်ဆုံးဩဝါဒ မိန့်ကြားတော်မူခြင်း**

မြတ်စွာဘုရားရှင်သည် ပရိနိဗ္ဗာန်ဝင်စံတော်မမူမီ ရဟန်းသံဃာအား နောက်ဆုံးဩဝါဒ မိန့်ကြားတော်မူလေသည်။ အရှင်အာနန္ဒာမထေရ်အား “ချစ်သား အာနန္ဒာ... သင်ချစ်သားတို့၏ စိတ်သန္တာန်မှာ ‘တရားစကားတော်သည် ဟောကြားသော ဆရာဘုရားမှ ကင်းကွာခဲ့လေပြီ၊ ငါတို့၏ ဆရာဘုရားသည် မရှိတော့ပြီ’ဟု ဤသို့သော ထင်မှတ်မှု အားငယ်မှုဖြစ်သော်မူ ဖြစ်လေရာ၏။ ချစ်သားအာနန္ဒာ... ဤအရာကို ဤသို့မထင်မှတ်ထိုက်ပေ၊ ချစ်သား အာနန္ဒာ... ၄၅ ဝါကာလကြာအောင် ငါဘုရား ဟောကြားအပ်သော တရားတော်တို့သည် ငါဘုရား ကွယ်လွန်သောအခါ၌ သင်ချစ်သားတို့၏ ဆရာဘုရားပင်ဖြစ်ပေ၏”ဟုမိန့်ကြားတော်မူ၍ **“ဟန္ဒ ဒါနိ ဘိက္ခဝေ အာမန္တယာမိ ဝေါ၊ ဝယဓမ္မာ သင်္ခါရာ၊ အပ္ပမာဒေန သမ္ပာဒေထ”** “ပြုပြင်ပေးရသမျှ သင်္ခါရတရားတို့သည် ပျက်စီးခြင်းသဘော ရှိကြကုန်၏၊ မမေ့သောသတိတရားဖြင့် သင်ချစ်သားတို့သည် အားထုတ်ကြကုန်လော့” ဟု နောက်ဆုံးဩဝါဒကို ပေးတော်မူပြီး ပရိနိဗ္ဗာန်ဝင်စံတော်မူခဲ့လေသည်။

**သာသနာဖျက်မည့်သူ**

အရှင်မဟာကဿပသည် ပါဝါပြည်မှ ကုသိနာရုံပြည်သို့ ရဟန်း ငါးရာ ခြံရံ၍ ကြွလာတော်မူရာ လမ်းခရီး၌ မန္ဒာရဝနတ်ပန်းကြီးကို ထီးကဲ့သို့ ဆောင်းမိုး၍ ပါဝါပြည်သို့ လာနေသော တက္ကတွန်းတစ်ယောက်ကို မြင်သဖြင့် ဘုရားပရိနိဗ္ဗာန်စံလွန်တော်မူကြောင်း သိတော်မူသည်။ ထိုထဲတွင် အာတုမပြည်မှ လိုက်လာသော (တောထွက်) ရဟန်းကြီးသုဘဒ္ဒလည်း ပါလာသည်။ သုဘဒ္ဒသည် ငိုနေသော ရဟန်းတော်တို့အား “င့ါရှင်တို့... ငိုကြွေးဖို့မသင့်၊ တန်ကြလော့၊ မစိုးရိမ်မငိုကြွေးကြကုန်လင့်၊ ငါတို့သည် ရဟန်း ဂေါတမလက်မှ ကောင်းစွာလွတ်မြောက်ခဲ့ကြလေပြီ၊ ရဟန်းဂေါတမသည် သင်တို့အား ဤအရာသည် အပ်၏၊ ဤအရာသည် မအပ်ဟု ချုပ်ချယ်ခဲ့၏။ ယခုအခါ ငါတို့အလိုရှိရာ လုပ်ခွင့်ရပေပြီ”ဟု ပြောဆိုလေသည်။ ဘုရားပရိနိဗ္ဗာန်စံ၍ ခုနစ်ရက်မျှသာ ရှိသေးသောအချိန်တွင် မြတ်စွာဘုရားရှင်၏ အဆုံးအမတရားတော်များကို မျက်ကွယ်ပြု၍ သာသနာဖျက်မည့်သူ ပေါ်လာလေပြီ။

**အရှင်မဟာကဿပ၏ စိတ်အကြံ**

ဤသို့တောထွက်ရဟန်းကြီးသုဘဒ္ဒ၏စကားကိုကြားရသောအခါ အရှင်မဟာကဿပသည် “ယုတ်မာသောရဟန်းတို့သည် ဘုရားမရှိတော့ပြီ၊ ဘုရားလွန်ခဲ့လေပြီဟု မှတ်ထင်ကာ အသင်းအပင်းကိုရခဲ့လျှင် မကြာမြင့်မီ သူတော်ကောင်းတရားကွယ်ပျောက်ကုန်ရာ၏။ အကြင်မျှလောက်သော ကာလပတ်လုံး သုတ်၊ အဘိဓမ္မာ၊ ဝိနည်းသည် တည်၏။ ထိုမျှလောက်သော ကာလပတ်လုံး ဘုရားစကားတော်သည် မလွန်သေးပေ။ မြတ်စွာဘုရား ကိုယ်တော်တိုင် **“ယော ဝေါ အာနန္ဒ မယာ ဓမ္မော စ ဝိနယော စ ဒေသိတော ပညတ္တော၊ သော ဝေါ မမစ္စယေန သတ္ထာ”** “အာနန္ဒာ... ငါဘုရားသည် အကြင်သုတ်၊ အဘိဓမ္မာ၊ ဝိနည်းတော်တို့ကို ဟောလည်းဟောတော်မူအပ်ပြီ၊ ပညတ်လည်း ပညတ်တော်မူအပ်ပြီ၊ ထိုဓမ္မဝိနယသည် ငါဘုရား ပရိနိဗ္ဗာန်စံသောအခါ သင်တို့၏ ဆရာဖြစ်လိမ့်မည်”ဟု မိန့်တော်မူခဲ့သည်။ သို့ဖြစ်၍ “ငါတို့သည် ဓမ္မ၊ ဝိနယကို သင်္ဂါယနာတင်ရမူ ဤသာသနာတော်သည် အရှည်ခန့်၍တည်တံ့ရာ၏”ဟု စိတ်အကြံဖြစ်တော်မူသည်။

**အရှင်မဟာကဿပ မိန့်ခွန်း**

ဘုရားရှင် ပရိနိဗ္ဗာန်စံလွန်တော်မူသဖြင့် ကုသိနာရုံမြို့တွင် အရှင်မဟာကဿပသည် သံဃာတော် ခုနစ်သိန်းတို့ကို စည်းဝေးစေလျက် အောက်ပါမိန့်ခွန်းစကားတော်ကို မြွက်ကြားတော်မူသည်။ အကြင်မျှလောက် ကာလပတ်လုံး မြတ်စွာဘုရား ဟောကြားတော်မူအပ်သော ဓမ္မဝိနယ တည်ရှိ၏။ ထိုမျှလောက်သော ကာလပတ်လုံး ဘုရားစကားတော်လွန်ပြီဟု မဆိုနိုင်ပါ။ ဘုရားရှင်ကိုယ်တော်တိုင်က “င့ါရှင်တို့... မသူတော်တို့တရား မပြန့်ပွား မထွန်းကားမီ၊ သူတော်ကောင်းတို့တရား တားမြစ်ပိတ်ပင်ခံရခြင်း မဖြစ်မီ၊ ဝိနည်းမဟုတ်သော အဝိနယဓမ္မ မပြန့်ပွားမီ၊ ဝိနည်းတရား တားမြစ်ခြင်းမခံရမီ၊ အဓမ္မဝါဒီတို့ အားမကြီးမီ၊ ဓမ္မဝါဒီလဇ္ဇီ သူတော်ကောင်းတို့ အားမနည်းမီ၊ အဝိနယဝါဒီတို့ အားမကြီးမီ၊ ဝိနယဝါဒီတို့ အားမနည်းမီ သုတ်၊ ဝိနည်း၊ အဘိဓမ္မာတို့ကို သင်္ဂါယနာတင်ကြပါကုန်အံ့”ဟု မိန့်တော်မူသည်။

**ရာဇဂြိုဟ်ပြည်မှာ စုံညီစွာ**

ထို့နောက် အရှင်မဟာကဿပသည် ပိဋကတ်သုံးပုံကို ဆောင်စွမ်းနိုင်သော ပဋိသမ္ဘိဒါပတ္တဖြစ်၍ တေဒဂ်ဘွဲ့ထူးရ ရဟန္တာအရှင်မြတ် ၅၀၀ တို့ကို ရွေးကောက်တော်မူသည်။ ရာဇဂြိုဟ်ပြည်သည် ကျယ်ဝန်းသော ဆွမ်းခံရာအရပ်ရှိပြီး နေထိုင်ရန် ကျောင်းများလည်း များသည်။ ဤအချက်များနှင့် ပြည့်စုံ၍ ရာဇဂြိုဟ်ပြည်ကို သင်္ဂါယနာတင်ရန် ရွေးချယ်တော်မူကြသည်။ မထေရ်မြတ်တို့သည် ပထမလပတ်လုံး ပျက်စီးနေသောကျောင်းများကို ပြုပြင်ကြမည်။ ဒုတိယလပတ်လုံး သင်္ဂါယနာတင်ကြမည်ဟု တိုင်ပင်ဆုံးဖြတ်တော်မူကြသည်။

မထေရ်မြတ်တို့က သင်္ဂါယနာတင်ရန် မိန့်ကြားသောအခါ အဇာတသတ်မင်းက “အရှင်ဘုရားတို့... ကောင်းပါပြီ၊ သင်္ဂါယနာတင်တော်မူကြပါ၊ ဒကာတော်၏ အာဏာစက်သည်ဖြစ်ပါစေ၊ အရှင်ဘုရားတို့၏ ဓမ္မစက်သည်ဖြစ်ပါစေ အရှင်မြတ်တို့ဘုရား... စေခိုင်းတော်မူကြပါ” ဟု လျှောက်ထားလေသည်။ သာသနာပြုရာ၌ အာဏာစက်၊ ဓမ္မစက်စုံမှသာ သန့်ရှင်းသော သာသနာဖြစ်နိုင်သည်ကို သတိပြုသင့်သည်။

**ပထမသင်္ဂါယနာတင် ဓမ္မသဘင်**

မဟာသက္ကရာဇ် ၁၄၈ ခု၊ ဝါခေါင်လပြည့်ကျော် ၅ ရက်နေ့တွင် သင်္ဂါယနာတင်မည့် မထေရ်မြတ်များ ဓမ္မာရုံ၌ စုံညီစွာကြွရောက်တော်မူကြသည်။ အရှင်မဟာကဿပသည် ဓမ္မာရုံအလယ်၌ရှိသော ဓမ္မာသနပလ္လင်သို့ တက်ရောက်တော်မူပြီး ဆင်စွယ်ယပ်ကို ကိုင်တော်မူ၍ သီတင်းသုံးတော်မူပြီး ရဟန်းတော်တို့ကို “င့ါရှင်တို့...အဘယ်ကို ရှေးဦးစွာ သင်္ဂါယနာတင်ကြမည်နည်း၊ ဓမ္မကို ရှေးဦးစွာ သင်္ဂါယနာတင်မည်လော၊ ဝိနည်းကို ရှေးဦးစွာ သင်္ဂါယနာတင်မည်လော”ဟု မေးတော်မူသည်။ သံဃာတော်များက “အရှင်ဘုရား မဟာကဿပ... ဝိနည်းသည် ဗုဒ္ဓသာသနာတော်၏ အသက်ဖြစ်ပါသည်။ ဝိနည်းတည်လျှင် သာသနာတည်ပါသည်။ ထို့ကြောင့် ဝိနည်းကို ရှေးဦးစွာ သင်္ဂါယနာ တင်ကြပါကုန်စို့”ဟု လျှောက်ထားကြလေသည်။ ဤသို့လျှင် ဝိနည်းတရားတော်မှစ၍ သင်္ဂါယနာတင်တော်မူကြရာ ဝါခေါင်လမှသည် တပို့တွဲလအထိ **ခုနစ်လ**ကြာမှ ပြီးဆုံးလေတော့သည်။ သင်္ဂါယနာတင်ပြီးသော ပါဠိတော်များကို သက်ဆိုင်ရာ အရှင်မြတ်များက တာဝန်အသီးသီးခွဲဝေကာ အာဂုံဆောင်ကြရသည်။

ထို့ပြင် **(၁) မြတ်ဗုဒ္ဓ ပညတ်တော်မမူခဲ့သည်တို့ကို ထပ်မံပညတ်ခြင်း မပြုရန်၊ (၂) ပညတ်တော်မူပြီးသော သိက္ခာပုဒ်များကို ပယ်နုတ်ခြင်း မပြုရန်၊ (၃)ပညတ်တော်မူခဲ့သည့်အတိုင်း ကျင့်သုံးနေထိုင်ရန်** ဟူသော မူဝါဒသုံးရပ်ချမှတ်ကာ မူရင်းအတိုင်း သံဃာတော်များမှ ထိန်းသိမ်းစောင့်ရှောက်ကြပါစို့ဟု သဘောတူညီမှု ယူခဲ့ကြသည်။

*စာမျက်နှာ ၇ သို့*

**❑ အရှင်မဟာကဿပသည် ဓမ္မာရုံအလယ်၌ရှိသော ဓမ္မာသနပလ္လင်သို့ တက်ရောက်တော်မူပြီး ဆင်စွယ်ယပ်ကို ကိုင်တော်မူ၍ သီတင်းသုံးတော်မူပြီး ရဟန်းတော်တို့ကို “င့ါရှင်တို့...အဘယ်ကို ရှေးဦးစွာ သင်္ဂါယနာတင်ကြမည်နည်း၊ ဓမ္မကို ရှေးဦးစွာ သင်္ဂါယနာတင်မည်လော၊ ဝိနည်းကို ရှေးဦးစွာ သင်္ဂါယနာတင်မည်လော”ဟု မေးတော်မူသည်။ သံဃာတော်များက “အရှင်ဘုရား မဟာကဿပ... ဝိနည်းသည် ဗုဒ္ဓသာသနာတော်၏ အသက်ဖြစ်ပါသည်။ ဝိနည်းတည်လျှင် သာသနာတည်ပါသည်။ ထို့ကြောင့် ဝိနည်းကို ရှေးဦးစွာ သင်္ဂါယနာ တင်ကြပါကုန်စို့”ဟု လျှောက်ထားကြလေသည်။ ဤသို့လျှင် ဝိနည်းတရားတော်မှစ၍ သင်္ဂါယနာတင်တော်မူကြရာ ဝါခေါင်လမှသည် တပို့တွဲလအထိ ခုနစ်လကြာမှ ပြီးဆုံးလေတော့သည်။ သင်္ဂါယနာတင်ပြီးသော ပါဠိတော်များကို သက်ဆိုင်ရာ အရှင်မြတ်များက တာဝန်အသီးသီးခွဲဝေကာ အာဂုံဆောင်ကြရသည် . . . .**

◆ **အရှင်ယသအမှူးပြုသော ရဟန္တာအရှင်မြတ်များသည် (၁) မြတ်ဗုဒ္ဓ ပညတ်တော်မမူခဲ့သည်တို့ကို ထပ်မံပညတ်ခြင်းမပြုရန်၊ (၂) ပညတ်တော်မူပြီးသော သိက္ခာပုဒ်များကို ပယ်နုတ်ခြင်းမပြုရန်၊ (၃) ပညတ်တော်မူခဲ့သည့်အတိုင်း ကျင့်သုံးနေထိုင်ရန်ဟူသော ပထမသင်္ဂါယနာတင် မထေရ်မြတ်တို့၏ မူဝါဒသုံးရပ်အတိုင်း ဒုတိယသင်္ဂါယနာတင်တော်မူခဲ့ပြီး ဓမ္မစက်၊ အာဏာစက်ဖြင့် ဝဇ္ဇီတိုင်းသား ရဟန်းများကို နှင်ထုတ်နိုင်ခဲ့သည်။ ဝဇ္ဇီတိုင်းသား ရဟန်းတို့သည် မိမိတို့နှင့် သဘောတူသော အသင်းအပင်းကို စုပေါင်း၍ ကောသမ္ဗီပြည်၌ ပထမသင်္ဂါယနာတင်၍ အတည်ပြုထားသော ဘုရားဟော ပါဠိတော်တို့ကို သူတို့အလိုကျပြုပြင်၍ စင်ပြိုင် သင်္ဂါယနာတင်ခြင်းဖြစ်သည်။ သံဃာ ၁၀၀၀၀ (တစ်သောင်း)ဖြင့် သင်္ဂါယနာတင်သဖြင့် "မဟာသင်္ဂီတိသင်္ဂါယနာ"ဟု အမည်ကိုခံယူကြ၍ မဟာသံဃိကဂိုဏ်းဟူ၍လည်းကောင်း၊ မဟာသင်္ဂီတိဂိုဏ်းဟူ၍လည်းကောင်း ခေါ်ဆိုကြသည်။ ပထမသင်္ဂါယနာတင် သံဃာတော်များ အဆက်အနွယ်ကို ထေရဝါဒဂိုဏ်း ဟုခေါ်သည်။ ဒုတိယသင်္ဂါယနာတင်သောအခါ ထေရဝါဒမှခွဲထွက်၍ မဟာသံဃိကဂိုဏ်း (မဟာသင်္ဂီတိ) ဂိုဏ်းဟု ကွဲပြားလာသည်။ ထေရဝါဒဂိုဏ်း၊ မဟာသံဃိကဂိုဏ်း (မဟာသင်္ဂီတိဂိုဏ်း)ဟု ဂိုဏ်းကြီး နှစ်ဂိုဏ်းဖြစ်လာသည်**

*စာမျက်နှာ ၆ မှ*

**ပိဋကသုံးပုံနှင့် သာသနာတော်နှစ်သတ်မှတ်ခြင်း**

ဘုရားရှင်ဟောကြားတော်မူခဲ့သော ဓမ္မသည် လွန်စွာများပြားလှသဖြင့် တရားအစုအဖွဲ့အသေးများ စုဖွဲ့ခြင်း (ဓမ္မက္ခန္ဓာဖွဲ့ခြင်း)ဖြင့် ဓမ္မက္ခန္ဓာပေါင်း ၈၄၀၀၀ ရရှိခဲ့သည်။ ၎င်းတို့ကို ထပ်မံပြီး သဘောတရား တူရာအလိုက် အုပ်စုဖွဲ့လိုက်ရာ အုပ်စု သုံးစုရရှိပြီး ပိဋကသုံးပုံဟု ခေါ်တွင်သည်။ ၎င်းပိဋကသုံးပုံအနက် ဝိနယပိဋကတွင် ဓမ္မက္ခန္ဓာ ၂၁၀၀၀၊ သုတ္တန္တပိဋကတွင် ဓမ္မက္ခန္ဓာ ၂၁၀၀၀၊ အဘိဓမ္မ ပိဋကတွင် ဓမ္မက္ခန္ဓာ ၄၂၀၀၀ ဟု သဘောတူခဲ့ကြပြီး ပိဋကသုံးပုံ စတင်သတ်မှတ်စီစဉ်တော်မူခဲ့ကြသည်။

မဟာသက္ကရာဇ် ၁၄၈ ခုနှစ်တွင် မြတ်စွာဘုရား ပရိနိဗ္ဗာန်စံသောအခါ အဇာတသတ်မင်း နန်းစံနှစ် ရှစ်နှစ်ရှိလေပြီ။ အဇာတသတ်မင်းသည် ဘုရားပရိနိဗ္ဗာန်စံတော်မူသော မဟာသက္ကရာဇ် ၁၄၈ ကို ချေပြီးလျှင် မြတ်စွာဘုရားရှင် ပရိနိဗ္ဗာန်စံတော်မူသော ကဆုန်လပြည့်နေ့ကို အစထား၍ သာသနာတော်နှစ် တစ်နှစ်ဟု သတ်မှတ်ခဲ့လေသည်။

**ဒုတိယသင်္ဂါယနာသမိုင်း**

လောက၌ အကောင်းဆုံးဟု သတ်မှတ်ထားသော ပစ္စည်း၊ ဝတ္ထုများသည် ရှိရှိသေသေသုံးစွဲ၍ ပြုပြင်ပေးသူရှိမှသာ အကောင်းပကတိ ရပ်တည်နိုင်သည်။ ပြုပြင်သူ၊ စောင့်ရှောက်သူ ကင်းမဲ့လာသောအခါ ပျက်စီးရသည်။ အရှင်မဟာကဿပစသော မထေရ်မြတ်များဦးဆောင်၍ ပထမသင်္ဂါယနာ တင်ခဲ့သဖြင့် သာသနာတော်သည် သန့်ရှင်းသော သာသနာတော် ဖြစ်လာသည်။

**ဝဇ္ဇီတိုင်းသား ရဟန်းများ၏ အယူအဆအသစ်**

မြတ်စွာဘုရားရှင် ပရိနိဗ္ဗာန်စံတော်မူချိန်မှစ၍ သာသနာတော်နှစ် ၁၀၀ ခန့်ကြာသောအခါ သာသနာတော်ညစ်နွမ်းမှေးမှိန်ရန် အကြောင်းပေါ်လာပါတော့သည်။ ဝေသာလီပြည်၌ နေကြကုန်သော ဝဇ္ဇီတိုင်းသား ရဟန်းများသည် ဝိနည်းဒေသနာတော်နှင့် ဆန့်ကျင်သော ထိုအဓမ္မဝတ္ထု၁၀ ပါးကိုပြောဟောပြီး ကျင့်သုံးနေကြသည်။ ကာလာသောကမင်းသည် ထိုရဟန်းများ၏ အသင်းအပင်းဘက်တော်သား ဖြစ်သည်။

**အရှင်ယသမထေရ် ဝေသာလီပြည်သို့ ကြွတော်မူခြင်း**

ထိုအခါ၌ အရှင်ယသသည် ဝဇ္ဇီတိုင်းသို့ ဒေသစာရီ လှည့်လည်တော်မူသည်။ ဝေသာလီပြည်၌ ဝဇ္ဇီတိုင်းသားရဟန်းများ (ဒေဝဒတ်၏တပည့်များ) သည် အဓမ္မဝတ္ထု၁၀ ပါးကို ဟောပြောပြီး ကျင့်သုံးနေထိုင်ကြသည်ဟု သတင်းစကားကို ကြားရသောအခါ အရှင်ယသသည် 'ငါသည် မြတ်စွာဘုရား၏ သာသနာတော်ပျက်စီးခြင်းကို ကြားရပါလျက် ကြောင့်ကြမဲ့နေခြင်းငှာ မသင့်ပေ။ ငါသည် ယခုပင်သွား၍ အဓမ္မဝါဒီ အလဇ္ဇီတို့ကို နှိမ်နင်းပြီး ဝိနယဓမ္မကို ပြပေအံ့'ဟု ကြံလျက် ဝေသာလီပြည်သို့ ကြွလေသည်။ ဝဇ္ဇီတိုင်းသားရဟန်းတို့သည် ဥပုသ်နေ့၌ ကြေးဖလားကို ရေအပြည့်ထည့်၍ ရဟန်းတို့အလယ်၌ ထားပြီးလျှင် "ဒါယကာတို့၊ သံဃာတော်အား သင်္ကန်း၊ သပိတ်စသော ပရိက္ခရာ လိုအပ်သောအခါ အသုံးပြုရန် တစ်ကျပ်ဖြစ်စေ၊ ငါးမူးဖြစ်စေ၊ တစ်မတ်ဖြစ်စေ၊ တစ်ပဲဖြစ်စေ ပေးလှူကြပါ"ဟု ပြောဆိုကာ အလှူခံလေသည်။

ထိုသို့ ငွေအလှူခံသည်ကို အရှင်ယသမထေရ်မြင်တော်မူ၍ "ဒါယကာတို့ မပေးလှူကြနှင့် ရွှေငွေသည် ရဟန်းများအား မအပ်၊ ရဟန်းသည် ရွှေငွေကို မသာယာကောင်း၊ အလှူမခံကောင်း"ဟု တားမြစ်တော်မူသည်။ အလှူခံရသော အနာမာသဝတ္ထုတို့ကို နောက်တစ်နေ့၌ ရဟန်းများအား ဝေပုံကျ ခွဲဝေ၍ပေးသည်။ အရှင်ယသအတွက် ဝေပုံကျပေးရာ အရှင်ယသက "ငါ့ရှင်တို့... ငါ့အတွက် ငွေဖြင့် အစုအဖို့ မရှိပါ။ ငါသည် ငွေကို မသာယာပါ" ဟု မိန့်တော်မူပြီး လက်မခံ။

**အရှင်ယသကို ပဋိသာရဏီယကံ၊ ဥက္ခေပနီယကံတို့ပြုကြခြင်း**

ဝေသာလီပြည်သား ဝဇ္ဇီတိုင်းသားရဟန်းတို့သည် စည်းဝေးကြပြီးလျှင် "ငါ့ရှင်တို့... အရှင်ယသသည် သဒ္ဓါတရားနှင့်ပြည့်စုံသော ဒါယကာများကို ဆဲရေး ရေရွတ်သည်။ မကြည်ညိုအောင် ပြုလုပ်သည်။ ယခု အရှင်ယသကို ပဋိသာရဏီယကံ ပြုကြကုန်အံ့"ဟု ပြောဆိုတိုင်ပင်ပြီး ပဋိသာရဏီယကံ ပြုကြသည်။

အရှင်ယသက ဒါယကာများအား ဓမ္မဝိနယကို ရှင်းလင်း ပြောကြားသဖြင့် ဝဇ္ဇီတိုင်းသား ရဟန်းတို့သည် "အရှင်ယသသည် သံဃာက မသမုတ်ဘဲ၊ သံဃာ၏အပြစ်ကို ပြောသည်။ အရှင်ယသကို ဥက္ခေပနီယကံ ပြုကြစို့"ဟု ပြောဆို စီစဉ်နေကြစဉ် အရှင်ယသသည် ကောင်းကင်သို့ ပျံတက်၍ ကောသမ္ဗီပြည်သို့ ကြွတော်မူသည်။

ထို့နောက် အရှင်ယသသည် ပါဝါပြည်နှင့် အဝန္တိဒက္ခိဏာပထတိုင်းတို့၌ သီတင်းသုံးတော်မူကြသော သံဃာများထံ တမန်စေလွှတ်၍ **"အရှင်ဘုရားတို့ ကြွလာတော်မူကြပါ၊ အဓိကရဏ်းကို ငြိမ်းအေးအောင် ဆောင်ရွက်တော်မူကြပါ၊ အရှင်ဘုရားတို့... ယခု တပည့်တော်တို့သည် မသူတော်တရား မထွန်းကားမီ၊ သူတော်ကောင်းတရား မကွယ်ပမီ၊ ဝိနည်းမဟုတ်သောတရား မထွန်းကားမီ၊ ဝိနည်းတရား မကွယ်ပမီ၊ အဓမ္မဝါဒီပုဂ္ဂိုလ်တို့ အားမရှိကုန်မီ၊ ဓမ္မဝါဒီပုဂ္ဂိုလ်တို့ အားမနည်းကုန်မီ၊ အဝိနယဝါဒီပုဂ္ဂိုလ်တို့ အားမရှိကုန်မီ၊ ဝိနယဝါဒီပုဂ္ဂိုလ်တို့ အားမနည်းကုန်မီ ဤအဓိကရဏ်းကို ဖြေရှင်းကြပါကုန်စို့"**စသည့် တိုက်တွန်းချက်များနှင့်အတူ အဓိကရဏ်းဖြစ်ပုံအလုံးစုံကို လျှောက်ထားစေသည်။

အဓိကရဏ်းဖြစ်ပုံသတင်းကို ကြားရသဖြင့် ပါဝေယျကတိုင်းသား ၆၀ တင်ဆောင် ရဟန္တာခြောက်ကျိပ်၊ အဝန္တိဒက္ခိဏာပထတိုင်းသား ရဟန္တာ ရှစ်ကျိပ်ရှစ်ပါးတို့ ကြွရောက်၍ စုဝေးမိသောအခါ "ဤအဓိကရဏ်းသည် အလွန်ခက်ထန် ရဲရင့်လှသည်။ မိမိတို့ဘက်က အားရှိအောင် အဘယ်ပုဂ္ဂိုလ်ကို ရှာကြဦးမည်နည်း"ဟု တိုင်ပင်တော်မူကြသည်။ ပိဋကသုံးပုံ နှုတ်ငုံဆောင် ရဟန္တာ အရှင်ရေဝတမထေရ်ကို ပင့်ရန် သဘောတူတော်မူကြသည်။ သောရေယျမြို့၌ အရှင်ရေဝတသည် သံဃာတော်များ တိုင်ပင်ပြောဆိုသံကို ဒိဗ္ဗသောတအဘိညာဉ်ဖြင့် ကြားတော်မူသဖြင့် ရဟန္တာအများ ဆုံမိလောက်ရာ သဟဇာတိမြို့တိုင်အောင် ကြွတော်မူသည်။ အရှင်ယသတို့လည်း သဟဇာတိမြို့သို့ ရောက်လာကြ၍ အရှင်ရေဝတအား ဝဇ္ဇီတိုင်းသား ရဟန်းများ၏ အဓမ္မဝတ္ထု ၁၀ ပါး အကြောင်းကို လျှောက်ထားရာ အရှင်မြတ်က ဝိနည်းတော်နှင့် မညီကြောင်း မိန့်ကြားတော်မူသည်။ အရှင်ယသက ထိုအဓိကရဏ်းကို ငြိမ်းအောင် ဆောင်ရွက်ကြပါစို့ဟု လျှောက်ထားရာ အရှင်ရေဝတက သဘောတူတော်မူသဖြင့် အဓိကရဏ်းစ၍ ဖြစ်ရာဌာန၌ ဆုံးဖြတ်မှသာ ဤအဓိကရဏ်း ငြိမ်းပြတ်မည်ဟု တိုင်ပင်၍ ဝေသာလီပြည်သို့ ကြွတော်မူကြသည်။

**အရှင်သဗ္ဗကာမိမဟာထေရ်ထံသို့**

ထိုအချိန်က ဝေသာလီပြည်၌ အရှင်အာနန္ဒာ၏ အတူနေတပည့် ဘုရားရှင်ကို ဖူးတွေ့လိုက်ရသော ဝါတော် ၁၂၀ ရှိသော သံဃာ့ဦးစီး အရှင်သဗ္ဗကာမိ မဟာထေရ်ကြီး သီတင်းသုံးတော်မူသည်။ အရှင်ရေဝတ၊ အရှင်သမ္ဘူတထေရ်တို့သည် အရှင်သဗ္ဗကာမိ မဟာထေရ်ကြီးထံ ကြွရောက်၍ ဝဇ္ဇီတိုင်းသားရဟန်းများ၏ အဓမ္မဝတ္ထု ၁၀ ပါး ဟောပြောကျင့်သုံးပုံ အလုံးစုံကို လျှောက်ထားကြသည်။ အရှင်သဗ္ဗကာမိ မဟာထေရ်က ဝဇ္ဇီတိုင်းသား ရဟန်းတို့ဝါဒသည် ဝိနည်းနှင့်ဆန့်ကျင်သော အဓမ္မဝါဒသာဖြစ်ကြောင်း မိန့်တော်မူသည်။ ထို့နောက် အဓိကရဏ်းဆုံးဖြတ်ရန်အတွက် ရဟန္တာမထေရ် ရှစ်ပါးတို့ကို ရွေးချယ်တော်မူကြသည်။ ထိုအရှင်မြတ်တို့သည် ဗုဒ္ဓမြတ်စွာကို မီလိုက်၊ ဖူးတွေ့လိုက်ကြရသော အရှင်မြတ်များဖြစ်သည်။

ဤသို့အားဖြင့် အရှင်ရေဝတသည် ဝဇ္ဇီတိုင်းသားတို့၏ အယူအဆ ၁၀ မျိုးကို တစ်ခုချင်းမေးလျှောက်ရာ အရှင်သဗ္ဗကာမိမထေရ်က တစ်ခုချင်း ဖြေရှင်းတော်မူ၍ သံဃာတော်အရှင်မြတ်များက အဓမ္မဝတ္ထု၊ အဝိနယသာဖြစ်ကြောင်း ဆုံးဖြတ်တော်မူကြသည်။ ဤသို့ ဝဇ္ဇီတိုင်းသား ရဟန်းများ၏ အဓိကရဏ်းကို ဆုံးဖြတ်တော်မူကြပြီး ဓမ္မဝိနယဒေသနာတော်ကို သင်္ဂါယနာတင်ရန်အတွက် တိပိဋကရေပဋိသမ္ဘိဒါပတ္တရဟန္တာအရှင်မြတ် ၇၀၀ ကို ရွေးချယ်တော်မူကြသည်။

**ဒုတိယသင်္ဂါယနာတင်ချိန်**

ရဟန္တာအရှင်မြတ် ၇၀၀ တို့သည် ဝေသာလီပြည် ဝါလိကာရုံကျောင်း၌ သာသနာတော် နှစ် ၁၀၀ ပြည့် ကဆုန်လပြည့်နေ့မှစ၍ နတ်တော်လတိုင်အောင် ရှစ်လပတ်လုံး အရှင်ယသထေရ် အမှူးပြု၍ ဓမ္မဝိနယတို့ကို သင်္ဂါယနာတင်တော်မူကြသည်။ သင်္ဂါယနာတင်ရာ၌ သာသနာ့ ဒါယကာမှာ ကာလာသောကမင်းဖြစ်သည်။ ကာလာသောကမင်းသည် မူလက အဓမ္မဝါဒီတို့ကို ကြည်ညိုကိုးကွယ်သော်လည်း နောက်တွင် ဓမ္မဝါဒီ ရဟန်းတော်တို့ကို ကြည်ညိုကာ ဒုတိယသင်္ဂါယနာ၏ ဒါယကာဖြစ်လာခြင်းဖြစ်သည်။

**စင်ပြိုင်သင်္ဂါယနာ**

အရှင်ယသအမှူးပြုသော ရဟန္တာအရှင်မြတ်များသည် **(၁) မြတ်ဗုဒ္ဓ ပညတ်တော်မမူခဲ့သည်တို့ကို ထပ်မံပညတ်ခြင်း မပြုရန်၊ (၂) ပညတ်တော်မူပြီးသော သိက္ခာပုဒ်များကို ပယ်နုတ်ခြင်းမပြုရန်၊ (၃) ပညတ်တော်မူခဲ့သည့်အတိုင်း ကျင့်သုံးနေထိုင်ရန်** ဟူသော ပထမသင်္ဂါယနာတင်မထေရ်မြတ်တို့၏မူဝါဒသုံးရပ်အတိုင်း ဒုတိယသင်္ဂါယနာတင်တော်မူခဲ့ပြီး ဓမ္မစက်၊ အာဏာစက်ဖြင့် ဝဇ္ဇီတိုင်းသား ရဟန်းများကို နှင်ထုတ်နိုင်ခဲ့သည်။ ဝဇ္ဇီတိုင်းသား ရဟန်းတို့သည် မိမိတို့နှင့် သဘောတူသော အသင်းအပင်းကို စုပေါင်း၍ ကောသမ္ဗီပြည်၌ ပထမသင်္ဂါယနာတင်၍ အတည်ပြုထားသော ဘုရားဟော ပါဠိတော်တို့ကို သူတို့အလိုကျ ပြုပြင်၍ စင်ပြိုင်သင်္ဂါယနာတင်ခြင်းဖြစ်သည်။ သံဃာ ၁၀၀၀၀ (တစ်သောင်း)ဖြင့် သင်္ဂါယနာတင်သဖြင့် "မဟာသင်္ဂီတိသင်္ဂါယနာ"ဟု အမည်ကိုခံယူကြ၍ မဟာသံဃိကဂိုဏ်းဟူ၍ လည်းကောင်း၊ မဟာသင်္ဂီတိဂိုဏ်းဟူ၍လည်းကောင်း ခေါ်ဆိုကြသည်။ ပထမသင်္ဂါယနာတင် သံဃာတော်များ အဆက်အနွယ်ကို ထေရဝါဒဂိုဏ်း ဟုခေါ်သည်။ ဒုတိယသင်္ဂါယနာတင်သောအခါ ထေရဝါဒမှခွဲထွက်၍ မဟာသံဃိကဂိုဏ်း (မဟာသင်္ဂီတိ) ဂိုဏ်းဟု ကွဲပြားလာသည်။ ထေရဝါဒဂိုဏ်း၊ မဟာသံဃိကဂိုဏ်း (မဟာသင်္ဂီတိဂိုဏ်း)ဟု ဂိုဏ်းကြီး နှစ်ဂိုဏ်း ဖြစ်လာသည်။

## ဝမ်းတွင်းမြို့နယ်၌ ရက်(၁၀၀)စီမံချက်ဖြင့် ရပ်ကွက်ကျေးရွာများအရောက် နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းဆောင်ရွက်



**ဝမ်းတွင်း မေ ၂၅**

ဝမ်းတွင်းမြို့နယ်၌ အစိုးရသစ်၏ ရက်(၁၀၀)စီမံချက်ဖြင့် ရပ်ကွက်ကျေးရွာများအရောက် နိုင်ငံသားစိစစ်ရေးကတ်များကို ယနေ့နံနက်ပိုင်းက ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိသည်။

လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ဝမ်းတွင်းမြို့နယ်ဦးစီးမှူးရုံးမှ မြို့နယ်ဦးစီးမှူး၏ ကြီးကြပ်မှုဖြင့် ဝန်ထမ်းများက အစိုးရသစ်၏ ရက်(၁၀၀)စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ် မရှိသူများအား ရပ်ကွက်ကျေးရွာများသို့ ကွင်းဆင်း၍ ဆောင်ရွက်ပေးလျက်ရှိသည်။ ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာမှ ဝမ်းတွင်း အမှတ်(၁)ရပ်ကွက်၊ သဲတောအမှတ်(၂)ရပ်ကွက်နှင့် အမှတ်(၃)ရပ်ကွက်၊ ဘုရားစုကျေးရွာအုပ်စု၊ ဂုဏ်ရွာကျေးရွာအုပ်စုများသို့ ကွင်းဆင်း၍ နိုင်ငံသားစိစစ်ရေးကတ်မရှိသူများအား ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း မြန်မာ့ဆေးဝါးလုပ်ငန်းအနေဖြင့် ပေးအပ်သည့် လုပ်ငန်းတာဝန်များကို အောင်မြင်အောင် ကြိုးစားဆောင်ရွက်ကြရန် မှာကြား

**နေပြည်တော် မေ ၂၅**

စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီး ဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းသည် ဒုတိယဝန်ကြီး ဦးသွင်အောင်နှင့်အတူ ယနေ့ နံနက်ပိုင်းတွင် ရုံးအမှတ်(၃၇)၌ မြန်မာ့ဆေးဝါးလုပ်ငန်း ရုံးချုပ်မှ တာဝန်ရှိသူများနှင့်တွေ့ဆုံသည်။



တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက မြန်မာ့ဆေးဝါးလုပ်ငန်းအနေဖြင့် ပြည်သူများအတွက် လိုအပ်သော အခြေခံဆေးဝါးများကို နိုင်ငံတကာ အသိအမှတ်ပြု စံချိန်စံညွှန်းများနှင့်အညီ အရည်အသွေးပြည့်မီစွာ ထုတ်လုပ်နိုင်ရေး စီမံဆောင်ရွက်လျက်ရှိကြောင်း၊ လုပ်ငန်းတာဝန်များ ဆောင်ရွက်ရာတွင် နိုင်ငံတော်မှ ချမှတ်ထားသည့် မူဝါဒ၊ အမိန့်၊ ညွှန်ကြားချက်များ၊ သတ်မှတ်ထားသည့် လုပ်ထုံးလုပ်နည်းများနှင့်အညီ လိုက်နာအကောင်အထည်ဖော် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ မြန်မာ့ဆေးဝါးလုပ်ငန်းရုံးချုပ်၏ ရုံးလုပ်ငန်းတာဝန်များ၊ ကုန်ကြမ်းနှင့် စက်အရန်ပစ္စည်းဝယ်ယူရေးကိစ္စရပ်များ၊ စက်ရုံများ၏ အုပ်ချုပ်မှုဆိုင်ရာ ကိစ္စရပ်များ၊ ကုန်ထုတ်မှုဆိုင်ရာကိစ္စရပ်များ၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များကို စနစ်များတည်ဆောက်၍အောင်မြင်အောင်အကောင်အထည်ဖော် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ မြန်မာ့ဆေးဝါးလုပ်ငန်းအနေဖြင့် ယခုဘဏ္ဍာရေးနှစ်တွင် ကုန်ထုတ်လုပ်မှုဆောင်ရွက်နိုင်ရေးအတွက် ကုန်ကြမ်းများ ဝယ်ယူမည့်အစီအစဉ်၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်မည့်အစီအစဉ်တို့ကို စနစ်တကျရေးဆွဲ၍ တာဝန်ခံဆောင်ရွက်မည့်သူကိုလည်း သတ်မှတ်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း မှာကြားသည်။

ထို့နောက် မြန်မာ့ဆေးဝါးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးက မြန်မာ့ဆေးဝါးလုပ်ငန်း၏ လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်ခဲ့မှု၊ ယခုဘဏ္ဍာရေးနှစ်တွင် ပြည်သူများ လိုအပ်သည့် အခြေခံဆေးဝါးများထုတ်လုပ်နိုင်ရေးအတွက် စီမံဆောင်ရွက်ထားရှိမှု၊ ဆေးဝါးအမယ်သစ်များ ထုတ်လုပ်နိုင်ရေးအတွက် သုတေသနလုပ်ငန်းများ ဆောင်ရွက်မည့်အခြေအနေ၊ အစိုးရသစ်၏ ရက်(၁၀၀)ကာလအတွင်း လုပ်ငန်းများအောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်မည့်အခြေအနေ၊ နိုင်ငံတော်သမ္မတ၏ လမ်းညွှန်ချက်များအပေါ် လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်မည့်အခြေအနေကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယဝန်ကြီးက မြန်မာ့ဆေးဝါးလုပ်ငန်း၏ ပြန်လည်ဖွဲ့စည်းမှုကို အချိန်မီတင်ပြဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ လမ်းညွှန်ချက်များနှင့် စပ်လျဉ်း၍ အချိန်ဇယားများ ရေးဆွဲပြီး လိုက်နာအကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုအပေါ် ပြည်ထောင်စုဝန်ကြီးက မြန်မာ့ဆေးဝါးလုပ်ငန်းအနေဖြင့် လုပ်ငန်းတာဝန်များကို စီမံဆောင်ရွက်ရာတွင် အရည်အသွေးစီမံခန့်ခွဲမှုစနစ်တွင်ပါရှိသည့် လုပ်ငန်းလမ်းညွှန်ချက်များနှင့်အညီ လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ယခင် ဝယ်ယူရေးဆောင်ရွက်ခဲ့သည့် လုပ်ငန်းစဉ်များ၊ အချက်အလက်များကို ပြန်လည်သုံးသပ်စိစစ်၍ အားနည်းချက်များ လျော့နည်းပပျောက်အောင် စီမံဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ပစ္စည်းဝယ်ရေးလုပ်ငန်းစဉ်များ ဆောင်ရွက်ရာတွင် ဈေးနှုန်းမှန်ကန်စွာ အရည်အသွေးကောင်းမွန်သည့် ပစ္စည်းများရရှိရေးအတွက် ယှဉ်ပြိုင်မှုမြင့်မားရေး၊ အားလုံးပါဝင်နိုင်ရေးတို့အတွက် ပွင့်လင်းမြင်သာစွာ ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ထို့ပြင် ဝယ်ယူရေး လုပ်ငန်းစဉ်များအား ပြန်လည်စိစစ်သုံးသပ်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ရုံးလုပ်ငန်းတာဝန်များအား ဒီဂျစ်တယ်စနစ်ကူးပြောင်းနိုင်ရေးအတွက် ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များ (SoP) ရေးဆွဲဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ မြန်မာ့ဆေးဝါးလုပ်ငန်းအနေဖြင့် ပေးအပ်သည့် လုပ်ငန်းတာဝန်များကို အောင်မြင်အောင် ကြိုးစားဆောင်ရွက်ကြရန် မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက မြန်မာ့ဆေးဝါးလုပ်ငန်းရုံးချုပ်တွင် ဝန်ထမ်းများ နေရာချထားမှု၊ ဌာနအလိုက် လုပ်ငန်းများ ခွဲဝေသတ်မှတ်ထားရှိမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး ရုံးခန်းများ၊ ရုံးအဆောက်အအုံပတ်ဝန်းကျင်တို့အား သန့်ရှင်းသာယာလှပစေရေး စီမံဆောင်ရွက်ထားရှိရန်နှင့် မီးဘေးအန္တရာယ်မဖြစ်ပွားစေရေး စနစ်တကျ စီမံဆောင်ရွက်ထားရှိရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# တရုတ်ကွန်မြူနစ်ပါတီဗဟိုကော်မတီ၊ နိုင်ငံရေးရာဗျူရိုအဖွဲ့ဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး နေပြည်တော်သို့ တရားဝင်ခရီးစဉ် ရောက်ရှိ



**နေပြည်တော် မေ ၂၅**

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေ၏ ဖိတ်ကြားချက်အရ မြန်မာနိုင်ငံသို့ မေ ၂၅ ရက်မှ ၂၆ ရက်အထိ တရားဝင်ခရီးစဉ်လာရောက်သည့် တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ၊ နိုင်ငံရေးရာဗျူရိုအဖွဲ့ဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Wang Yi ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်သို့ အထူးလေယာဉ်ဖြင့်ရောက်ရှိရာ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကိုကိုကျော်နှင့် တာဝန်ရှိသူများက နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုခဲ့ကြသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးမျိုးမြင့် ဗိုလ်ချုပ်အောင်ဆန်းပြတိုက်(ရန်ကုန်)နှင့် သမိုင်းဝင်အဆောက်အအုံများ ပြုပြင်မွမ်းမံထိန်းသိမ်းရေးလုပ်ငန်းဆောင်ရွက်မှု ကြည့်ရှုစစ်ဆေး

**နေပြည်တော် မေ ၂၅**

ဆောက်လုပ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့်သည် ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်ရှိ ဗိုလ်ချုပ်အောင်ဆန်းပြတိုက် (ရန်ကုန်) အကြီးစားပြုပြင်မွမ်းမံခြင်းလုပ်ငန်း ဆောင်ရွက်နေမှုနှင့် ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေ၌ ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲ နှစ်(၇၀)ပြည့် အထိမ်းအမှတ် မဟာမင်္ဂလာအခမ်းအနား ကျင်းပနိုင်ရေးအတွက် သမိုင်းဝင် အဆောက်အအုံများ ပြုပြင်မွမ်းမံထိန်းသိမ်းရေးလုပ်ငန်း ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ဗဟန်းမြို့နယ်ရှိ ဗိုလ်ချုပ်အောင်ဆန်းပြတိုက်(ရန်ကုန်)သို့ ရောက်ရှိပြီး ပြတိုက်အတွင်းရှိ ဗိုလ်ချုပ်အောင်ဆန်း အသုံးပြုခဲ့သည့် မော်တော်ယာဉ်ထားရှိသည့် အဆောက်အအုံ၊ ရေကန်ပြုပြင်မွမ်းမံခြင်းလုပ်ငန်း ဆောင်ရွက်နေမှု၊ မြေထိန်းနံရံပြုပြင်ပြီးစီးမှု၊ ကြမ်းခင်း/နံရံ နေရာများတွင် Epoxy Mortar ဖြင့် ပြုပြင်ခြင်း၊ ပြတိုက်အမိုး၊ ပြတိုက်အတွင်း မျက်နှာကြက်၊ လှေကား၊ ကျွန်းသစ်သားနံရံများ၊ ကျွန်းသစ်သားအခင်းများ၊ ဝရန်တာများ၊ ကျွန်းတံခါး၊ ပြတင်းများ ပြုပြင်ဆောင်ရွက်နေမှုတို့ကို အသေးစိတ်လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။



ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် အဆိုပါ လုပ်ငန်းခွင်ရှင်းလင်းဆောင်သို့ ရောက်ရှိရာ အဆောက်အဦဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး အင်ဂျင်နီယာချုပ်က လုပ်ငန်းလျာထားချက်ပါအတိုင်း မြေထိန်းနံရံပြုပြင်ပြီးစီးမှု၊ ပြတိုက်အမိုးများ၊ ကျွန်းသစ်သားမျက်နှာကြက်များ၊ ကျွန်းသစ်သားကြမ်းခင်းများ၊ သစ်သားတိုင်/ရက်မများ၊ ကျွန်းသစ်သားလှေကားများ၊ ကျွန်းပြတင်းတံခါးများ၊ အဆောက်အအုံ၏ နံရံနှင့် ရေချိုးခန်း၊ သန့်စင်ခန်းများ၊ အတွင်း လျှပ်စစ်မီးကြိုးနှင့် မီးခလုတ်၊ မီးလုံးများ ရှေးမူလက်ရာမပျက်ပြန်လည်ပြုပြင်မွမ်းမံခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေတို့ကို ရှင်းလင်းတင်ပြရာ အဆောက်အဦဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ဖြည့်စွက်ရှင်းလင်းတင်ပြချက်များအပေါ် ဒုတိယဝန်ကြီးက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဗိုလ်ချုပ်အောင်ဆန်းပြတိုက် (ရန်ကုန်) အကြီးစားပြုပြင်ခြင်း လုပ်ငန်းများကို သာသနာရေး ဝန်ကြီးဌာနနှင့် ဆောက်လုပ်ရေး ဝန်ကြီးဌာနတို့က ရှေးမူလက်ရာ မပျက် စနစ်တကျ ပြုပြင်ဆောင်ရွက်လျက်ရှိရာ မြန်မာနိုင်ငံ အင်ဂျင်နီယာ အသင်းချုပ်နှင့် မြန်မာနိုင်ငံဗိသုကာကောင်စီတို့က ပေါင်းစပ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ယင်းနောက် ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေတွင် ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲ နှစ်(၇၀)ပြည့် အထိမ်းအမှတ် ကျောက်စာတိုင်စိုက်ထူနေမှုနှင့် သမိုင်းဝင်သာသနိက အဆောက်အအုံများဖြစ်သည့် မဟာပါသာဏလိုဏ်ဂူ သိမ်တော်ကြီး၊ ကမ္ဘာအေး မဟာသိမ်တော်ကြီး၊ ဗုဒ္ဓသာသနာ့ဆေးရုံ၊ ဥတ္တရကုရုကျောင်းဆောင်၊ ပုဗ္ဗဝိဒေဟကျောင်းဆောင်၊ အပရဂေါယာန ကျောင်းဆောင်၊ ဇမ္ဗူဒီပကျောင်းဆောင်၊ သုံးထပ်ဆွမ်းစားကျောင်းဆောင်ကြီးနှင့် ပိဋကတ်ပုံနှိပ်တိုက် စသည့် သမိုင်းဝင်သာသနိက အဆောက်အအုံများ ပြုပြင်မွမ်းမံခြင်း လုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး ဒုတိယဝန်ကြီးက သမိုင်းဝင်အထင်ကရ အဆောက်အအုံများ ပြင်ဆင်ရာတွင် ရှေးမူလက်ရာများအတိုင်း ခေတ်နှင့်လျော်ညီသည့် စနစ်များနှင့် ရေရှည်တည်တံ့ကောင်းမွန်စေမည့်စနစ်များဖြင့် ယဉ်ကျေးမှုဗိသုကာများနှင့်အညီ ဆောင်ရွက်သွားရန်၊ လုပ်ငန်းများသတ်မှတ်ချိန်အတွင်း ပြီးစီးနိုင်ရေး စနစ်တကျ ကြပ်မတ်ဆောင်ရွက်သွားရန် တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး ဖိလစ်ပိုင်နိုင်ငံ မက်ထရိုမနီလာမြို့၌ ကျင်းပသည့် နယ်စပ်ဖြတ်ကျော် အလုပ်သမားရေးရာနှင့်စပ်လျဉ်း၍ အဆင့်မြင့်ကိုယ်စားလှယ် စကားဝိုင်းဆွေးနွေးပွဲ တက်ရောက်

**နေပြည်တော် မေ ၂၅**

အာဆီယံအလှည့်ကျ ဥက္ကဋ္ဌအဖြစ် ဖိလစ်ပိုင်နိုင်ငံက ဦးဆောင်၍ "နယ်စပ်ဖြတ်ကျော် အလုပ်သမားရေးရာနှင့်စပ်လျဉ်း၍ အဆင့်မြင့်ကိုယ်စားလှယ် စကားဝိုင်းဆွေးနွေးပွဲ"ကို ယမန်နေ့က ဖိလစ်ပိုင်နိုင်ငံ မက်ထရိုမနီလာမြို့၌ ကျင်းပရာ အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ တက်ရောက်သည်။

အဆိုပါစကားဝိုင်းဆွေးနွေးပွဲကို ဘေးကင်းလုံခြုံပြီး တရားဝင်သော လုပ်သားများ ရွှေ့ပြောင်းသွားလာမှုကို တိုးချဲ့ရန်၊ ရွှေ့ပြောင်းသွားလာမှု လမ်းကြောင်းတစ်လျှောက် အန္တရာယ်များကို လျှော့ချရန်နှင့် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အကျိုးအမြတ်များကို ဖော်ဆောင်နိုင်ရန် ရည်ရွယ်ကျင်းပခဲ့ခြင်းဖြစ်ပြီး ဆွေးနွေးပွဲသို့ အာဆီယံအလုပ်သမားဝန်ကြီးများနှင့် အဆင့်မြင့်အရာရှိကြီးများ၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ ကိုယ်စားလှယ်များ၊ ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်း (IOM) မှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။

ဆွေးနွေးပွဲသို့ တက်ရောက်ခဲ့သည့် ကိုယ်စားလှယ်များက လုပ်သားများရွှေ့ပြောင်းသွားလာခြင်းနှင့်ပတ်သက်၍ နှစ်နိုင်ငံ၊ ဒေသတွင်းပူးပေါင်းဆောင်ရွက်မှုယန္တရားများနှင့် မိတ်ဖက်ဆောင်ရွက်မှုများ၊ ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ စီမံခန့်ခွဲမှုနှင့် ရွှေ့ပြောင်းအလုပ်သမားများအား ကာကွယ်စောင့်ရှောက်ပေးနေမှုများ၊ လုပ်သားများ ပြန်လည်ရောက်ရှိခြင်း၊ ပြန်လည်ပေါင်းစည်းခြင်းနှင့် ဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အကူပြုမှုများ၊ လူမှုဖူလုံရေး ကာကွယ်စောင့်ရှောက်မှုများ၊ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ရွှေ့ပြောင်းသွားလာမှု၊ အကျပ်အတည်းအတွက် အသင့်ပြင်ထားမှုနှင့် ဘေးအန္တရာယ်ဆိုင်ရာ နေရပ်စွန့်ခွာမှုနှင့် ဒီဂျစ်တယ်အသွင်ကူးပြောင်းမှု စသည်တို့အပေါ် ယင်းတို့၏ အတွေ့အကြုံများ၊ စိန်ခေါ်မှုများနှင့်စပ်လျဉ်းသော နမူနာများနှင့် သင်ခန်းစာများကို ဆွေးနွေးဖလှယ်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**




# ပုသိမ်မြို့ စက်တော်ရာ ဘိုးဘွားရိပ်သာ၌ အလှူငွေပေးအပ်ပွဲကျင်းပ

**ပုသိမ် မေ ၂၅**

ပုသိမ်မြို့စက်တော်ရာ ဘိုးဘွားရိပ်သာသို့ အလှူငွေပေးအပ်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက အဆိုပါ ဘိုးဘွားရိပ်သာ၌ ပြုလုပ်ရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအေးကျော်နှင့်ဇနီး၊ တိုင်းဒေသကြီးဝန်ကြီးများ၊ အလှူရှင်မိသားစု၊ အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့တို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။



ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်ဇနီး၊ အလှူရှင်မိသားစုက မျက်နှာကြက် ပြုပြင်ရန် အလှူငွေများ၊ အမျိုးသမီးများနှင့်ကလေးသူငယ်များဘဝမြှင့်တင်ရေးအသင်းအတွက် အလှူငွေများနှင့် ဘိုးဘွားများအတွက် အလှူငွေများကိုလည်းကောင်း၊ တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့၊ တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့တို့က အာဟာရနှင့်အလှူငွေများကိုလည်းကောင်း ပေးအပ်လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံရယူပြီး ဘိုးဘွားများကိုယ်စား အဘွားတစ်ဦးက ကျေးဇူးတင်စကား ပြောကြားသည်။

ထို့ပြင် ယမန်နေ့မွန်းလွဲပိုင်းက တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်း၊ ခရိုင်၊မြို့နယ်အုပ်ချုပ်ရေးမှူးများ တွေ့ဆုံပွဲကို တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ(၁)တွင် ကျင်းပသည်။

ဦးစွာ စီမံကိန်း၊ စီးပွားရေးနှင့် ဘဏ္ဍာရေးဝန်ကြီး၊ တိုင်းဒေသကြီး ရေနံထွက်ပစ္စည်း ကြီးကြပ်စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးတို့က စက်သုံးဆီခြိုးခြံချွေတာရေး၊ စက်သုံးဆီ ပြတ်လပ်မှုမရှိစေရေး၊ စိုက်ပျိုးရေးတိုင်းဒေသကြီးဖြစ်သည့်အတွက် တောင်သူများ စက်သုံးဆီလုံလောက်စွာရရှိရေး၊ ဈေးနှုန်းတည်ငြိမ်စွာဖြင့် ပြည်သူများ စက်သုံးဆီဝယ်ယူရရှိရေး၊ စက်သုံးဆီ အရောင်းဆိုင်များတွင် QR Code၊ Bar Code၊ စုံ/မ စနစ်များဖြင့် စက်သုံးဆီဖြန့်ဖြူးရောင်းချမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များကို မှာကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးအုပ်ချုပ်ရေးမှူးက မူဝါဒ၊ ဥပဒေ၊ လုပ်ငန်း လမ်းညွှန်ချက်များကို ခရိုင်၊ မြို့နယ် အုပ်ချုပ်ရေးမှူးများအား ရှင်းလင်းပြောကြားပြီး ခရိုင်အုပ်ချုပ်ရေးမှူးများ၏ အထွေထွေဆွေးနွေးတင်ပြချက်များအပေါ် တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များ ဖြည့်စွက်ဆွေးနွေးကာ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# အကြိမ်(၂၀)မြောက် အရှေ့တောင်အာရှ ကာယဗလနှင့်ကာယကြံ့ခိုင်မှုအားကစားပြိုင်ပွဲ မြန်မာနိုင်ငံကအိမ်ရှင်အဖြစ် လက်ခံကျင်းပမည်

**ရန်ကုန် မေ ၂၅**

အကြိမ်(၂၀)မြောက် အရှေ့တောင်အာရှ ကာယဗလနှင့်ကာယကြံ့ခိုင်မှု အားကစားပြိုင်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ပေါင်းစပ်ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ် အမျိုးသားအားကစားပြိုင်ပွဲရုံ (၁) သုဝဏ္ဏရှိ ပတ္တမြားခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် အားကစားရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးညီညီ၊ ရန်ကုန်တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးဗိုလ်ငွေး၊ တာဝန်ရှိသူများနှင့် မြန်မာနိုင်ငံ ကာယဗလနှင့် ကာယကြံ့ခိုင်မှု အားကစားအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌများ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယဝန်ကြီးက အကြိမ်(၂၀)မြောက်အရှေ့တောင်အာရှကာယဗလနှင့် ကာယကြံ့ခိုင်မှု အားကစားပြိုင်ပွဲကို မြန်မာနိုင်ငံတွင် အိမ်ရှင်အဖြစ် ရန်ကုန်မြို့ မြန်မာကွန်ဗင်းရှင်းစင်တာ(MCC) ခန်းမ၌ မေ ၁၄ ရက်မှ ၁၈ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း၊ ပြိုင်ပွဲကြီး ကျင်းပရခြင်း၏ ရည်ရွယ်ချက်မှာ ကမ္ဘာ့ကာယဗလနှင့် ကာယကြံ့ခိုင်မှု အားကစားအဖွဲ့ချုပ်၊ အာရှကာယဗလနှင့် ကာယကြံ့ခိုင်မှုအားကစားအဖွဲ့ချုပ်နှင့် အရှေ့တောင်အာရှ ကာယဗလနှင့် ကာယကြံ့ခိုင်မှု အားကစားအဖွဲ့ချုပ်တို့၏ အဖွဲ့ဝင်နိုင်ငံအချင်းချင်း ရင်းနှီးကျွမ်းဝင်မှုရှိစေရန်အတွက် ဖြစ်ကြောင်း၊ နိုင်ငံတကာအဆင့်ရှိ အားကစားပြိုင်ပွဲတစ်ရပ်ကို လက်ခံကျင်းပပေးခြင်းဖြင့် အာဆီယံဒေသနိုင်ငံများအတွင်း မြန်မာနိုင်ငံ၏ ဂုဏ်သိက္ခာကို အားကစားဖြင့် မြှင့်တင်ပေးနိုင်မည်ဖြစ်ကြောင်း၊ ပြိုင်ပွဲသို့ အရှေ့တောင်အာရှနိုင်ငံ ရှစ်နိုင်ငံမှ ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး ပြိုင်ပွဲအမျိုးအစားပေါင်း ၂၂ မျိုး ထည့်သွင်းကျင်းပသွားမည်ဖြစ်ကြောင်း၊ ပြိုင်ပွဲသို့ လာရောက်တာဝန်ထမ်းဆောင်မည့် အပြည်ပြည်ဆိုင်ရာ ဒိုင်/ဂျူရီများနှင့် ပြိုင်ပွဲဝင်အသင်းများ တည်းခိုနေထိုင်ရေးနှင့် စားသောက်ရေးဆိုင်ရာကိစ္စရပ်များကို စီစဉ်ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်းနှင့် ပြိုင်ပွဲကြီး အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် သက်ဆိုင်ရာအခန်းကဏ္ဍအလိုက် ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးကြရန် တိုက်တွန်းမှာကြားသည်။




ထို့နောက် တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီးက အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် နိုင်ငံအနေဖြင့် ဧည့်ဝတ်ကျေပွန်အောင် ဆောင်ရွက်ပေးသွားစေလိုကြောင်း၊ လာရောက် ယှဉ်ပြိုင်ကြမည့် ပြိုင်ပွဲဝင်အသင်းများကို မြန်မာနိုင်ငံ၏တန်ခိုးကြီးဘုရားဖြစ်သော ရွှေတိဂုံစေတီတော်နှင့် ဗိုလ်ချုပ်ဈေးတို့အား လေ့လာရေးခရီးစဉ်အဖြစ် လိုက်လံပို့ဆောင်ပေးစေလိုကြောင်း၊ မြို့တော်သန့်ရှင်းသပ်ရပ်သာယာလှပစေရေး၊ ပြိုင်ပွဲဝင်အသင်းများ သွားလာနေထိုင်ရေးနှင့် စားသောက်ရေးတို့ အဆင်ပြေချောမွေ့စေရန် အားလုံးက ဝိုင်းဝန်း ပူးပေါင်းဆောင်ရွက်ကြရန် ပြောကြားသည်။

ယင်းနောက် အားကစားနှင့်ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်က ဆွေးနွေးတင်ပြပြီး မြန်မာနိုင်ငံကာယဗလနှင့် ကာယကြံ့ခိုင်မှုအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌက ပြိုင်ပွဲကျင်းပရေးနှင့် ပတ်သက်သည့် လုပ်ငန်းစီမံချက် အသေးစိတ်များ၊ ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် အိမ်ရှင်မြန်မာ၊ ထိုင်း၊ မလေးရှား၊ စင်ကာပူ၊ ဗီယက်နမ်၊ လာအို၊ ကမ္ဘောဒီးယား၊ ဖိလစ်ပိုင်နိုင်ငံများမှ ပြိုင်ပွဲဝင်ဦးရေ၊ ပြိုင်ပွဲကျင်းပမည့် အမျိုးအစား ၂၂ မျိုးနှင့် ပြိုင်ပွဲဖွင့်ပွဲ၊ ပိတ်ပွဲ၊ ဆုချီးမြှင့်ပွဲအတွက် ဆောင်ရွက်သွားမည့် ကိစ္စရပ်များအား အသေးစိတ်ရှင်းလင်းတင်ပြကာ အစည်းအဝေးသို့ တက်ရောက်လာသည့် သက်ဆိုင်ရာ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများက မိမိတို့နှင့် သက်ဆိုင်သည့် ကဏ္ဍအလိုက် တာဝန်ယူဆောင်ရွက်ရမည့် ကိစ္စရပ်များကို ပူးပေါင်းပါဝင် ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဆွေးနွေးတင်ပြရာ ဒုတိယဝန်ကြီးက လိုအပ်သည်များကို ဖြည့်စွက်မှာကြား၍ နိဂုံးချုပ် အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

CDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့်
ဖလမ်းမြို့အား တပ်မတော်စစ်ကြောင်းများက အလုံးစုံပြန်လည်သိမ်းပိုက်ထိန်းချုပ်ထားသည့် နေရာပြမြေပုံ။






အကြမ်းဖက်သောင်းကျန်းသူများ ယာယီခံစစ်စခန်းပြုလုပ်ကာ မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့သည့် ဖလမ်းမြို့ရှိ ဌာနဆိုင်ရာအဆောက်အအုံကို တွေ့ရစဉ်။

❑ *ကျောဖုံးမှ*

များလုပ်ဆောင်လျက်ရှိရာ ဖလမ်းမြို့အား ၂၀၂၄ ခုနှစ် နိုဝင်ဘာလ ၈ ရက်တွင် အင်အားအလုံးအရင်းဖြင့် မြို့လုံခြုံရေးဆောင်ရွက်နေသည့် နယ်မြေခံတပ်ရင်းနှင့် လုံခြုံရေး တပ်ဖွဲ့ဝင်များအား ဝင်ရောက် တိုက်ခိုက်ခဲ့သည်။ ထိုသို့တိုက်ခိုက်ခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ကျည်တစ်တောင့်၊ လူတစ်ယောက် ကျန်သည်အထိ တိုက်ရဲသည့် စိတ်ဓာတ်၊ လှေခွက်ချည်းကျန် အလံမလှဲသည့် စိတ်ဓာတ်များဖြင့် အသက်ကိုပဓာနမထားဘဲ ရဲရဲဝံ့ဝံ့ဖြင့် ပြန်လည်ခုခံတွန်းလှန်ခဲ့ကြသော်လည်း အကြမ်းဖက်သမားများအနေဖြင့် အတင်းအဓမ္မ ခြိမ်းခြောက်လူသစ်စုဆောင်းခြင်းဖြင့်ရရှိလာသော သာလွန်အင်အားများကိုအသုံးပြုကာ ဒေသခံတိုင်းရင်းသားပြည်သူလူထုအား လူသားတံတိုင်းအဖြစ် အသုံးချ၍ တိုက်ခိုက်လာခြင်းတို့ကြောင့် လုံခြုံရေး တပ်ဖွဲ့ဝင်များသည် တိုင်းရင်းသားပြည်သူများ ထိခိုက်မှုမရှိစေရန်နှင့် ပြည်သူလူထု၏ နေအိမ်များ၊သာသနိကအဆောက်အအုံများ၊ စာသင်ကျောင်းများ၊ ဆေးရုံဆေးခန်းများ ထိခိုက်ပျက်စီးဆုံးရှုံးမှုအနည်းဆုံးဖြစ်စေရေးအတွက် ထိန်းထိန်းသိမ်းသိမ်းဖြင့် ခုခံခဲ့သည်။ ထိုသို့ စစ်ဆင်ရေးကာလ ခြောက်လကြာမျှခုခံခဲ့ရာ လုံခြုံရေး တပ်ဖွဲ့ဝင်များသည် ထိခိုက်၊ ဒဏ်ရာရရှိမှု များပြားလာမှုများကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင်များသည် စစ်နည်းဗျူဟာမြောက် ကြားခံစစ်အဆင့်ဆင့်ဖြင့် ၂၀၂၅ ခုနှစ် မေလ ၆ ရက်နေ့တွင် စနစ်တကျ ဆုတ်ခွာခဲ့ရသဖြင့် အကြမ်းဖက်သောင်းကျန်းသူများသည် ဖလမ်းမြို့အား ယာယီစိုးမိုးခဲ့သည်။

တပ်မတော် စစ်ကြောင်းများအနေဖြင့် ချင်းပြည်နယ်၊ ခရိုင်မြို့တော်ကြီး တစ်ခုဖြစ်သည့် ဖလမ်းမြို့အား အမြန်ဆုံးပြန်လည်သိမ်းပိုက်ရရှိနိုင်ရေးနှင့် CDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများအား တိုက်ခိုက်ချေမှုန်းနိုင်ရေးအတွက် ကလေးမြို့နှင့် တီးတိန်မြို့တို့၌ လိုအပ်သည့် ပြင်ဆင်စုဖွဲ့မှုများနှင့် အုပ်ချုပ်ထောက်ပံ့မှုများကို ဖြည့်တင်းဆောင်ရွက်ခဲ့ပြီး မြေပြင်/ဝေဟင်ဟန်ချက်ညီပေါင်းစပ်စုဖွဲ့၍ စစ်ကြောင်းများခွဲကာ နယ်မြေရှင်းလင်းခြင်းများ စတင်ခဲ့ပြီး တန်ပြန်တိုက်စစ်များ တစ်ဆင့်ပြီးတစ်ဆင့် ခြေကုပ်ယူထိုးဖောက်တိုက်ခိုက်ခဲ့ရာ ၂၀၂၅ ခုနှစ် အောက်တိုဘာလ ၂၇ ရက်နေ့တွင် အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသော သာယာကုန်းကျေးရွာအား လည်းကောင်း၊ အောက်တိုဘာလ ၃၀ ရက်နေ့တွင် နတ်ချောင်းတံတားအား လည်းကောင်း၊ နိုဝင်ဘာလ ၃ ရက်နေ့တွင် ပွိုင့်-၂၂၄၄ တောင်ကုန်းအား လည်းကောင်း၊ နိုဝင်ဘာလ ၄ ရက်နေ့တွင် ကနေဒီတောင်နှင့် ဝေဘူလစခန်းတို့အား လည်းကောင်း၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် ပွိုင့် ၂၀၆၄ တောင်ကုန်းအား လည်းကောင်း၊ နိုဝင်ဘာလ ၉ ရက်နေ့တွင် သိုင်းငင်းစခန်းအား လည်းကောင်း၊ နိုဝင်ဘာလ ၁၇ ရက်နေ့တွင် ပွိုင့် ၁၃၆၁ တောင်ကုန်းအားလည်းကောင်း၊ နိုဝင်ဘာလ ၂၆ ရက်နေ့တွင် ဇော်ကောင်ကျေးရွာအား လည်းကောင်း၊ ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီလ ၂ ရက်နေ့တွင် ဇွယ်လေကျေးရွာအား လည်းကောင်း၊ ဖေဖော်ဝါရီလ ၁၀ ရက်နေ့တွင် ထင်းရှူးစခန်းကျေးရွာအား လည်းကောင်း၊ မတ်လ ၃၁ ရက်နေ့တွင် ပါသဲကျေးရွာအားလည်းကောင်း၊ ဧပြီလ ၁၉ ရက်နေ့တွင် ဗားတံတားအားလည်းကောင်း၊ ဧပြီလ ၂၂ ရက်နေ့တွင် ခွန်လီကျေးရွာအားလည်းကောင်း၊ ဧပြီလ ၂၃ ရက်နေ့တွင် ပွိုင့် ၁၇၁၀ တောင်ကုန်း၊ ကြောင်ဟင်ရှာကျေးရွာနှင့် ဆွန်ဟာရန်ကျေးရွာတို့အား လည်းကောင်း၊ ဧပြီလ ၂၄ ရက်နေ့တွင်

*စာမျက်နှာ ၁၁ သို့*



CDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့် ဖလမ်းမြို့ရှိ နယ်မြေခံတပ်ရင်း ဌာနချုပ်အား တပ်မတော်စစ်ကြောင်းများက ပြန်လည်သိမ်းပိုက်ရရှိစဉ်။



အကြမ်းဖက်သောင်းကျန်းသူများ ယာယီခံစစ်စခန်းပြုလုပ်ကာ မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့သည့် ဖလမ်းမြို့ ပြည်သူ့ဆေးရုံကြီးကို တွေ့ရစဉ်။



CDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့် ဖလမ်းမြို့ရှိ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန သူနာပြုသင်တန်းကျောင်းအား တပ်မတော်စစ်ကြောင်းများက ပြန်လည်သိမ်းပိုက်ရရှိစဉ်။



CDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့် ဖလမ်းမြို့ ပြည်သူ့ဆေးရုံကြီးအား တပ်မတော်စစ်ကြောင်းများက ပြန်လည်သိမ်းပိုက်ရရှိစဉ်။

*စာမျက်နှာ ၁၀ မှ*
ဆူရ်ဘုန်လေဆိပ်နှင့် ဆီဇာမော်ကျေးရွာတို့အား လည်းကောင်း အသီးသီး အောင်မြင်စွာပြန်လည်ထိန်းချုပ်နိုင်ခဲ့ပြီး ဧပြီလ ၂၅ ရက်နေ့ (ယနေ့)တွင် အကြမ်းဖက်သမားများ ယာယီစိုးမိုးထားသည့် ဖလမ်းမြို့အား တပ်မတော်စစ်ကြောင်းများက အပြီးတိုင်အလုံးစုံ ပြန်လည်သိမ်းပိုက်ထိန်းချုပ်နိုင်ခဲ့သည်။

ထိုသို့ အောင်မြင်စွာ သိမ်းပိုက်နိုင်ခဲ့သည့်အတွက် ဒေသခံတိုင်းရင်းသား ပြည်သူများ၏ နေရပ်ဇာတိ အိုးအိမ်နေရာများ၌ စိတ်အေးချမ်းသာစွာ ပြန်လည်နေထိုင်လိုသည့် ဆန္ဒ၊ အကြမ်းဖက်သောင်းကျန်းသူများ၏ အသက်အန္တရာယ်ရန်ပြုမှု၊ ခြိမ်းခြောက်အကျပ်ကိုင်မှု၊ ထိတ်လန့်ကြောက်ရွံ့နေရမှုဘေးမှကင်းဝေးပြီး ၎င်းတို့၏ လူမှုစီးပွားဘဝအတွက် အေးချမ်းစွာ ရှာဖွေလုပ်ကိုင်စားသောက်လိုသည့် စိတ်ဆန္ဒများကို ဖြည့်ဆည်းပေးနိုင်ခဲ့ပြီဖြစ်သည်။

တပ်မတော်စစ်ကြောင်းများက ဖလမ်းမြို့နှင့် အဆိုပါဒေသတစ်ဝိုက်အား ပြန်လည်သိမ်းပိုက်ရရှိရေး မိမိတို့၏အသက်ကို ပဓာနမထားဘဲ ရှပ်ရှပ်ချွံချွံ အဆင့်ဆင့်ပြန်လည် တိုက်ခိုက်ထိန်းချုပ်ခဲ့ရာ အကြမ်းဖက် သောင်းကျန်းသူများနှင့် တိုက်ပွဲကြီး/တိုက်ပွဲငယ် ထိတွေ့မှုစုစုပေါင်း ၁၀၉ ကြိမ်ဖြစ်ပွားခဲ့ပြီး ရန်သူ့ထံမှ အလောင်း ၁၉ လောင်း၊ လက်နက်မျိုးစုံ ၃၃ လက်၊ ခဲယမ်းများနှင့် ဆက်စပ်ပစ္စည်းများ သိမ်းပိုက်ရရှိခဲ့ပြီး တပ်မတော်မှ အရာရှိ၊ စစ်သည်အချို့နိုင်ငံတော်နှင့် တပ်မတော်အတွက် မြင့်မြတ်စွာ အသက်ပေးလှူခဲ့ရသည်။

CDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များအနေဖြင့် ဖလမ်းမြို့ နှင့် ၎င်းဒေသတစ်ဝိုက်အား ယာယီစိုးမိုးထားစဉ် မြို့/ရွာများအတွင်းရှိ ဘာသာရေးဆိုင်ရာ အဆောက်အအုံများ၊ စာသင်ကျောင်းများ၊ ဌာနဆိုင်ရာအဆောက်အအုံများ၊ ဆေးရုံများနှင့် လူနေအိမ်များတွင် ဘန်ကာများဆောက်လုပ်ပြီး တပ်မတော်စစ်ကြောင်းများအား ပစ်ခတ်တိုက်ခိုက်ခြင်း၊ ဒေသခံပြည်သူများ၏ အိုးအိမ်များကို ခံစစ်တံတိုင်းအဖြစ် အကာအကွယ်ရယူ၍ ပစ်ခတ်တိုက်ခိုက်ခြင်း၊ နေအိမ်များနှင့် ဈေးဆိုင်ခန်းများအား ဖောက်ထွင်း၍ တန်ဖိုးကြီးပစ္စည်းများ၊ စားသောက်ကုန်နှင့် အသုံးအဆောင်ပစ္စည်းများကို အဓမ္မယူဆောင်ခြင်းများ လုပ်ဆောင်ခဲ့သဖြင့် ကလေးသူငယ်များ၊ သက်ကြီးရွယ်အိုများ အပါအဝင် ဒေသခံ တိုင်းရင်းသားများအနေဖြင့်လည်း အကြမ်းဖက်သမားများအား စက်ဆုတ်ရွံရှာ မုန်းတီးခြင်းနှင့်အတူ ဆင်းရဲမှုဘေးဒုက္ခကြီးစွာဖြင့် နီးစပ်ရာ မြို့ရွာများသို့ ထွက်ပြေးတိမ်းရှောင်ခဲ့ရသည်။

တပ်မတော်စစ်ကြောင်းများအနေဖြင့် ဖလမ်းမြို့အတွင်းသို့ ယာယီနေရပ်စွန့်ခွာ နေကြရသည့် ဒေသခံတိုင်းရင်းသားပြည်သူများအား အန္တရာယ်ကင်းရှင်းစွာ ပြန်လည် ဝင်ရောက်နေထိုင်နိုင်ရေး၊ အစိုးရအုပ်ချုပ်မှုယန္တရားများ အမြန်ဆုံး လည်ပတ်နိုင်ရေးနှင့် အကြမ်းဖက်သောင်းကျန်းသူများ၏ ယုတ်မာရက်စက်စွာ လုပ်ဆောင်ခဲ့သည့် မြေမြှုပ်မိုင်းများအား ဦးစားပေးရှင်းလင်းဖော်ထုတ်ခြင်းကို ဆောင်ရွက်လျက်ရှိပြီး အကြမ်းဖက်သောင်းကျန်းသူများ ဖျက်ဆီးခဲ့သည့် စာသင်ကျောင်းများ၊ ဆေးရုံ/ဆေးခန်းများ၊ ရုံး/ဌာနအဆောက်အအုံများ၊ ဘာသာရေးဆိုင်ရာ အဆောက်အအုံများနှင့် လူနေအိမ်များအား ဒေသခံတိုင်းရင်းသားများနှင့်ပူးပေါင်း၍ အမြန်ဆုံး ပြန်လည်ပြုပြင်ခြင်း လုပ်ငန်းများကို ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ချင်းပြည်နယ်အတွင်း အကြမ်းဖက်သောင်းကျန်းသူများ လုံးဝကင်းစင်ပပျောက်ရေးအတွက် အကြမ်းဖက်ချေမှုန်းမှု စစ်ဆင်ရေး(Counter – Terrorism Operation) ကို ဆက်လက်တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်သည်။

နိုင်ငံတော်အစိုးရ အနေဖြင့် လက်နက်ကိုင် ပဋိပက္ခများ ချုပ်ငြိမ်းရန်နှင့် နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းရန်အတွက် ကြိုတင်ကန့်သတ်ချက်များမထားသည့် ငြိမ်းချမ်းရေး ဆွေးနွေးမှုများပြုလုပ်ရန် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများကို ဖိတ်ခေါ်လျက်ရှိသည်။ ထို့ကြောင့် PDF အပါအဝင် လက်နက်ကိုင်အဖွဲ့အစည်း အသီးသီးအနေဖြင့် လမ်းကြောင်းမှန်ကို လျှောက်လှမ်းနိုင်ရန် အခွင့်အရေးတစ်ခုအနေဖြင့် စဉ်းစားချိန်တန်ပြီဖြစ်ကြောင်း သတင်းထုတ်ပြန်ထားသည်။

**သတင်းစဉ်**



အကြမ်းဖက်သောင်းကျန်းသူများ ဖလမ်းမြို့ရှိ ဌာနဆိုင်ရာအဆောက်အအုံ၊ ဘာသာရေးအဆောက်အအုံများနှင့် လူနေအဆောက်အအုံများအတွင်း ဘန်ကာများပြုလုပ်၍ ယာယီခံစစ်စခန်းပြုလုပ်ခဲ့သည့် မှတ်တမ်းဓာတ်ပုံ။



အကြမ်းဖက်သောင်းကျန်းသူများ ဖလမ်းမြို့ရှိ ဌာနဆိုင်ရာအဆောက်အအုံ၊ ဘာသာရေးအဆောက်အအုံများနှင့် လူနေအဆောက်အအုံများအတွင်း ဘန်ကာများပြုလုပ်၍ ယာယီခံစစ်စခန်းပြုလုပ်ခဲ့သည့် မှတ်တမ်းဓာတ်ပုံ။





အကြမ်းဖက်သောင်းကျန်းသူများ ဖလမ်းမြို့ရှိ ဌာနဆိုင်ရာအဆောက်အအုံ၊ ဘာသာရေးအဆောက်အအုံများနှင့် လူနေအဆောက်အအုံများအတွင်း ဘန်ကာများပြုလုပ်၍ ယာယီခံစစ်စခန်းပြုလုပ်ခဲ့သည့် မှတ်တမ်းဓာတ်ပုံ။



CDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များထံမှ သိမ်းပိုက်ရရှိသည့် လက်နက်ခဲယမ်းများကို တွေ့ရစဉ်။



CDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များထံမှ သိမ်းပိုက်ရရှိသည့် ခဲယမ်းများကို တွေ့ရစဉ်။



CDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များထံမှ သိမ်းပိုက်ရရှိသည့် လက်နက်ခဲယမ်းများကို တွေ့ရစဉ်။



CDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များထံမှ သိမ်းပိုက်ရရှိသည့် လက်နက်ခဲယမ်းများကို တွေ့ရစဉ်။





CDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များ၏ အလောင်းများ။



CDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များထံမှ သိမ်းပိုက်ရရှိသည့် လက်နက်ခဲယမ်းများကို တွေ့ရစဉ်။



CDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များထံမှ သိမ်းပိုက်ရရှိသည့် ခဲယမ်းများကို တွေ့ရစဉ်။

# ဧရာဝတီတံတား(ရတနာပုံ) Load Test စစ်ဆေး၍ လက်ရှိခွင့်ပြုနေသည့် ၂၅ တန်မှ ၄၅ တန် အထိ တိုးမြှင့်ခွင့်ပြု

**နေပြည်တော် ဧပြီ ၂၅**

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်သည် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ စစ်ကိုင်းတိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီးနှင့်အတူ ယနေ့တွင် ငလျင်ဒဏ်ကြောင့် ပျက်စီးသွားသော ဧရာဝတီတံတား (ရတနာပုံ) ကို အားဖြည့်ပြုပြင်ခြင်းပြီးစီး၍ Load Test စစ်ဆေးပြီး ၂၅ တန်မှ ၄၅ တန်သို့ တိုးမြှင့်၍ ကုန်တင်ယာဉ်များ ဖြတ်သန်းခွင့်ပြုပေးနေမှု၊ မန္တလေးမြို့နှင့် စစ်ကိုင်းမြို့အတွင်းရှိ ငလျင်ဒဏ်ကြောင့် ပျက်စီးသွားသည့် ဝန်ထမ်းအိမ်ရာများအတွက် အသစ်ပြန်လည်တည်ဆောက်နေသည့် အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ရှင်းလင်းဆောင်တွင် တာဝန်ခံအင်ဂျင်နီယာက ဧရာဝတီတံတား(ရတနာပုံ) မန္တလေးငလျင်ကြီးကြောင့် ရေလယ်တိုင်ရှိ Gusset Plate များ၊ သံပေါင်ရှိ Inclined Member များ၊ Bearing များ ပျက်စီးခဲ့ရသည့်အခြေအနေ၊ ပျက်စီးမှုများကို စစ်ဆေး၍ ကနဦး (ကုန်+ယာဉ်) ၁၅ တန်ဖြင့် စတင်ဖြတ်သန်းခွင့်ပြုခဲ့သည့်အခြေအနေ၊ ပထမအဆင့် ပြင်ဆင်မှုအနေဖြင့် သံပေါင် ချုပ်တန်းများ၊ Gusset Plate များ လဲလှယ်ပြီး၍ Load Test စစ်ဆေးပြီး ၂၀၂၅ ခုနှစ် နိုဝင်ဘာလတွင် (ကုန်+ယာဉ်) ၂၅ တန်အထိ တိုးမြှင့်ဖြတ်သန်းခွင့်ပြုပေးခဲ့သည့်အခြေအနေ၊ ယခုအခါ ဒုတိယအဆင့် အားဖြည့်ပြင်ဆင်ခြင်း ဆောင်ရွက်ပြီးစီး၍ Load Test စစ်ဆေးပြီး(ကုန်+ယာဉ်) ၄၅ တန်အထိ တိုးမြှင့်ဖြတ်သန်းခွင့်ပြုနိုင်မည့် အခြေအနေနှင့် ပြုပြင်ဆောင်ရွက်ခြင်း၊ စစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့သည့် မှတ်တမ်းများကို ရှင်းလင်းတင်ပြရာ တံတားဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကောင်းချိုက တံတားကြီး၏ မူလခွင့်ပြုထားသော တန် ၆၀ အထိ ပြန်လည်ခွင့်ပြုပေးနိုင်ရေးအတွက် ငလျင်ကြီးဒဏ်ကြောင့် ပျက်စီးသွားသော Bearings လဲလှယ်ခြင်းများ ဆက်လက်ဆောင်ရွက်မည့် အစီအမံတို့ကို ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့က ဧရာဝတီတံတား(ရတနာပုံ)သည် ဧရာဝတီမြစ်ကို ဖြတ်ကျော်၍ မန္တလေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးကို ဆက်သွယ်ပေးထားသည့် အရေးပါသော တံတားတစ်စင်းဖြစ်၍ လမ်းပန်းဆက်သွယ်ရေး မပြတ်တောက်စေရေးအတွက် နေ့စဉ်ဖြတ်သန်းအသုံးပြုခြင်းကို မရပ်ဆိုင်းဘဲ ပြုပြင်ဆောင်ရွက်ရခြင်းဖြစ်၍ ဘေးကင်းလုံခြုံရေးကို အလေးထားရန်လိုပါကြောင်း၊ ယခုတွင် ၄၅ တန်အထိ ခွင့်ပြုထားပြီးဖြစ်၍ ကုန်တင်ယာဉ်ကြီးများနှင့် ဆီသယ်ယာဉ်များသည် ဇက်ရေယာဉ်များဖြင့် ကူးသန်းရန်မလိုအပ်တော့ဘဲ တံတားပေါ်မှ ဖြတ်သန်းသွားလာနိုင်မည်ဖြစ်ပြီး အချိန်နှင့် ဖြတ်သန်းခများ သက်သာကာ ကုန်စည်စီးဆင်းမှု ပိုမိုမြန်ဆန်လွယ်ကူလာမည်ဖြစ်ပါကြောင်း၊ သို့ရာတွင် ဒေသဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းများက ကုန်တင်ယာဉ်များကို သတ်မှတ်ချက်များနှင့်အညီ ဖြတ်သန်းခွင့်ပြုစေရေး တာဝန်ရှိသူများသို့ ကြပ်မတ်ဆောင်ရွက်ပေးရန် လိုအပ်ကြောင်း မှာကြားကာ ဧရာဝတီတံတား (ရတနာပုံ) တွင် ၄၅ တန်အထိ ကုန်တင်ယာဉ်များနှင့် ဆီသယ်ယာဉ်များ စတင်ဖြတ်သန်းသွားလာမှုအခြေအနေကို ကြည့်ရှုစစ်ဆေးသည်။




ယင်းနောက် မန္တလေးမြို့ရှိ ငလျင်ကြောင့် ပျက်စီးခဲ့သော ဝန်ထမ်းအိမ်ရာ ၂၆ လုံး၊ အခန်းပေါင်း ၃၈၆ ခန်း တည်ဆောက်ခြင်းလုပ်ငန်းခွင်ကို လည်းကောင်း၊ စစ်ကိုင်းမြို့ရှိ ဝန်ထမ်းအိမ်ရာအဆောက်အအုံ ခုနစ်လုံး၊ အခန်းပေါင်း ၁၁၂ ခန်းအား တည်ဆောက်ရန် လက်ရှိဆောင်ရွက်နေသည့် အခြေအနေတို့ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး ပြည်ထောင်စုဝန်ကြီးက ဝန်ထမ်းများကို ဆောလျင်စွာ နေရာချထားနိုင်ရေးအတွက် သတ်မှတ်ကာလအတွင်း ပြီးစီးအောင် ကြပ်မတ်ဆောင်ရွက်ရမည့်အခြေအနေတို့ကို မှာကြားပြီး လုပ်ငန်းလိုအပ်ချက်များကို တာဝန်ရှိသူများသို့ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

ငလျင်ကြောင့် ပျက်စီးခဲ့သော ဝန်ထမ်းအိမ်ရာများကို ပြုပြင်၍ ပြန်လည်နေရာချထားပေးနိုင်မှုအနေဖြင့် မန္တလေးမြို့တွင် ပြင်ဆင်ရမည့် အဆောက်အအုံ ၂၆၄ လုံးအနက် ၇၄ လုံးကို ပြုပြင်ပြီးစီး၍ ဝန်ထမ်းအင်အား ၁၁၃၄ ဦးကိုလည်းကောင်း၊ စစ်ကိုင်းမြို့တွင် ပြင်ဆင်ရမည့် အဆောက်အအုံ ၃၂ လုံးအနက် ၂၅ လုံးကို ပြုပြင်ပြီးစီး၍ ဝန်ထမ်းအင်အား ၂၄၉ ဦးကို လည်းကောင်း၊ စုစုပေါင်းဝန်ထမ်းအင်အား ၁၃၈၃ ဦးကို ပြန်လည်နေရာချထားပေးပြီးဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ရန်ကုန်-မန္တလေး-ရန်ကုန်ခရီးစဉ်တွင် အမှတ်(၅)အဆန်/အမှတ်(၆)အစုန် လေအေးပေးစက်ပါ ခေတ်မီ DEMU လူစီးအမြန်ရထား တိုက်ရိုက်စတင်ပြေးဆွဲမည်

**နေပြည်တော် ဧပြီ ၂၅**

နိုင်ငံတော်သမ္မတ၏ လမ်းညွှန်မှာကြားချက်အရ ပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားသည် ခရီးသွားပြည်သူများအဆင်ပြေစွာ သွားလာနိုင်ရေးအတွက် ရန်ကုန် - မန္တလေး - ရန်ကုန်ရထားခရီးစဉ်အဖြစ် အမှတ်(၅)အဆန်/ အမှတ်(၆)အစုန် လေအေးပေးစက်ပါ ခေတ်မီ DEMU လူစီးအမြန်ရထားအား ၂၀၂၆ ခုနှစ် မေ ၁ ရက်မှ စတင်၍ အောက်ပါအချိန်ဇယားအတိုင်း ပြေးဆွဲပေးသွားမည်ဖြစ်သည်။

| စဉ် | ရထားအမှတ် | ခရီးစဉ် | | ထွက်ခွာ/ဆိုက်ရောက်ချိန် | | စုစုပေါင်း ကြာမြင့်ချိန် |
|---|---|---|---|---|---|---|
| | | မှ | သို့ | ထွက်ချိန် | ရောက်ချိန် | |
| ၁ | အမှတ်(၅)အဆန် | ရန်ကုန် | မန္တလေး | ၀၆:၀၀ | ၁၆:၀၀ | (၁၀)နာရီ |
| ၂ | အမှတ်(၆)အစုန် | မန္တလေး | ရန်ကုန် | ၀၆:၀၀ | ၁၆:၁၀ | (၁၀)နာရီ(၁၀)မိနစ် |

ရန်ကုန် - မန္တလေး - ရန်ကုန်ခရီးစဉ်တစ်လျှောက် ရပ်တန့်ဘူတာများမှာ တိုးကြောင်ကလေး၊ ပဲခူး၊ ညောင်လေးပင်၊ တောင်ငူ၊ ပျဉ်းမနား၊ နေပြည်တော်၊ ရမည်းသင်း၊ သာစည်၊ ကျောက်ဆည်ဘူတာတို့ဖြစ်ပြီး လက်မှတ်ခနှုန်းထားမှာ အထက်တန်းငွေကျပ် ၄၈၀၀၀ နှင့် ပထမတန်းငွေကျပ် ၃၄၀၀၀ တို့ဖြစ်သည်။



ရန်ကုန် - နေပြည်တော် - ရန်ကုန် ခရီးစဉ်တစ်လျှောက်အမှတ် (၃၁) အဆန်/ အမှတ် (၃၂) အစုန် လေအေးပေးစက်ပါ ခေတ်မီ DEMU လူစီးအမြန်ရထားအား အောက်ပါအချိန်ဇယားအတိုင်း ပြေးဆွဲပေးသွားမည်ဖြစ်သည်။ လမ်းခရီး၌ တိုးကြောင်ကလေး၊ ပဲခူး၊ ဒိုက်ဦး၊ တောင်ငူ၊ ပျဉ်းမနားဘူတာတို့၌ ရပ်တန့်ပေးသွားမည်ဖြစ်ပြီး လက်မှတ်ခနှုန်းထားမှာ ယခင်အတိုင်းဖြစ်သည်။

| စဉ် | ရထားအမှတ် | ခရီးစဉ် | | ထွက်ခွာ/ဆိုက်ရောက်ချိန် | | စုစုပေါင်း ကြာမြင့်ချိန် |
|---|---|---|---|---|---|---|
| | | မှ | သို့ | ထွက်ချိန် | ရောက်ချိန် | |
| ၁ | အမှတ်(၃၁)အဆန် | ရန်ကုန် | နေပြည်တော် | ၁၀:၀၀ | ၁၅:၀၀ | (၅)နာရီ |
| ၂ | အမှတ်(၃၂)အစုန် | နေပြည်တော် | ရန်ကုန် | ၁၀:၀၀ | ၁၅:၀၀ | (၅)နာရီ |

ရန်ကုန် - နေပြည်တော် - ရန်ကုန် ခရီးစဉ်တစ်လျှောက် အမှတ်(၇)အဆန်/ အမှတ်(၈)အစုန် လေအေးပေးစက်ပါ ခေတ်မီ DEMU လူစီးအမြန်ရထားအား အောက်ပါအချိန်ဇယားအတိုင်း ပြေးဆွဲပေးသွားမည်ဖြစ်သည်။ လမ်းခရီး၌ တိုးကြောင်ကလေး၊ ပဲခူး၊ ဖြူး၊ တောင်ငူ၊ ပျဉ်းမနားဘူတာတို့၌ ရပ်တန့်ပေးသွားမည်ဖြစ်ပြီး လက်မှတ်ခနှုန်းထားမှာ ယခင်အတိုင်းဖြစ်သည်။

| စဉ် | ရထားအမှတ် | ခရီးစဉ် | | ထွက်ခွာ/ဆိုက်ရောက်ချိန် | | စုစုပေါင်း ကြာမြင့်ချိန် |
|---|---|---|---|---|---|---|
| | | မှ | သို့ | ထွက်ချိန် | ရောက်ချိန် | |
| ၁ | အမှတ်(၇)အဆန် | ရန်ကုန် | နေပြည်တော် | ၁၂:၃၀ | ၁၇:၃၀ | (၅)နာရီ |
| ၂ | အမှတ်(၈)အစုန် | နေပြည်တော် | ရန်ကုန် | ၁၂:၃၀ | ၁၇:၃၀ | (၅)နာရီ |

ရန်ကုန်-မန္တလေး-ရန်ကုန် ခရီးစဉ်တွင်ပြေးဆွဲမည့် အမှတ်(၅)အဆန်/ အမှတ်(၆)အစုန် DEMU လူစီးအမြန်ရထားများနှင့် ရန်ကုန် - နေပြည်တော် - ရန်ကုန်ခရီးစဉ်တွင် ပြေးဆွဲနေသော အမှတ်(၃၁) အဆန်/ အမှတ်(၃၂)အစုန်၊ အမှတ်(၇)အဆန်/ အမှတ်(၈)အစုန် လေအေးပေးစက်ပါ DEMU လူစီးအမြန်ရထားများ၏ ထိုင်ခုံလက်မှတ်များအား Online Railways Ticketing and Payment (ORTP) System ဖြင့် ဝယ်ယူနိုင်မည်ဖြစ်ကြောင်းနှင့် ရထားစီးနင်းမှုများပြားလာသည်နှင့်အမျှ ရထားစီးခရီးသွားပြည်သူများ အဆင်ပြေစွာ သွားလာနိုင်ရေးအတွက် မြန်မာ့မီးရထားအနေဖြင့် ရထားခရီးစဉ်များ တိုးချဲ့ပြေးဆွဲပေးခြင်း၊ ရထားတွဲများ ထပ်မံချိတ်ဆက်ပြေးဆွဲခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

**မိုးရွာသွန်းခြင်းနှင့် လေပြင်းတိုက်ခတ်ခြင်းများ ဖြစ်ပေါ်နိုင်**

**နေပြည်တော် ဧပြီ ၂၅** - မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေမှာ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာ နေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်း စသည့်မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်သည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှ ငါးပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

# နိုင်ငံ့အားကို တည်ဆောက်မည့် ပညာရေး

ဆရာဇော်(ပညာရေး)



မင်္ဂလာအပေါင်း ပြည့်ဝမွမ်းထုံသော ကျက်သရေမင်္ဂလာပြည့်ဝလှသည့် မြန်မာတို့၏ နှစ်သစ်ကူးသင်္ကြန်အခါသမယတွင် မြန်မာနိုင်ငံ၏ ပညာရေးကဏ္ဍ၌ အနာဂတ်အတွက် အားတက်ဖွယ်ရာ အလင်းသစ်များ စတင်ထွန်းလင်းလာပြီဖြစ်သည်။ ၂၀၂၆ ခုနှစ် ဧပြီလ ၁၀ ရက်နေ့တွင် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်၏ပြည်ထောင်စုလွှတ်တော်ကတိသစ္စာပြုပွဲအခမ်းအနား၌ ပြောကြားသည့် မိန့်ခွန်းနှင့် နိုင်ငံတော်အဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုအစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရများမှ ဝန်ကြီးချုပ်များ၊ ဒုတိယဝန်ကြီးများအား တွေ့ဆုံမှာကြားသည့် မိန့်ခွန်းလမ်းညွှန်ချက်များက နိုင်ငံတော်တည်ဆောက်ရေးတွင် **"ပညာရေး"** ကို အဓိကအသက်သွေးကြောအဖြစ်သတ်မှတ်ကာ လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် မဟာဗျူဟာမြောက်ခြေလှမ်းသစ်များကို ဖော်ဆောင်ခြင်းဖြစ်သည်။

နိုင်ငံတော်သမ္မတ၏ မိန့်ခွန်းတွင် အနာဂတ်မြန်မာနိုင်ငံကို အသိပညာရှင်၊ အတတ်ပညာရှင်များဖြင့် တည်ဆောက်ရန်အတွက် အခြေခံပညာရေးမှသည် အသက်မွေးဝမ်းကျောင်းနှင့် နည်းပညာကဏ္ဍအထိ ဘက်စုံမြှင့်တင်ရန်လိုအပ်ကြောင်း အလေးထား ပြောကြားခဲ့သည်။

### ပညာရေးသည် နိုင်ငံတည်ဆောက်ရေး၏ အခြေခံအုတ်မြစ်

နိုင်ငံတော်သမ္မတကြီးက **"နိုင်ငံတစ်နိုင်ငံကို ခေတ်မီဖွံ့ဖြိုးအောင် တည်ဆောက်ရာတွင် ပညာမရှိဘဲ မတည်ဆောက်နိုင်"** ဟူသော လေးနက်သည့် အယူအဆကို ရှေ့တန်းတင်ခဲ့ပါသည်။ ပညာရည်နိမ့်ပါးသူများ၊ အသိပညာနိမ့်ကျသူများဖြင့် နိုင်ငံကို တည်ဆောက်၍မရနိုင်ကြောင်း၊ ထို့ကြောင့် ထူးချွန်ထက်မြက်သည့် အသိပညာရှင်၊ အတတ်ပညာရှင် လူ့စွမ်းအားအရင်းအမြစ်များကို မွေးထုတ်ပေးရန်မှာ နိုင်ငံတော်အတွက် မဖြစ်မနေလိုအပ်သော လုပ်ငန်းစဉ်ဖြစ်ကြောင်း မီးမောင်းထိုးပြခဲ့သည်။ ပညာရေးမြှင့်တင်မှုမှာ တစ်ခဏတာလုပ်ဆောင်ရမည့်ကိစ္စမဟုတ်ဘဲ အစဉ်တစိုက် အလေးထားဆောင်ရွက်ရမည့် **"အမြဲတမ်းလုပ်ငန်းစဉ်"** တစ်ရပ်ဖြစ်ကြောင်း အလေးအနက် တိုက်တွန်းထားပါသည်။

### ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေး (ECCD) မှစတင်ခြင်း

ပညာရေးမြှင့်တင်ရာတွင် အခြေခံကောင်းရန်မှာ ကျောင်းမတက်မီ ရှေးဦးသူငယ်ဘဝကတည်းက စတင်ရမည်ဖြစ်သည်။ မူလတန်းမတိုင်မီ မူကြိုတက်ခဲ့သော ကလေးငယ်များက ပညာသင်ယူလိုစိတ် ပိုမိုအားကောင်းပြီး အခြေခံခိုင်မာကြသည်ကို တွေ့ရှိရသည့်အတွက် **Early Childhood Care and Development (ECCD)** ဖြစ်သော ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို သက်ဆိုင်ရာဝန်ကြီးဌာနများက အလေးထားဆောင်ရွက်ရန် လမ်းညွှန်ခဲ့သည်။ ထိရောက်သော မူကြိုကျောင်းများ ပေါ်ထွက်လာရေးသည် လူငယ်ပြုစုပျိုးထောင်ရေးအတွက် အဓိကသော့ချက်ပင်ဖြစ်သည်။

### စာကိုလည်းသင်၊ လူကိုလည်းပြင်

ပညာရေးသည် စာတတ်ရုံ၊ အတန်းပညာတတ်ရုံမျှဖြင့် မလုံလောက်ဘဲ အသက်အရွယ်၊ အဆင့်အတန်းအလိုက် ရှိသင့်ရှိထိုက်သော အတွေးအခေါ်၊ အယူအဆနှင့် ဆင်ခြင်တုံတရားများ ပြည့်စုံရန်လိုအပ်ပါသည်။ ယနေ့နိုင်ငံတွင် ကြုံတွေ့နေရသော အခက်အခဲအချို့မှာ စာတတ်သော်လည်း အသိဉာဏ်ပညာနှင့် စဉ်းစားတွေးခေါ်မှု နိမ့်ပါးနေကြသူများကြောင့်ဖြစ်သည်ဟု နိုင်ငံတော်သမ္မတကြီးက သုံးသပ်ထားသည်။

ထို့ကြောင့် **"စိတ်ဓာတ်၊ စည်းကမ်း၊ ပညာ"** ဟူသော ဆောင်ပုဒ်နှင့်အညီ ကျောင်းသားကျောင်းသူများကို ဗလငါးတန်ထူးချွန်သည့် လူကောင်းလူတော်များဖြစ်အောင် ပျိုးထောင်ပေးခြင်းသည် **"အမျိုးသားစည်းကမ်းအစ စာသင်ကျောင်းက"** ဆိုသည့်အတိုင်း နိုင်ငံတော်အတွက် အရေးအကြီးဆုံး ပြုပြင်ပြောင်းလဲမှုပင်ဖြစ်သည်။ လူငယ်များအနေဖြင့် စာတတ်ရုံသာမက စိတ်ဓာတ်၊ စည်းကမ်းနှင့် အသိပညာဗဟုသုတ ပြည့်စုံသည့် လူတော်လူကောင်းများ ဖြစ်လာစေရန်နှင့် နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်မည့် အတတ်ပညာရှင်၊ အသိပညာရှင်များဖြစ်စေရန် **"စာကိုလည်းသင်၊ လူကိုလည်းပြင်"** ဆိုသည့် ဆောင်ပုဒ်နှင့်အညီ ကျောင်းသား ကျောင်းသူများကို အမှန်တကယ် ပညာပြည့်ဝအောင်၊ ပညာရေးကဏ္ဍကို မဖြစ်မနေ မြှင့်တင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

### နိုင်ငံ၏အားသည် ပြည်တွင်းမှာသာရှိသည်

ပညာရေးကဏ္ဍအတွင်း ဒေသအလိုက် မညီမျှမှုများကိုလျော့နည်းစေရန် လိုအပ်ကြောင်း အထူးညွှန်ကြားခဲ့သည်။ ကလေးတိုင်းအတွက် အခွင့်အလမ်း တန်းတူညီမျှမှုရရှိစေရန် အခြေခံပညာရေး၏ အုတ်မြစ်ခိုင်မာရေးကို ဦးစားပေးထားသည်။ အခြေခံပညာရေးတွင် KG မှ Grade (9) အထိ မဖြစ်မနေသင်ယူပြီးမြောက်စေရေး **(KG + 9)** မူဝါဒသည် မြန်မာနိုင်ငံသားတိုင်းအတွက် အနည်းဆုံးလိုအပ်သည့် စဉ်းစားတွေးခေါ်နိုင်စွမ်းနှင့် စည်းကမ်းရှိမှုကို အာမခံပေးမည့် အုတ်မြစ်ဖြစ်သည်။

ဤမူဝါဒသည် ကျောင်းနေအရွယ် ကလေးတိုင်း ကျောင်းနေနိုင်စေရန်နှင့် ကျောင်းထွက်နှုန်းလျှော့ချရန်အတွက် အဓိကရည်မှန်းချက်ဖြစ်သည်။ အထူးသဖြင့် လက်နက်ကိုင်ပဋိပက္ခကြောင့် ပညာသင်ကြားခွင့် ဆုံးရှုံးခဲ့ရသည့် နယ်စပ်ဒေသများရှိ ကလေးငယ်များအတွက် နေရာဒေသကွာခြားမှု မရှိစေဘဲ ပညာသင်ကြားခွင့်ရရှိစေရန် **"မည်သည့် ကလေးမျှ မကျန်ရစ်စေရ"** ဟူသော မေတ္တာနှင့် ယှဉ်သည့်မူဝါဒသည် နိုင်ငံ့သားကောင်းများ ပေါ်ထွက်လာစေရန် ခင်းကျင်းပေးသော ပေါင်းကူးတံတားတစ်ခု ဖြစ်လာမည်ဖြစ်သည်။

**"နိုင်ငံ၏အားသည် နိုင်ငံသားများအတွင်း တွင်ရှိသည်"** ဟူသော သဘောတရားကိုအခြေခံ၍ နိုင်ငံတော်သမ္မတက ခေတ်မီနိုင်ငံတော်တစ်ရပ် တည်ဆောက်ရာတွင် ကမ္ဘာလုံးဆိုင်ရာပြိုင်ဆိုင်မှုကို ခံနိုင်ရည်ရှိသလို ဒေသတွင်းထုတ်လုပ်မှုစွမ်းရည်နှင့်လည်း ချိတ်ဆက်နိုင်သည့် လုပ်သားအင်အားရှိရမည်ဟု အလေးပေးပြောကြားခဲ့သည်။

### စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးနှင့် နည်းပညာအခြေခံ သက်မွေးပညာကဏ္ဍ

မြန်မာနိုင်ငံ၏ လူဦးရေ ၇၀ ရာခိုင်နှုန်းခန့် မှီတင်းနေထိုင်ရာ ကျေးလက်ဒေသများသည် စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံသည်နှင့်အညီ ၎င်းတို့၏ လူမှုစီးပွားဘဝကို မြှင့်တင်ရန်အတွက် ပညာရေးဝန်ကြီးဌာနအောက်ရှိ စက်မှု၊ စိုက်ပျိုးရေးနှင့် မွေးမြူရေး အထက်တန်းကျောင်းများကို တိုးချဲ့ဖွင့်လှစ်သွားရန် အခြေခံသက်မွေးပညာကဏ္ဍကို နိုင်ငံတော်သမ္မတကြီးက အထူးအလေးပေးခဲ့ပါသည်။

- **စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်းများ** – လူငယ်များအတွက် အလုပ်အကိုင်အခွင့်အလမ်းများကို တိုက်ရိုက်ဖန်တီးပေးမည့် လမ်းကြောင်းသစ်များ ဖြစ်လာပါမည်။
- **Polytechnic နှင့် အဆင့်မြင့်သိပ္ပံကျောင်းများ** – လက်တွေ့အသုံးချပညာရပ်များနှင့် သိပ္ပံပညာအကြား ကွာဟချက်ကို ဖြည့်ဆည်းရန် Polytechnic တက္ကသိုလ်များကို တိုးချဲ့တည်ထောင်ပြီး Agro–based Industry အတွက် လိုအပ်သော ကျွမ်းကျင်ပညာရှင်များကို ပြုစုပျိုးထောင်သွားမည်ဖြစ်သည်။
- **MSMEနှင့် ချိတ်ဆက်မှု** – အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်း (MSME)များ ဖွံ့ဖြိုးတိုးတက်ရန်အတွက် လိုအပ်သော စက်မှုလက်မှုကျွမ်းကျင်သူများကို ဤသက်မွေးပညာကျောင်းများမှတစ်ဆင့် ပြုစုပျိုးထောင်သွားမည်ဖြစ်သည်။

### ဥပဒေအသိနှင့် စည်းကမ်းရှိသော လူမှုဝန်းကျင်

ပညာရေးသည် အတတ်ပညာသာမက အသိပညာပါ ပြည့်စုံရမည်ဖြစ်ကြောင်း၊ ပြည်သူအားလုံး ဥပဒေကို သိရှိလိုက်နာမှသာ အေးချမ်းသာယာသော ဒီမိုကရေစီနိုင်ငံသစ်ကို တည်ဆောက်နိုင်မည်ဖြစ်ကြောင်း နိုင်ငံတော်သမ္မတက လမ်းညွှန်ထားသည်။ ထို့ကြောင့် အခြေခံပညာကျောင်းများတွင် ဥပဒေအခြေခံများကို သင်ကြားပေးခြင်းနှင့် တက္ကသိုလ်အသီးသီးတွင် ဥပဒေပညာဘွဲ့ပေးနိုင်သည်အထိ တိုးမြှင့်ဆောင်ရွက်ခြင်းတို့သည် တရားဥပဒေစိုးမိုးရေးအတွက် ခိုင်မာသော ကြိုးပမ်းချက်များပင်ဖြစ်သည်။

### အတူတကွ ပေါင်းစည်းတည်ဆောက်မည့်အနာဂတ်

**"နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့"** ဆိုသည့် ဆောင်ပုဒ်နှင့်အညီ ပညာရေးကဏ္ဍ ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သွားကြရေး အထူးအလေးပေးပြောကြားခဲ့သည်။ နိုင်ငံတော်သမ္မတကြီးက နိုင်ငံရေးပါတီများ၊ လူမှုအဖွဲ့အစည်းများနှင့် နိုင်ငံတကာမိတ်ဖက်များအား ပညာရေးပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်တွင် ပူးပေါင်းပါဝင်ကြရန် ဖိတ်ခေါ်ခဲ့သည်။

ယခုအခါ မြန်မာနိုင်ငံသည် ပြည်သူ့ဆန္ဒနှင့်အညီ ပြည်သူတစ်ရပ်လုံးကလိုလားသော လမ်းကြောင်းပေါ်သို့ ပြန်လည်ခြေချကာ ဒီမိုကရေစီစာမျက်နှာသစ်ကို စတင်ရေးဆွဲနေပြီဖြစ်သည်။ ဆရာ၊ မိဘ၊ ကျောင်းသားနှင့် ပြည်သူတစ်ရပ်လုံးက စည်းလုံးညီညွတ်စွာ ပူးပေါင်းဆောင်ရွက်ကြမည်ဆိုပါက မြန်မာနိုင်ငံသည် ဉာဏ်ရည်၊ ကိုယ်ကျင့်တရားနှင့် တည်တံ့ခိုင်မြဲသော ဖွံ့ဖြိုးတိုးတက်မှုတို့ဖြင့် ကမ္ဘာ့အလယ်တွင် ဝင့်ထည်စွာရပ်တည်နိုင်မည်ဖြစ်ပါသည်။ ပြည်ထောင်စုနှင့် တိုင်းဒေသကြီး၊ ပြည်နယ်များအချင်းချင်းပေါင်းစပ်ညှိနှိုင်းပြီး နိုင်ငံရေး၊စီးပွားရေး၊ ပညာရေးနှင့် လူမှုရေးကဏ္ဍများကို စိတ်တူကိုယ်တူ အကောင်အထည်ဖော်ခြင်းဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံသစ်ဆီသို့ အရောက်လှမ်းနိုင်မည်မှာ မလွဲကေန်ပင်ဖြစ်ပါတော့သည်။ ။

**❝ ယခုအခါ မြန်မာနိုင်ငံသည် ပြည်သူ့ဆန္ဒနှင့်အညီ ပြည်သူတစ်ရပ်လုံးကလိုလားသော လမ်းကြောင်းပေါ်သို့ ပြန်လည်ခြေချကာ ဒီမိုကရေစီစာမျက်နှာသစ်ကို စတင်ရေးဆွဲနေပြီဖြစ်သည်။ ဆရာ၊ မိဘ၊ ကျောင်းသားနှင့် ပြည်သူတစ်ရပ်လုံးက စည်းလုံးညီညွတ်စွာ ပူးပေါင်းဆောင်ရွက်ကြမည်ဆိုပါက မြန်မာနိုင်ငံသည် ဉာဏ်ရည်၊ ကိုယ်ကျင့်တရားနှင့် တည်တံ့ခိုင်မြဲသော ဖွံ့ဖြိုးတိုးတက်မှုတို့ဖြင့် ကမ္ဘာ့အလယ်တွင် ဝင့်ထည်စွာ ရပ်တည်နိုင်မည်ဖြစ်ပါသည်။ ပြည်ထောင်စုနှင့် တိုင်းဒေသကြီး၊ ပြည်နယ်များအချင်းချင်း ပေါင်းစပ်ညှိနှိုင်းပြီး နိုင်ငံရေး၊ စီးပွားရေး၊ ပညာရေးနှင့် လူမှုရေးကဏ္ဍများကို စိတ်တူကိုယ်တူ အကောင်အထည်ဖော်ခြင်းဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံသစ်ဆီသို့ အရောက်လှမ်းနိုင်မည်မှာ မလွဲကေန်ပင်ဖြစ် ❞**

# ပစ်ခတ်တိုက်ခိုက်မှုရပ်စဲထားသော်လည်း လက်ဘနွန်နိုင်ငံ၌ အခြေအနေတည်ငြိမ်မှုအားနည်းနေသေး

**ဂျေရုဆလင် မေ ၂၅**

အစ္စရေးနှင့် လက်ဘနွန်နိုင်ငံတို့အကြား သီတင်းသုံးပတ်ကြာ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သက်တမ်းတိုးရန် သဘောတူညီထားသော်လည်း လက်ဘနွန်နိုင်ငံတွင် ပဋိပက္ခများ ဆက်လက်ဖြစ်ပွားလျက်ရှိကြောင်း သိရသည်။

ရှီးယားမူဆလင်အဖွဲ့ ဟစ်ဇ်ဘိုလာသည် အစ္စရေးနိုင်ငံမြောက်ပိုင်းသို့ ဒုံးကျည်များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း အစ္စရေးစစ်ဘက်က မေ ၂၄ ရက်တွင် ပြောကြားခဲ့သည်။ ယင်းတိုက်ခိုက်မှုသည် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူညီချက်ကို ချိုးဖောက်ခြင်းဖြစ်ကြောင်း အစ္စရေးဘက်က ဆိုသည်။

ဒုံးကျည်များ ပစ်လွှတ်ခဲ့သည့် နေရာအနီးတစ်ဝိုက်ရှိ ဟစ်ဇ်ဘိုလာ၏ စစ်ဘက်ဆိုင်ရာ နေရာများကို ပြန်လည်တိုက်ခိုက်ခဲ့ကြောင်း အစ္စရေးက ပြောကြားခဲ့သည်။

အစ္စရေးတပ်မတော်သည် မြောက်ပိုင်းဒေသရှိ ပြည်သူများ၏ လုံခြုံရေးကို ကာကွယ်နိုင်ရေး ကြားခံနယ်မြေတစ်ခုဖန်တီးရန် ရည်ရွယ်ကာ လက်ဘနွန်နိုင်ငံတောင်ပိုင်းတွင် စစ်ရေးလှုပ်ရှားမှုများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်းလည်း ဖော်ပြထားသည်။

ထို့အပြင် အစ္စရေးဝန်ကြီးချုပ် နေတန်ယာဟုက လက်ဘနွန်နှင့် သမိုင်းဝင်ငြိမ်းချမ်းရေးရရှိရန် ကြိုးပမ်းလျက်ရှိပြီး ဟစ်ဇ်ဘိုလာအဖွဲ့က ယင်းကြိုးပမ်းမှုကိုဖျက်ဆီးရန် အားထုတ်နေကြောင်း ပြောကြားခဲ့သည်။ **အင်န်အိတ်ချ်ကေ**




## ပါကစ္စတန် ဂြိုဟ်တုတစ်စင်းကို တရုတ်နိုင်ငံမှ အောင်မြင်စွာလွှတ်တင်

**ထိုက်ယွမ် မေ ၂၅**

တရုတ်နိုင်ငံသည် ပါကစ္စတန်၏ ဂြိုဟ်တုတစ်စင်းကို ရှန်ရှီးပြည်နယ်ရှိ ထိုက်ယွမ်ဂြိုဟ်တုလွှတ်တင်ရေးစင်တာမှ မေ ၂၅ ရက်တွင် အောင်မြင်စွာ လွှတ်တင်ခဲ့ကြောင်း သိရသည်။



PRSC-EO3 ဟု အမည်ပေးထားသော အဆိုပါဂြိုဟ်တုကို လောင်းမာ့ချ်-၆ သယ်ဆောင်ရေးဒုံးပျံဖြင့် ပေကျင်းစံတော်ချိန် ည ၈ နာရီ ၁၅ မိနစ်တွင် လွှတ်တင်ခဲ့ပြီး စီစဉ်သတ်မှတ်ထားသည့် ကမ္ဘာပတ်လမ်းအတွင်းသို့ အောင်မြင်စွာ ဝင်ရောက်နိုင်ခဲ့သည်။

အဆိုပါ လွှတ်တင်မှုသည် လောင်းမာ့ချ် ဒုံးပျံစီးရီး၏ အကြိမ် ၆၄၀ မြောက် ပျံသန်းမှုမစ်ရှင်ဖြစ်ကြောင်း သိရသည်။ **ဆင်ဟွာ**

## မက္ကဆီကိုမှ ဂျပန်သို့ ရေနံစိမ်းစည် တစ်သန်းနီးပါးပေးပို့ရန် သဘောတူ

**တိုကျို မေ ၂၅**

ဂျပန်နိုင်ငံသို့ ရေနံစိမ်းစည်ပေါင်း တစ်သန်းခန့် ပေးပို့ရန် မက္ကဆီကိုနိုင်ငံက သဘောတူညီခဲ့ကြောင်း သိရသည်။ ယခုသီတင်းပတ်အစောပိုင်းတွင် နှစ်နိုင်ငံခေါင်းဆောင်များ ဖုန်းဖြင့် ဆက်သွယ်ဆွေးနွေးပြီးနောက် ယခုသဘောတူညီချက် ပေါ်ပေါက်လာခြင်းဖြစ်သည်။

ဂျပန်ဝန်ကြီးချုပ် တာကာအိချီ ဆာနာအဲသည် မက္ကဆီကိုသမ္မတ ကလောဒီယာ ရှိမ်းဘမ်းထံ မေ ၂၁ ရက်က ဖုန်းခေါ်ဆိုခဲ့ပြီး ရေနံစိမ်းရောင်းချပေးရန် တောင်းဆိုခဲ့ကြောင်း မက္ကဆီကိုသမ္မတက မေ ၂၃ ရက်တွင် သတင်းထောက်များအား ပြောကြားခဲ့သည်။

ဂျပန်နိုင်ငံသို့ သတ်မှတ်ထားသည့် ရေနံပမာဏပေးပို့ရန် သဘောတူညီထားပြီးဖြစ်ကြောင်းလည်း ၎င်းက ထပ်မံအတည်ပြုပြောကြားခဲ့သည်။ မက္ကဆီကိုနိုင်ငံ၏ လောင်စာဆီထုတ်လုပ်မှုမှာ မကြာသေးမီနှစ်များအတွင်း လျော့နည်းလာခဲ့ပြီး ပြည်တွင်းတွင် ပိုလျှံသော လောင်စာဆီပမာဏ မည်မျှရှိသည်ကို အတိအကျမသိရပေ။ **အင်န်အိတ်ချ်ကေ**

## ကမ္ဘာတစ်ဝန်း အစားအစာမလုံလောက်မှုဒဏ် ခံစားနေရသူ ၂၆၆ သန်းကျော်ရှိ

**ဂျီနီဗာ မေ ၂၅**

၂၀၂၅ ခုနှစ်အတွင်း အစားအစာမလုံလောက်မှု ပြဿနာနှင့် ဆိုးရွားစွာရင်ဆိုင်နေရသည့် လူဦးရေ ၂၆၆ သန်းကျော်ရှိကြောင်း စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးဆိုင်ရာ အဖွဲ့အစည်းများက မေ ၂၄ ရက်တွင် ထုတ်ပြန်သည့် အစီရင်ခံစာအရ သိရသည်။ ယင်းပမာဏသည် စစ်တမ်းကောက်ယူထားသည့် နိုင်ငံပေါင်း ၄၇ နိုင်ငံရှိ လူဦးရေ၏ ၂၂ ဒသမ ၉ ရာခိုင်နှုန်းကို ကိုယ်စားပြုထားပြီး ၂၀၁၆ ခုနှစ်နှင့် နှိုင်းယှဉ်ပါက နှစ်ဆနီးပါး တိုးလာခြင်းဖြစ်သည်။

အစားအစာ မလုံလောက်မှု၏ အဓိကအကြောင်းရင်းများမှာ ပဋိပက္ခများနှင့်လုံခြုံရေးမတည်ငြိမ်မှုများကြောင့်ဖြစ်ကြောင်း ဖော်ပြထားသည်။ ဂါဇာဒေသတွင် လူဦးရေ နှစ်သန်းခန့် အစားအစာမလုံလောက်မှုနှင့် ရင်ဆိုင်နေရသည်။

ထို့ပြင် အရှေ့အလယ်ပိုင်းပဋိပက္ခနှင့် ဟော်မုဇ်ရေလက်ကြား ပိတ်ဆို့မှုတို့ကြောင့် စွမ်းအင်နှင့် မြေသြဇာဈေးကွက်များတွင် ထိခိုက်မှုများ ဖြစ်ပေါ်နေကြောင်းလည်း အစီရင်ခံစာတွင် ဖော်ပြထားသည်။

ကုန်သွယ်ရေကြောင်း ပိတ်ဆို့မှုများ ဆက်လက်ဖြစ်ပေါ်နေပါက ကမ္ဘာလုံးဆိုင်ရာ စိုက်ပျိုးရေးနှင့် စားနပ်ရိက္ခာဈေးကွက်တွင် ပိုမိုပြင်းထန်သောအခက်အခဲများ ဖြစ်ပေါ်လာနိုင်ကြောင်းလည်း သတိပေးထားသည်။

၂၀၂၆ ခုနှစ်အတွက် အလားအလာသည် စိုးရိမ်ဖွယ်ရာဖြစ်နေကြောင်း ယူနီဆက်ဖ်၏ လက်ထောက် ပြောရေးဆိုခွင့်ရှိသူ ရီကာဒို ပီရက်စ်က ပြောကြားခဲ့သည်။ ပဋိပက္ခများ အရှိန်မြင့်တက်လာခြင်း၊ ရာသီဥတုပြောင်းလဲမှုများနှင့် ကမ္ဘာ့ဈေးကွက် အဟန့်အတားများကြောင့် ကလေးငယ်များ အာဟာရချို့တဲ့မှု ပိုမိုကျရောက်လာနိုင်ကြောင်း ၎င်းက သတိပေးခဲ့သည်။ **အင်န်အိတ်ချ်ကေ**

## အာဖဂန်နစ္စတန်၌ ဘက်ထရီထုတ်လုပ်ရေးကဏ္ဍတွင် ဒေါ်လာ သန်း ၁၂၀ ကျော် ရင်းနှီးမြှုပ်နှံမည်

**ကဘူးလ် မေ ၂၅**

အာဖဂန်နစ္စတန်နိုင်ငံ၏ ဘက်ထရီထုတ်လုပ်ရေးကဏ္ဍတွင် အမေရိကန်ဒေါ်လာ သန်း ၁၂၀ ကျော် ရင်းနှီးမြှုပ်နှံသွားမည်ဖြစ်ကြောင်း နိုင်ငံပိုင်ရုပ်သံနှင့်ရေဒီယို (အာတီအေ) တွင် ဖော်ပြထားသည်။

ဘက်ထရီလိုအပ်ချက်၏ ၈၀ ရာခိုင်နှုန်းကျော်ကို ပြည်တွင်းထုတ်လုပ်မှုဖြင့် ဖြည့်ဆည်းနိုင်ကြောင်း စက်မှုနှင့်သတ္တုတွင်းဌာနမှ အကြီးအကဲ အဗ္ဗဒူမာတင် ကာလန်ဒရီ၏ ပြောကြားချက်ကို ကိုးကား၍ မေ ၂၄ ရက်တွင် ထုတ်ပြန်ခဲ့သည်။ လက်ရှိတွင် အာဖဂန်နစ္စတန်နိုင်ငံအတွင်း ဘက်ထရီထုတ်လုပ်ရေးစက်ရုံ ၁၁ ရုံရှိနေပြီး ပြည်တွင်းထုတ်လုပ်မှုတိုးမြှင့်ရေးနှင့် ပုဂ္ဂလိကကဏ္ဍအား ထောက်ပံ့ပေးရန်ရည်ရွယ်ထားသည်။ အာဖဂန်အစိုးရသည် ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုများကို ကြိုဆိုအားပေးလျက်ရှိကြောင်း သိရသည်။ **ဆင်ဟွာ**

## ယမန်နှစ်အတွင်း အာဖဂန်ကလေး ၁၂ သန်းကျော်ကို ပိုလီယိုကာကွယ်ဆေး တိုက်ကျွေးနိုင်ခဲ့

**ကဘူးလ် မေ ၂၅**

အာဖဂန်နစ္စတန်နိုင်ငံ၌ ယမန်နှစ်အတွင်း ကလေးသူငယ် ၁၂ သန်းကျော်အား ပိုလီယိုရောဂါကာကွယ်ဆေး တိုက်ကျွေးနိုင်ခဲ့ကြောင်း ကုလသမဂ္ဂ လူသားချင်းစာနာမှုဆိုင်ရာညှိနှိုင်းရေးမှူးရုံး (OCHA) က ပြောကြားခဲ့သည်ဟု ဒေသတွင်း တိုလိုနယူးစ်က မေ ၂၅ ရက်တွင် ထုတ်ပြန်ခဲ့သည်။

ထို့အပြင် ဝက်သက်ရောဂါကာကွယ်ဆေး အလုံးရေ ၁၆ ဒသမ ၆ သန်းနှင့် Penta-3 ကာကွယ်ဆေး အလုံးရေ ၁ ဒသမ ၆ သန်းကိုလည်း ဖြန့်ဝေတိုက်ကျွေးနိုင်ခဲ့ကြောင်း သိရသည်။

အာဖဂန်နစ္စတန် နိုင်ငံသည် ပိုလီယိုရောဂါ ဖြစ်ပွားနေဆဲနိုင်ငံများထဲမှတစ်ခုဖြစ်ပြီး ကျန်းမာရေး စောင့်ရှောက်မှု အားနည်းခြင်းနှင့် စီးပွားရေးအကျပ်အတည်းများကဲ့သို့သော စိန်ခေါ်မှုများ ရှိနေဆဲဖြစ်သည်။ သို့သော်လည်း နိုင်ငံတကာ အဖွဲ့အစည်းများ၏ ထောက်ပံ့ကူညီမှုများဖြင့် နိုင်ငံတစ်ဝန်း ကာကွယ်ဆေးထိုးနှံရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။ **ဆင်ဟွာ**



## ကနေဒါနိုင်ငံ၌ သဘာဝဓာတ်ငွေ့ပိုက်လိုင်း တိုးချဲ့စီမံကိန်းသစ် အတည်ပြု

**အော့တဝါ မေ ၂၅**


ကနေဒါအစိုးရသည် သဘာဝဓာတ်ငွေ့ပိုက်လိုင်းတိုးချဲ့ခြင်း စီမံကိန်းသစ်တစ်ခုကို အတည်ပြုခဲ့ကြောင်း မေ ၂၄ ရက်တွင် ကြေညာခဲ့သည်။

အဆိုပါစီမံကိန်းမှာ Enbridge ၏ Westcoast ပိုက်လိုင်းစနစ်အတွင်း ပါဝင်သည့် Sunrise Expansion စီမံကိန်းဖြစ်ပြီး ဗြိတိသျှကိုလံဘီယာပြည်နယ်တွင် အမေရိကန်ဒေါ်လာ ၂ ဒသမ ၉ ဘီလီယံဖြင့် စတင်အကောင်အထည်ဖော်မည်ဖြစ်သည်။

စီမံကိန်းအကောင်အထည်ဖော်ပြီးပါက တစ်ရက်လျှင် ကုဗပေ သန်း ၃၀၀ အထိ သဘာဝဓာတ်ငွေ့ သယ်ယူပို့ဆောင်နိုင်မှုကိုတိုးမြှင့်ပေးနိုင်မည်ဖြစ်ပြီး ပြည်နယ်အတွင်းရှိ စွမ်းအင်လိုအပ်ချက်များကို မြင့်မားစွာ ဖြည့်ဆည်းပေးနိုင်မည်ဖြစ်ကြောင်း ကနေဒါနိုင်ငံ စွမ်းအင်နှင့် သဘာဝအရင်းအမြစ်ဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။

ထို့ပြင် အဆိုပါသဘာဝဓာတ်ငွေ့သည် နေအိမ်များ၊ စီးပွားရေးလုပ်ငန်းများ၊ ကျောင်းများ၊ ဆေးရုံများနှင့် စက်မှုကုန်ထုတ်လုပ်ရေးကဏ္ဍတို့အတွက် အရေးပါသော စွမ်းအင်ရင်းမြစ်တစ်ခုအဖြစ် အထောက်အကူပြုမည်ဖြစ်ပြီး ယခုနှစ် နွေရာသီတွင် စတင်ဆောက်လုပ်ရန် စီစဉ်ထားကြောင်း သိရသည်။ **ဆင်ဟွာ**

■ *ကျောဖုံးမှ*




ကမ္ဘာ့စက်သုံးဆီဈေးနှုန်းများမြင့်တက်ခဲ့သော်လည်း ပြည်တွင်းစက်သုံးဆီဈေးနှုန်းများစွာမြင့်တက်သွားခြင်းမရှိစေရေးအတွက် နိုင်ငံတော်အစိုးရမှ ကြပ်မတ်ထိန်းကျောင်းဆောင်ရွက်ပေးလျက်ရှိရာ မိမိတို့နိုင်ငံ၏ စက်သုံးဆီဈေးနှုန်းများသည် အရှေ့တောင်အာရှနိုင်ငံများနှင့်နှိုင်းယှဉ်ပါက သင့်တင့်သည့်ဈေးနှုန်းများဖြစ်သည်ကို တွေ့ရှိရပါသည်။

**အာဆီယံနိုင်ငံများနှင့် စက်သုံးဆီဈေးနှုန်းများနှိုင်းယှဉ်ချက်**


| စဉ် | နိုင်ငံအမည် | ဓာတ်ဆီ(RON 95) | |
|---|---|---|---|
| | | (USD/Liter) | (MMK/Liter) |
| ၁ | Brunei | 0.417 | 1684.993 |
| ၂ | Indonesia | 0.723 | 2921.462 |
| ၃ | Vietnam | 0.902 | 3644.757 |
| ၄ | Malaysia | 1.017 | 4109.443 |
| ၅ | Myanmar | 1.215 | 4909.000 |
| ၆ | Philippines | 1.465 | 5919.699 |
| ၇ | Cambodia | 1.483 | 5992.432 |
| ၈ | Thailand | 1.646 | 6651.075 |
| ၉ | Laos | 1.775 | 7172.331 |
| ၁၀ | Singapore | 2.421 | 9782.656 |

| စဉ် | နိုင်ငံအမည် | ပရီမီယံဒီဇယ်ဆီ | |
|---|---|---|---|
| | | (USD/Liter) | (MMK/Liter) |
| ၁ | Brunei | 0.244 | 985.943 |
| ၂ | Indonesia | 0.853 | 3446.760 |
| ၃ | Vietnam | 1.068 | 4315.521 |
| ၄ | Thailand | 1.265 | 5111.549 |
| ၅ | Cambodia | 1.421 | 5741.906 |
| ၆ | Malaysia | 1.511 | 6105.573 |
| ၇ | Myanmar | 1.735 | 7012.000 |
| ၈ | Philippines | 2.051 | 8287.578 |
| ၉ | Laos | 2.170 | 8768.428 |
| ၁၀ | Singapore | 3.268 | 13205.171 |

ထို့အပြင် ကုန်စည်ပို့ဆောင်ရေးယာဉ်များသုံးစွဲရန် ရိုးရိုးဒီဇယ်ဆီများတင်သွင်းရာတွင် အခွန်အခများ ကင်းလွတ်ခွင့်ပြုထားသည့်အတွက် တစ်လီတာလျှင် ၅၇၅၂ ကျပ် (1.423 USD/Liter) ဖြင့် ရောင်းချပေးနိုင်လျက်ရှိပါသည်။

ရေနံစိမ်းဈေးနှုန်းမြင့်တက်မှုနှင့် စက်သုံးဆီဈေးနှုန်းမြင့်တက်မှုကို နှိုင်းယှဉ်ကြည့်မည်ဆိုပါက ကုန်ကြမ်းရေနံစိမ်းဈေးမြင့်တက်မှုရာခိုင်နှုန်းနည်းပါးသော်လည်း ကုန်ချောစက်သုံးဆီဈေးနှုန်းများမှာ တစ်ဟုန်ထိုးမြင့်တက်ခဲ့သည်ကို တွေ့ရှိရမည်ဖြစ်ပါသည်။

**ရေနံစိမ်းဈေးနှုန်းနှင့်ဓာတ်ဆီ၊ ဒီဇယ်ဈေးနှုန်းနှိုင်းယှဉ်ချက်အခြေပြဇယား**




သို့ဖြစ်ရာ ရေနံစိမ်းကိုဝယ်ယူ၍ ကိုယ်တိုင်ချက်လုပ်ဖြန့်ဖြူးနိုင်မည်ဆိုပါက ပြည်သူများအနေဖြင့် စက်သုံးဆီကိုပိုမိုချိုသာသောဈေးနှုန်းဖြင့် သုံးစွဲနိုင်ခွင့်ရရှိမည်ဖြစ်ပါသည်။ ထို့ကြောင့် နိုင်ငံတော်အစိုးရအနေဖြင့် ရေနံချက်စက်ရုံအသစ်များ တိုးချဲ့တည်ဆောက်နိုင်ရေး စီမံဆောင်ရွက်လျက်ရှိသကဲ့သို့ စက်ရုံအဟောင်းများကိုလည်း အဆင့်မြှင့်တင်ခြင်းများ ဆောင်ရွက်လျက်ရှိနေပါသည်။

ထို့အပြင် ရေနံစိမ်းကို လုံလောက်စွာထုတ်လုပ်လာနိုင်ပါက ပြည်သူများအနေဖြင့် စက်သုံးဆီနှင့်ပတ်သက်၍ ကြောင့်ကြမှုများ ကင်းဝေးသွားမည်ဖြစ်ရာ နိုင်ငံတော်အစိုးရအနေဖြင့် ရေနံစိမ်းများ ပိုမိုတိုးတက်ထုတ်လုပ်နိုင်ရေးအတွက်လည်း နည်းလမ်းမျိုးစုံဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိနေပါသည်။

နိုင်ငံတော်အစိုးရအနေဖြင့် ပြည်တွင်းထုတ်စက်သုံးဆီများကို သုံးစွဲသူပြည်သူများထံ တိုက်ရိုက်ဖြန့်ဖြူးပေးသည့်အနေဖြင့် မော်တော်ဆိုင်ကယ်များ၊ သုံးဘီးယာဉ်များနှင့် အချို့မော်တော်ယာဉ်များကို RON 68 ဓာတ်ဆီတစ်ဂါလန်လျှင် ၁၇၂၅၂ ကျပ်ဖြင့်လည်းကောင်း၊ RON 72 ဓာတ်ဆီတစ်ဂါလန်လျှင် ၁၇၇၀၇ ကျပ် ဖြင့်လည်းကောင်း၊ တောင်သူလယ်သမားများထံသို့ ဒီဇယ်တစ်ဂါလန်လျှင် ၁၀၀၀၀ ကျပ်နှုန်းဖြင့်လည်းကောင်း လက်ဝယ်အရောက် ဖြန့်ဖြူးရောင်းချပေးလျက်ရှိပါသည်။ ဆက်လက်ရောင်းချပေးသွားရန်အတွက်လည်း စီမံထားရှိပြီးဖြစ်ပါသည်။

လက်ရှိအခြေအနေတွင် ပြည်သူများအနေဖြင့် ရင့်ကျက်နားလည်မှုရှိသည့်စိတ်၊ ကိုယ်ချင်းစာစိတ်၊ အကောင်းမြင်စိတ်များဖြင့် အကြံဉာဏ်များပေးခြင်း၊ အသိပညာဗဟုသုတများကို လူမှုကွန်ရက်များမှ မျှဝေပေးခြင်း၊ ပြည်သူလူထုထိခိုက်နစ်နာစေသည့် အပြုအမူများကို တွေ့ရှိသည်နှင့်တစ်ပြိုင်နက် Call Center များသို့ သတင်းပို့ခြင်း၊ မီဒီယာများအနေဖြင့်လည်း ပြည်သူလူထု ထင်ယောင်ထင်မှားဖြစ်စေမည့်၊ စိုးရိမ်ထိတ်လန့်မှုဖြစ်စေမည့် ခေါင်းစဉ်များဖော်ပြ၍ ရေးသားဖြန့်ဝေခြင်းမပြုမိစေရန် သတိထားဆောင်ရွက်လာခြင်းတို့ဖြင့် ပူးပေါင်းဆောင်ရွက်မှုများအား ပြုလုပ်နေကြသည့်အတွက် စက်သုံးဆီဖြန့်ဖြူးရောင်းချမှုလုပ်ငန်းစဉ်များသည် တည်ငြိမ်လာသည့်အခြေအနေသို့ ရောက်ရှိလာပြီဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ပြည်သူများအနေဖြင့် စက်သုံးဆီပြတ်လပ်မည်ကိုစိုးရိမ်၍ တန်းစီဝယ်ယူစုဆောင်းခြင်းမျိုး မပြုလုပ်ကြပါရန်နှင့် လိုအပ်သလောက်သာဝယ်ယူသုံးစွဲခြင်းဖြင့် လူတစ်ဦးချင်းစီ၏ အချိန်ကုန် လူပင်ပန်းမှုများသက်သာစေမည်ဖြစ်သည့်အပြင် နိုင်ငံတော်၏ နိုင်ငံခြားငွေသုံးစွဲမှုလျှော့ချလာနိုင်မည်ဖြစ်သည့်အတွက် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၏ မိဘပြည်သူများအကျိုးကိုရှေးရှု၍ အကောင်အထည်ဖော်ဆောင်ရွက်နေသည့် လုပ်ငန်းစဉ်များတွင် ပိုမို၍ပူးပေါင်းပါဝင်ပေးကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**

## အမရပူရမြို့နယ်၌ နွေသီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိရေး သဘာဝမြေသြဇာနှင့် ဓာတ်မြေသြဇာရောစပ်ကြဲပက်ပွဲ ပြုလုပ်



**မန္တလေး ဧပြီ ၂၅**

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် တမုတ်ဆိုးကျေးရွာအုပ်စု သာလှအေးကျေးရွာ ရွာဦးဓမ္မာရုံ၌ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ကျင်းပသော နွေသီးနှံများ ပန်းတိုင်အထွက်နှုန်း ရရှိရေး ဓာတ်မြေသြဇာစုပေါင်းရောင်းချပွဲ၊ တောင်သူပညာပေးဆွေးနွေးပွဲနှင့် သဘာဝမြေသြဇာနှင့် ဓာတ်မြေသြဇာ (သုံးအချိုးတစ်) ရောစပ်ကြဲပက်ပွဲကို ဧပြီ ၂၃ ရက်က ပြုလုပ်သည်။

အခမ်းအနားတွင် အမရပူရခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးတင်ကိုလင်းက အမှာစကား ပြောကြားပြီး စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးလှိုင်က ဓာတ်မြေသြဇာရောင်းချပေးရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားကာ စိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိယလက်ထောက်ဦးစီးမှူး ဒေါ်ဇင်သီယာဦးက နွေစပါးပန်းတိုင်အထွက်နှုန်းရရှိအောင် ဆောင်ရွက်မည့် နည်းလမ်းများကို ရှင်းလင်း ဆွေးနွေးသည်။ ထို့နောက်တောင်သူများက သိရှိလိုသည်များအား တင်ပြရာ တာဝန်ရှိသူများက ပြန်လည်ဖြေရှင်းပေးသည်။

ယင်းနောက် ဓာတ်မြေသြဇာစုပေါင်းရောင်းချပွဲနှင့် သဘာဝမြေသြဇာနှင့် ဓာတ်မြေသြဇာရောစပ်ကြဲပက်ပွဲကို ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ ဦးစိုးညွန့်ဦး နှင့် တာဝန်ရှိသူများက သဘာဝမြေသြဇာနှင့် ဓာတ်မြေသြဇာလက်တွေ့ရောစပ်ကြဲပက်နေမှုကို ကြည့်ရှုခဲ့ကြောင်း သိရသည်။

**စိုးသီဟ(အမရ)**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက် / ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# သီးနှံများတွင် ဓာတ်မြေဩဇာအသုံးပြုမှု အစားထိုးနည်းပညာများ (အပိုင်း - ၃)

**တောင်သူဦးကြီးများ၏ သီးနှံစိုက်ပျိုးရေးအတွက် ဓာတ်မြေဩဇာအစားထိုးသုံးစွဲမှု နည်းပညာများစွာရှိသည့်အနက် နည်းပညာအသစ်တစ်ခုအနေဖြင့် ပဲမျိုးရင်းဝင်အပင်ကြီးများ စိုက်ပျိုးထုတ်လုပ်ပြီး တောင်သူဦးကြီးများ၏ လယ်ယာလုပ်ငန်းများနှင့် ပူးတွဲဆောင်ရွက် အသုံးပြုကာ ဝင်ငွေပိုမိုရရှိနိုင်ခြင်း အကြောင်းကို ဆက်လက်ရေးသားဆွေးနွေးလိုပါသည်။**

*မောင်ပြေ (ဆင်ပေါင်ဝဲ)*

**“ တောင်သူဦးကြီးများ၏ စိုက်ပျိုးမြေများတွင် လက်ရှိဓာတ်မြေဩဇာကြီးမြင့်နေမှုကို သဘာဝမြေဩဇာများ ထည့်သွင်းပေးရုံသာမက စိုက်ခင်းများတွင် ပဲမျိုးစုံသီးနှံများ၊ တိရစ္ဆာန်အစာ စားကျက်ပဲသီးနှံများ၊ စားကျက်ပဲပင်ကြီးများ တိုးချဲ့ရောနှော စိုက်ပျိုးပေးခြင်းအားဖြင့် မြေဆီဩဇာနည်းပါးသွားမှုကို တစ်ဖက်တစ်လမ်းမှ ကာကွယ်ပေးနိုင် ”**

### ဘောစကိုင်း (ခေါ်) အဝေရာ

ဤ ပဲမျိုးပင်သစ်ပင်ကြီးကို ၁၉၇၀ ပြည့်နှစ်များကတည်းက အံ့ဖွယ်သစ်ပင်အဖြစ် ကမ္ဘာပေါ်တွင် တိရစ္ဆာန်များကို ကျွေးမွေးနေပြီဖြစ်ပါသည်။ ယနေ့အထိ ဘောစကိုင်းပင်ကို တစ်ကမ္ဘာလုံး ဟက်တာပေါင်း ငါးသန်းကျော်ကျော် စိုက်ပျိုးလျက်ရှိနေပါပြီ။ သို့သော် တချို့မျိုးစိတ်များမှာ ပေါင်းပင်အနေဖြင့် ထိုးဖောက်ပြန့်ပွား နှောင့်ယှက်တတ်သော အပင်မျိုးပြားဖြစ်သဖြင့် စိုက်ပျိုးရာတွင် အလွန်သတိထားရပါမည်။

(မြန်မာနိုင်ငံတွင်ရှိသော ဘောစကိုင်းပင်အများစုမှာ ထိုပေါင်းပင်လိုမျိုးများဖြစ်ပြီး နွားစာအဖြစ် အသုံးပြုရသော ဩစတြေးလျနိုင်ငံမှ ကာနင်ဟန်ဘောစကိုင်း အပင်ပုမျိုး (L.leucocephala Var. Cunningham) ပြောင်းလဲစိုက်ပျိုးရပါမည်။)

### အပင်၏ ရုက္ခဗေဒ ဆိုင်ရာ

ဤအပင်သည် ဆူးမပါပါ။ မျိုးအပေါ် လိုက်၍ ၁၀ ပေမှ ပေ ၄၀ ခန့်အထိ အပင်အမြင့်ရှိပါသည်။ မူရင်းဒေသမှာ မက္ကဆီကို နိုင်ငံဖြစ်ပြီး ယခုတော့ တစ်ကမ္ဘာလုံး ပျံ့နှံ့နေပါပြီ။ အရွက်မှာ စုံပင်နိပ်အမျိုးအစား(Bi-pinnate)ဖြစ်ပြီး အသီးတစ်တောင့်တွင်အစေ့ ၁၅ -၃၀ အထိ မျိုးစေ့များပါဝင်နိုင်ပါသည်။ ရုက္ခဗေဒ မျိုးခွဲပညာအရ ပဲမျိုးရင်းဝင် မီမိုဆေဆီး (Mimosaceae)အောက်တွင်ပါပြီး လူကေးနား မျိုးစိတ်(Genus – Leucaena)တွင် မျိုးပြား/မျိုးဖြားပေါင်း ၁၄ ခုအထိ ရှိနေပါသည်။

အမြစ်နက်နက်ထိုးဆင်းသည့် ပုံစံဖြစ်ပြီး အမြဲစိမ်းသစ်ပင် ဖြစ်ပါသည်။

### သင့်တော်သော ရာသီဥတုနှင့် မြေဆီလွှာအနေအထား

ဘောစကိုင်းပင်က အပူပိုင်းဒေသပင်ဖြစ်၍ နေ့အပူချိန် ၂၅-၃၀ ဆဲလ်စီးယပ်ရမည်ဆိုလျှင် သင့်တော်သောကြီးထွားမှု ရရှိပါသည်။ အီကွေတာမှ လတ္တီတွဒ် ၁၀ ဒီဂရီအတွင်းဆိုလျှင် ပင်လယ်ရေပြင်အမြင့် မီတာ ၁၀၀၀ (ပေ ၃၀၀၀-အထိ)၊ လတ္တီတွဒ် ၁၀ -၂၅ ဒီဂရီအတွင်း ဆိုလျှင် မီတာ ၅၀၀ (ပေ ၁၅၀၀ အထိ) အောင်မြင်စွာ စိုက်ပျိုးနိုင်ပါသည်။ အပူပိုင်းဒေသအပင်ဖြစ်၍ နှင်းခါးရိုက်မှုကိုတော့ ခံနိုင်ရည်မရှိပါ။ ဤအပင်က အခြားအပင်ကို အရိပ်အဖြစ် ပေးနိုင်သော်လည်း မိမိကိုယ်တိုင်ကမူ အရိပ်မကြိုက်ပါ။ မိုးရေချိန်အနေဖြင့် မီလီမီတာ ၆၅၀ မှ ၃၀၀၀ (အနည်းဆုံး ၂၂ လက်မမှ လက်မ ၁၂၀ အတွင်း) ကောင်းမွန်စွာဖြစ်ထွန်းပြီး မိုးခေါင်ဒဏ်ခံနိုင်ရည်ရှိသော အပင်ဖြစ်သဖြင့် မိုးနည်းရပ်ဝန်းဒေသများဖြစ်သော မန္တလေး၊ မကွေး၊ စစ်ကိုင်း စသည့်ဒေသများတွင် အောင်မြင်စွာ စိုက်ပျိုးဖြစ်ထွန်းနိုင်ပါသည်။

ကြိုက်နှစ်သက်သော မြေဆီလွှာမှာ ရေထုတ်နိုင်သော ကယ်လ်ဆီယမ်ပါ မြေဆီလွှာမျိုးကို ပိုမိုနှစ်သက်ပါသည်။



ဘောစကိုင်းကန်နင်ဟန် အပင်ပုမျိုး နွားစားပဲပင်ပုံ။

နိုက်ထရိုဂျင်ဖမ်းယူပေးနိုင်မှုမှာ မြေအမျိုးအစား၊ ရေရရှိမှု၊ ရာသီဥတုတွေအပေါ် မူတည်နေပါသည်။

### ဘောစကိုင်းပင် စိုက်ပျိုး၊ ပြုစု၊ ပျိုးထောင်ခြင်း

အပင်ကြီးသဘာဝအရ အပင်ငယ်စဉ်တွင် ကြီးထွားမှုက နှေးကွေးပါသည်။ မျိုးစေ့မာ အမျိုးအစားဖြစ်ပြီး အခွံမှာ ဖယောင်းလွှာပါဝင်သည့်အတွက် အစိုဓာတ်လွယ်လွယ် မရနိုင်ဘဲ အညှောင့်ပေါက် နှေးပါသည်။ တစ်နည်းအားဖြင့် အစေ့ငုတ်ချိန်ရှိမှုကြောင့် အညှောင့်ပေါက်စေရန် ရေပူနှင့် အချိန်အနည်းငယ်ခန့်၊ ဆာလဖြူရစ်အက်စစ်နှင့် ၅ -၁၀ မိနစ်ခန့် ရေစိမ်ပေးခြင်းဖြင့် အစေ့ငုတ်မှု ချေဖျက်ကာ အညှောင့်ပေါက်မှုမြန်လာနိုင်ပါသည်။ စိုက်ပျိုးရာတွင် သင့်တော်သော ရိုက်ဇိုဘီယမ် မျိုးကွဲထည့်ပေးနိုင်ပါက ပိုမိုအကျိုးရှိပါမည်။ ပျိုးထောင်၍ စိုက်ပျိုးလျှင် မျိုးစေ့များကို ပေ ၁၀-၃၀ ပင်ကြား၊ တန်းကြားအတွင်း တစ်လက်မ အနက်ခန့် တစ်ဟက်တာ ၁-၂ ကီလိုဂရမ်နှုန်း စိုက်ပျိုးပေးနိုင်ပါသည်။ ဖော့စ်ဖော့ရပ်စ် အာဟာရဓာတ်က လိုအပ်လျက်ရှိနေ၍ ဤအာဟာရဓာတ်ကို ဖမ်းပေးနိုင်သော ဗမ်မိုက်ကိုရိုက်ဇာ မှိုတစ်မျိုးနှင့်လည်း တွဲဖက်စိုက်ပျိုးနိုင်ပါသည်။

**သီးနှံအထွက်နှုန်း။** မြေအမျိုးအစား၊ မိုးရေချိန်အပေါ် မူတည်၍ တစ်နှစ်လျှင် တစ်ဟက်တာ (၂ ဒသမ ၅ ဧက)လျှင် ၃ တန်မှ တန် ၃၀ အထိ ထွက်ရှိနိုင်ပါသည်။ တိရစ္ဆာန်များ စားသုံးနိုင်သော အစာအဖြစ် ၁၀ တန်အထိ ရရှိနိုင်ပါသည်။

**မီမိုဆင်းအဆိပ်ဖြစ်နိုင်မှု။** ဘောစကိုင်းပင်၏ အရွက်ကြီးများနှင့် အတောင့်များသည် မီမိုဆင်းအဆိပ်ဖြစ်နိုင်မှု အခြောက်အလေးချိန်၏ ၁၂ ရာခိုင်နှုန်းအထိ ဖြစ်နိုင်သော်လည်း အရွက်နုများတွင် ၃ -၅ ရာခိုင်နှုန်းသာ ပါဝင်နိုင်၍ တိရစ္ဆာန်များကိုကျွေးမွေးနိုင်ပါသည်။

### စားကျက်သီးနှံစိုက်ပျိုး ထုတ်လုပ်မှုစနစ်များ

**(က) သီးနှံသစ်တောရောနှော၊ သစ်ပင်-မြက်-တိရစ္ဆာန် ပေါင်းစည်းစနစ်**

လက်တင်အမေရိကနှင့် ဩစတြေးလျတွင် အသုံးများပါသည်။ ဘောစကိုင်းနှင့် မြက်များ ရောစပ်စိုက်ပျိုးသောစနစ် (Agroforestry System) ဖြစ်ပါသည်။

အကျိုးကျေးဇူးများမှာ တိရစ္ဆာန်အစာ အရည်အသွေး တိုးတက်ပါသည်။ မြေဆီဓာတ် တိုးတက်လာပါသည်။ တိရစ္ဆာန်မွေးမြူမှု ကောင်းမွန်လာပြီး အသားထုတ်လုပ်မှု တိုးတက်လာပါသည်။

**(ခ) ရိတ်ဖြတ်ယူကျွေးမွေးစနစ်**

မြန်မာနိုင်ငံအပါအဝင် အာရှနှင့် အာဖရိကတွင် အသုံးများပါသည်။ လယ်သမားများက မြက်ရွက်များကို ဖြတ်ယူပြီး တိရစ္ဆာန်ကို တိုက်ရိုက်ကျွေးသောစနစ်ဖြစ်ပါသည်။

ထွက်ရှိမှုမှာ တစ်နှစ်လျှင် မြက်ခြောက် ၁၂ - ၂၀ တန် (အခြောက်/ဟက်တာ Dry matter ha-2) ရနိုင်ပြီး ပရိုတင်းပါဝင်မှု ၂၂-၃၀ ရာခိုင်နှုန်းအထိ ရရှိနိုင်ပါသည်။

**(ဂ) တိုက်ရိုက်လွှတ်ကျောင်းစားကျက်စနစ်**

ဩစတြေးလျနိုင်ငံတွင် အထူးသဖြင့် အသုံးများပါသည်။ အကျိုးကျေးဇူးမှာ ကျွဲ၊ နွား၊ သိုး၊ ဆိတ်များ အလေးချိန်တိုးပြီး မြက်ခင်းမှာ တိရစ္ဆာန်အစာရရှိမှု၊ ထုတ်လုပ်မှုတိုးတက်လာနိုင်ပါသည်။

**အာဟာရတန်ဖိုး။** ဘောစကိုင်းသည် အရည်အသွေးမြင့် ပရိုတင်းအစာဖြစ်သည်။

အဓိကအချက်များမှာ ပရိုတင်း ၂၀-၃၀ ရာခိုင်နှုန်းအထိရှိနိုင်၊ အမိုင်နိုအက်စစ်များ ကြွယ်ဝပါသည်။ သတ္တုဓာတ်များ ပါဝင်ပါသည်။ အစာအိမ်ကြေပျက်လွယ်ဓာတ်ပါဝင်ပြီး Rumen အတွင်းရှိ မိုက်ခရိုအော်ဂဲနစ်များကို ကူညီကာ မြက်အရည်အသွေးကို ပိုမိုကောင်းမွန်စေရန် ချေဖျက်နိုင်စေသည့် ဓာတ်ပြုဖြစ်စဉ် ပါဝင်ပါသည်။

**ဘောစကိုင်းပင်၏အရေးပါမှု။** အသားထုတ်လုပ်မှုနှင့် နို့ထုတ်လုပ်မှုတိုးတက်စေခြင်း။ ဥပမာ - နို့ထုတ်လုပ်မှု တစ်ရက် ၄.၇ → ၇.၄ ကီလိုဂရမ် (kg) တိုးတက်နိုင်ပါသည်။

**ပရိုတင်းများစွာထုတ်နိုင်သော အပင်မျိုးဖြစ်ခြင်း။** အပူပိုင်းဒေသတွင် ပရိုတင်းချို့တဲ့မှုကို ဖြေရှင်းနိုင်ပါသည်။ ဈေးကြီးသော တိရစ္ဆာန်အစာနှ မလိုအပ်ဘဲ လျော့နည်းနိုင်ပါသည်။ *စာမျက်နှာ ၁၇ သို့*

**ပဲမျိုးရင်းဝင်အပင်များလေထဲမှ နိုက်ထရိုဂျင် ဖမ်းယူပေးနိုင်မှု**

| အမှတ်စဉ် | သီးနှံ | တစ်နှစ်နိုက်ထရိုဂျင်ဖမ်းယူ ပေးနိုင်မှု (ကီလိုဂရမ်/ဟက်တာ) |
|---|---|---|
| ၁ | ဘောစကိုင်း | ၂၈၇ |
| ၂ | ကလိုဗာစားကျက်ပဲ | ၂၈၀ |
| ၃ | စတိုင်လိုစားကျက်ပဲ | ၁၂၄ |
| ၄ | လူဆန်စားကျက်ပဲ | ၅၆ |
| ၅ | ပဲပုပ် | ၄၀ |
| ၆ | ပဲလွမ်း | ၄၀ |



ဘောစကိုင်း အပင်၊ အရွက်နှင့် အသီးတောင့်။

# ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၂၄)သို့ တက်ရောက်မည့် နိုင်ငံ့သားကောင်းရတနာများအား တွေ့ဆုံအားပေး



**နေပြည်တော် ဧပြီ ၂၅**
ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၂၄)သို့ တက်ရောက်ကြမည့် ရောဝတီတိုင်းဒေသကြီးအတွင်းမှ နိုင်ငံ့သားကောင်းရတနာများအား ယနေ့နံနက်ပိုင်းတွင် ရောဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအေးကျော်၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် အောင်ကျော်ခိုင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက တပ်နယ်အားကစားရုံ၌ သွားရောက်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၂၄)သို့ တက်ရောက်ကြမည့် နိုင်ငံ့သားကောင်းရတနာများအတွက် အသုံးအဆောင်ပစ္စည်းများ ပေးအပ်သည်။ ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့်တာဝန်ရှိသူများက နိုင်ငံ့သားကောင်းရတနာများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစကားပြောကြားပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# တန့်ယန်းတပ်နယ်ရှိ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအား တွေ့ဆုံ

**နေပြည်တော် ဧပြီ ၂၅**
ရှမ်းပြည်နယ် (မြောက်ပိုင်း) တန့်ယန်းတပ်နယ်ရှိ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအား ယနေ့နံနက်ပိုင်းတွင် အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အေးမင်းဦးနှင့် တာဝန်ရှိသူများက တန့်ယန်းတပ်နယ်ခန်းမ၌ တွေ့ဆုံသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားပြီး ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများသည် ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များအား စားသောက်ဖွယ်များ ပေးအပ်ကြပြီး ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်တစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ ယင်းနောက် တိုင်းမှူးနှင့် တာဝန်ရှိသူများသည် ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# တန့်ယန်းမြို့နယ် ကျေးရွာနှစ်ရွာ၌ ရက်(၁၀၀)စီမံချက်ဖြင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်မည်

**တန့်ယန်း ဧပြီ ၂၅**
ရှမ်းပြည်နယ်(မြောက်ပိုင်း) တန့်ယန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် အစိုးရသစ်၏ ရက်(၁၀၀) စီမံချက်ဖြင့် ကျေးရွာတစ်ရွာလျှင် ငွေကျပ်သိန်း ၁၅၀ ထောက်ပံ့ပေးပြီး စုစုပေါင်းငွေကျပ်သိန်း ၃၀၀ ဖြင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း (VDP) အား ကျေးရွာနှစ်ရွာ၌ အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တန့်ယန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း (VDP) ဆောင်ရွက်မည့် ဟိုမန်းကျေးရွာနှင့် နောင်စန့်ကျေးရွာတို့တွင် ကျေးရွာတစ်ရွာလုံး ဖွံ့ဖြိုးရေးအတွက် ကျေးရွာတစ်ရွာ၏ လိုအပ်ချက်နှင့် အခွင့်အလမ်းများအပေါ် အခြေခံရေးဆွဲထားသည့်လုပ်ငန်းများ၊ ကျေးရွာပြည်သူလူထုကိုယ်တိုင်ကျေးရွာ၏ ပကတိလိုအပ်ချက်များဖော်ထုတ်ပြီး ကဏ္ဍအလိုက် ဖွံ့ဖြိုးရေးအစီအစဉ်များကို စနစ်တကျစုပေါင်းကာ ကဏ္ဍပေါင်းစုံပါဝင်သည့် ဖွံ့ဖြိုးရေးအစီအစဉ်တစ်ရပ် ဖြစ်ပေါ်လာစေရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တန့်ယန်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးခိုင်မင်းထွန်းက ပြောသည်။

**သန်းလွင်(မကွေး)**

# ပန်းတနော်မြို့၌ စားသုံးဆီများကို သတ်မှတ်ရည်ညွှန်းဈေးဖြင့် ရောင်းချပေး

**ပန်းတနော် ဧပြီ ၂၅**
ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့၌ စားသုံးသူပြည်သူများ သက်သာသော ဈေးနှုန်းဖြင့် စားသုံးဆီများကို ဝယ်ယူရရှိနိုင်စေရန် ရည်ရွယ်၍ ရက် (၁၀၀) စီမံချက်အရ စားသုံးဆီများ ရောင်းချပေးခြင်းကို ယနေ့နံနက်က အလယ်ပိုင်းရပ်ကွက်ရှိ(ချစ်တီးထွေလာဂိတ်) ၌ ဆောင်ရွက်သည်။



အဆိုပါ ရောင်းချပေးခြင်းကို မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်စားသုံးသူရေးရာဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် မြို့နယ်စားသုံးဆီကိုယ်စားလှယ်များ ပူးပေါင်း၍ ရက် (၁၀၀) စီမံချက်အနေဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး မြို့နယ်အတွင်းရှိ စားသုံးဆီလက်လီဆိုင် ၁၀ ဆိုင်မှ စားသုံးဆီပိဿာ ၃၀၀ ကို ထုတ်ယူကာ အိမ်ထောင်စုတစ်စုလျှင် ၅၀ ကျပ်သားနှုန်းဖြင့် သတ်မှတ်ထားသော ရည်ညွှန်းဈေးနှုန်းအတိုင်း ရောင်းချပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

**မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

*စာမျက်နှာ ၁၆ မှ*

**မိုးခေါင်ဒဏ်ခံနိုင်ပြီး တစ်နှစ်လုံးအစာရနိုင်ခြင်း။** အမြစ် ၃ -၅ မီတာ (၉-၁၅ ပေ) အထိ နက်ရှိုင်းစွာ ဆင်းနိုင်ခြင်းကြောင့် မိုးခေါင်ရာသီတွင်ပင် အစာစိမ်း ထုတ်ပေးနိုင်ပါသည်။ ထို့ကြောင့် ရာသီဥတုပြောင်းလဲမှုအတွက် အလွန်အရေးပါသော အပင်ဖြစ်ပါသည်။

**မြေဆီဓာတ် တိုးတက်စေခြင်း။** တစ်နှစ်လျှင် နိုက်ထရိုဂျင် ကီလို ၂၀၀ kg N/ha အထိ ထည့်ပေးနိုင်ပါသည်။ တွဲဖက်စိုက်ပျိုးသော မြက်များ ကြီးထွားမှု တိုးတက်စေပြီး ဓာတ်မြေသြဇာ အသုံးစရိတ် လျှော့နည်း နိုင်ပါသည်။

**ပတ်ဝန်းကျင် အကျိုးကျေးဇူးရရှိခြင်း။** ဤအပင်များ စိုက်ပျိုးခြင်းဖြင့် မီသိန်းဓာတ်ငွေ့ ထုတ်လွှတ်မှု လျှော့နည်း (၂၀-၃၀%) ပါသည်။ ကာဗွန်တန်ဖိုး တိုးတက်လာပါသည်။ ရေရှည်တည်တံ့နိုင်သော မွေးမြူထုတ်လုပ်ရေးကို ထောက်ပံ့ပေးပါသည်။

**အားနည်းချက်၊ ကန့်သတ်ချက်များ**

**မီမိုဆင်း၊ အန္တရာယ်ရှိသောဓာတ်။** မီမိုဆင်းဓာတ် အလွန်များလျှင် အဆိပ်ဖြစ်နိုင်ပါ သည်။ တိရစ္ဆာန်များကို အဆိပ်မဖြစ်ဘဲ စားသောက်မှုပုံစံပြောင်းရန် လေ့ကျင့်မှု ၂-၃ ပတ် လိုအပ်ပါသည်။

**မြေဆီလိုအပ်ချက်။** ဤအပင်ကောင်းမွန်စွာ ဖြစ်ထွန်းရန် မြေဆီကောင်း၊ ရေစီးရေလာ ကောင်းမွန်ရန် လိုအပ်ပါသည်။ အက်စစ်ဆန် မြေချဉ်များတွင် မသင့်တော်ပါ။

**ရာသီဥတု။** အအေးဒဏ်၊ နှင်းခါးရိုက်မှုဒဏ်ကို မခံနိုင်ပါ။

**စာရေးသူ၏အတွေး**

တောင်သူဦးကြီးများ၏ စိုက်ပျိုးမြေများတွင် လက်ရှိဓာတ်မြေသြဇာ ကြီးမြင့်နေမှုကို သဘာဝမြေသြဇာများ ထည့်သွင်းပေးရုံသာမက စိုက်ခင်းများတွင် ပဲမျိုးစုံသီးနှံများ၊ တိရစ္ဆာန်အစာ စားကျက်ပဲသီးနှံများ၊ စားကျက်ပဲပင်ကြီးများ တိုးချဲ့ရောနှောစိုက်ပျိုးပေးခြင်းအားဖြင့် မြေဆီသြဇာ နည်းပါးသွားမှုကို တစ်ဖက်တစ်လမ်းမှ ကာကွယ်ပေးနိုင်ပါသည်။ ဓာတ်မြေသြဇာအစားထိုးနည်းပညာတစ်ခု ဖြစ်ပါသည်။

ပဲမျိုးစုံသီးနှံများက တောင်သူကြီးများအတွက် အပိုဝင်ငွေရရှိနိုင်ပြီး စားကျက်ပဲပင်များက တောင်သူကြီးများ တွဲဖက်မွေးမြူထားသော ကျွဲ၊ နွား၊ သိုး၊ ဆိတ် စသည့် စားမြုံ့ပြန်တိရစ္ဆာန်များကို အသား၊ နို့ထွက်များ ပိုမိုတိုးပွားကာ ဝင်ငွေတိုးပွားစေပါသည်။

**“ နိုင်ငံတကာတွင်တော့ စိုက်ပျိုးမွေးမြူထုတ်လုပ်ရေး သုတေသနလုပ်ငန်းများကို တက္ကသိုလ်များမှ ဦးဆောင်သုတေသနပြုနေကြပါသည်။ မြန်မာနိုင်ငံရှိ စိုက်ပျိုးမွေးမြူရေးတက္ကသိုလ်များအပါအဝင် တက္ကသိုလ်အားလုံးကလည်း သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်မှုရန်ပုံငွေ ယခုထက် ပိုမိုတိုးမြှင့်သုံးစွဲ၍ မြန်မာနိုင်ငံ စီးပွားဖွံ့ဖြိုးတိုးတက်မှုကို တိုက်ရိုက်ဖြစ်ပေါ်စေနိုင်သော၊ နိုင်ငံခြားငွေရရှိနိုင်သော၊ နိုင်ငံခြားငွေကုန်ကျမှုကို လျှော့နည်းစေသော အကျိုးပြုသုတေသနများကို ဦးစားပေးဆောင်ရွက်သင့် ”**

နိုင်ငံတကာတွင်တော့ စိုက်ပျိုးမွေးမြူထုတ်လုပ်ရေး သုတေသနလုပ်ငန်းများကို တက္ကသိုလ်များမှ ဦးဆောင်သုတေသနပြုနေကြပါသည်။ မြန်မာနိုင်ငံရှိ စိုက်ပျိုးမွေးမြူရေးတက္ကသိုလ်များ အပါအဝင် တက္ကသိုလ်အားလုံးကလည်း သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်မှုရန်ပုံငွေ ယခုထက် ပိုမိုတိုးမြှင့်သုံးစွဲ၍ မြန်မာနိုင်ငံ စီးပွားဖွံ့ဖြိုးတိုးတက်မှုကို တိုက်ရိုက်ဖြစ်ပေါ်စေနိုင်သော၊ နိုင်ငံခြားငွေရရှိနိုင်သော၊ နိုင်ငံခြားငွေကုန်ကျမှုကို လျှော့နည်းစေသော အကျိုးပြု သုတေသနများကို ဦးစားပေးဆောင်ရွက်သင့်ပါပြီဟု အကြံပြုလိုပါသည်။

**Reference:**

Bakewell-Stone, P. (2023) Leucaena Leucocephala. CABI. 37p.

Gutteridge, R.C. and Shelton, H.M. (1994). Tropical Tree Legumes. CAB International. 313p.

Shelton, M. (2006) Leucaena: The Productive and Sustainable Forage Legume. 2nd Ed. Meat and Livestock Australia. 93p.

## မချမ်းဘောမြို့နယ်၌ ရက်(၁၀၀)စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းဆောင်ရွက်



မချမ်းဘော မေ ၂၅

ကချင်ပြည်နယ် မချမ်းဘောမြို့နယ်၌ ပြည်သူ့အစိုးရ၏ ရက်(၁၀၀) စီမံချက်ဖြင့် အသက် ၁၀ နှစ်ပြည့်ပြီးသည့် ကျောင်းသားကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်များ ပြုလုပ်ပေးခြင်းကို ယမန်နေ့က အမှတ်(၄)ရပ်ကွက် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၌ ကွင်းဆင်းဆောင်ရွက်သည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဦးစီးမှူး ဦးဉာဏ်လင်းထက်၏ ကြီးကြပ်မှုဖြင့် ဝန်ထမ်းများက အသက် ၁၀ နှစ်ပြည့်၊ အသက် ၁၈ နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ်အသစ် ပြုလုပ်လိုသည့် ကျောင်းသား ကျောင်းသူများအား လိုအပ်သည့် အချက်အလက် အထောက်အထားများ ဖြည့်စွက်ကာ စိစစ်ထုတ်ပေးခြင်း၊ ဇီဝဆိုင်ရာ အချက်အလက်ကောက်ယူခြင်းလုပ်ငန်းများကို လုပ်ထုံးလုပ်နည်းများနှင့်အညီ ကွင်းဆင်းဆောင်ရွက်ပေးသည်။

အဆိုပါ လုပ်ငန်းဆောင်ရွက်ရာသို့ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးတူးဂျာ၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဦးစီးမှူးတို့က ကြည့်ရှုအားပေးကာ ကျောင်းသားကျောင်းသူများထံ နိုင်ငံသားစိစစ်ရေးကတ်များ ပေးအပ်ပြီး လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်ပေးခဲ့ကြောင်း သိရသည်။

**ယောရှေနီ(မချမ်းဘော)**



## မောက်မယ်မြို့နယ်၌ ပြည်သူများ မီးဘေးအန္တရာယ်ကင်းဝေးစေရန် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်

မောက်မယ် မေ ၂၅

ရှမ်းပြည်နယ်(တောင်ပိုင်း) မောက်မယ်မြို့နယ်၌ မြို့နယ်မီးသတ်ဦးစီးဌာနက မြို့နယ်အတွင်းရှိ ပြည်သူများ မီးဘေးအန္တရာယ်ကင်းဝေးစေရန်နှင့် မီးဘေးလုံခြုံစိတ်ချရမှု ရှိ၊ မရှိ တစ်အိမ်တက်ဆင်း လိုက်လံကွင်းဆင်းစစ်ဆေးခြင်းကို ယမန်နေ့က ဆောင်ရွက်သည်။

ထိုသို့ စစ်ဆေးရာတွင် မြို့နယ်မီးသတ်ဦးစီးမှူး ဦးသန်းလင်းအောင် ဦးဆောင်သည့် မီးသတ်တပ်ဖွဲ့ဝင်များက မြို့နယ်အတွင်းရှိ ဒေသခံပြည်သူများ၏နေအိမ်များ မီးဘေးအန္တရာယ်မဖြစ်ပေါ်စေရေး၊ မီးဘေးလုံခြုံမှုရှိစေရေးအတွက် မီးဘေးဆိုင်ရာ ညွှန်ကြားချက်များနှင့်အညီ စနစ်တကျရှိစေရေး မီးချိတ်၊ မီးကပ်၊ ရေပုံး၊ သဲအိတ်များနှင့် မီးသတ်ဆေးဘူးများ၊ မတော်တဆမီးလောင်မှုဖြစ်ပွားပါက မီးသတ်ဦးစီးဌာနသို့ ဆက်သွယ်ရမည့် ဖုန်းနံပါတ်များ၊ မီးဖိုချောင်အတွင်း မီးဘေးလုံခြုံမှုရှိစေရေး၊ မီးဖိုချောင်သုံးပစ္စည်းများ စနစ်တကျ ဆောင်ရွက်ထားရှိရန်၊ မိမိနေအိမ်ပတ်ဝန်းကျင်တွင် မီးလောင်လွယ်သော အမှိုက်သရိုက်များ၊ ချုံနွယ်ပိတ်ပေါင်းများ စနစ်တကျသန့်ရှင်းရေး ပြုလုပ်ထားရန်နှင့် မီးသတ်ဆေးဘူးအသုံးပြုပုံများကို ရှင်းလင်းပြသပေးခဲ့ကြောင်း သိရသည်။

**စိုင်းမျိုးသန့်(မောက်မယ်)**

## ညောင်ဦးမြို့နယ်၌ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် စီမံကိန်းလုပ်ငန်းဆိုင်ရာ AVIP သင်တန်းဖွင့်

ညောင်ဦး မေ ၂၅

ညောင်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် ကူရွာကျေးရွာနှင့် ရှင်မိန်ကျေးရွာတို့တွင် ရက်(၁၀၀)စီမံချက်ဖြင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း (VDP)စီမံကိန်းလုပ်ငန်းများ အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ရည်ရွယ်ဖွင့်လှစ်သည့် စီမံကိန်းလုပ်ငန်းဆိုင်ရာ AVIP သင်တန်းဖွင့်ပွဲကို မေ ၂၄ ရက်က အဆိုပါမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးညီညီဦးက ဒေသခံကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိကာ လုပ်ငန်းစွမ်းဆောင်ရည်များ တိုးတက်လာစေရန်နှင့် ကျေးရွာများ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်လာပြီး လူနေမှုဘဝ မြင့်မားလာစေရန် ရည်ရွယ်၍ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်ပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းကို ရက်(၁၀၀) စီမံချက်ဖြင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း (VDP)စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်မည့် ညောင်ဦးမြို့နယ် ကူရွာကျေးရွာနှင့် ရှင်မိန်ကျေးရွာတို့မှ စီမံကိန်းကော်မတီဝင်များ တက်ရောက်ပြီး ဦးစီးမှူးနှင့် ဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းတွင်ပါဝင်သည့် AVIP ပုံစံများနှင့် စာရင်းဇယားဖြည့်သွင်းနည်းစနစ်များ၊ ရက်(၁၀၀)စီမံချက် အသုံးစရိတ် ရေးဆွဲပြုစုခြင်းများနှင့် နည်းပညာပိုင်းဆိုင်ရာ ဆောင်ရွက်ရမည့် အကြောင်းအရာများကို ပို့ချသင်ကြားပေးခဲ့ကြောင်း သိရသည်။ **ရဲဝင်းနိုင်(ညောင်ဦး)**

## ရေဦးမြို့၌ အပူဒဏ်အန္တရာယ် ကြိုတင်ကာကွယ်ရေးနှိုးဆော်

ရေဦး မေ ၂၅

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ၏ ကြီးကြပ်မှုဖြင့် သက်ဆိုင်ရာဌာနများပူးပေါင်း၍ ယမန်နေ့က မိဘပြည်သူများ အပူဒဏ်အန္တရာယ် ကြိုတင်ကာကွယ်နိုင်ရေး လှည့်လည်အသိပေးနှိုးဆော်သည်။

ထိုသို့ အသိပေးနှိုးဆော်ရာတွင် အပူဒဏ်အန္တရာယ်ကာကွယ်နိုင်ရေး လိုက်နာဆောင်ရွက်ရမည့်အချက်များ၊ ရှောင်ကြဉ်ရမည့်အချက်များ၊ အပူဒဏ်အန္တရာယ် အထူးသတိပြုရမည့်သူများ စသည့် လိုက်နာဆောင်ရွက်ရမည့်အချက်များကို အသိပညာပေးနှိုးဆော်ခဲ့သည်။



ရေဦးမြို့တွင် မိဘပြည်သူများ အပူဒဏ်အန္တရာယ်မှ ကာကွယ်နိုင်ရန်အတွက် အပူရှောင်စခန်းများကို နေရာ လေးနေရာတွင် မေ ၂၅ ရက်မှစ၍ ဖွင့်လှစ်ဆောင်ရွက်သွားမည်ဖြစ်ပြီး အဆိုပါအပူရှောင်စခန်းများကို နေ့စဉ် နံနက် ၁၀ နာရီမှ ညနေ ၃ နာရီအတွင်း သက်ကြီးဘိုးဘွားများ၊ အပူဒဏ်မခံနိုင်သူများ လာရောက်အပူရှောင် နားခိုနိုင်ကြောင်း လှည့်လည်အသိပေးကြေညာပြီး အပူဒဏ်အန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**သန်းသန်း(ရေဦး)**

## ရွှေဘိုမြို့၌ အပူဒဏ်အန္တရာယ် ကာကွယ်နိုင်ရန်အတွက် အပူရှောင်စခန်းများဖွင့်လှစ်

ရွှေဘို မေ ၂၅

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့၌ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ၏ ကြီးကြပ်မှုဖြင့် ရွှေဘိုမြို့တွင် နေထိုင်သည့် သက်ကြီးဘိုးဘွားများနှင့် မိဘပြည်သူများ အပူဒဏ်အန္တရာယ်ကာကွယ်နိုင်ရန်အတွက် အပူရှောင်စခန်းကို ရန်ကြီးအောင်ပန်းခြံရှိ မြို့တော်ခန်းမ၌ ဖွင့်လှစ်ထားရှိသည်။

အဆိုပါ အပူရှောင်စခန်းများတွင် သန့်ရှင်းသပ်ရပ်သည့် နေရာထိုင်ခင်းများ၊ သောက်သုံးရေများ အရေးပေါ်ကျန်းမာရေးဆိုင်ရာ ဆေးဝါးနှင့် ပစ္စည်းများ၊ အပူရှောင်းစခန်းများ၌ လာရောက်အပူရှောင်သည့် မိဘပြည်သူများ ဖတ်ရှုနိုင်ရန်အတွက် နံရံကပ်စာစောင်များကိုလည်း စီစဉ်ဆောင်ရွက်ထားရှိသည်။

ထို့ပြင် မိဘပြည်သူများ အပူဒဏ်ကြောင့် ကျန်းမာရေးထိခိုက်မှုများ မဖြစ်စေရန်အတွက် အပူဒဏ်အန္တရာယ်အကြောင်းကို ရွှေဘိုခရိုင်မီးသတ်ဦးစီးဌာနမှ အရေးပေါ်အပူလှိုင်းသတိပေးချက် လမ်းညွှန်ချက်နှင့် အပူချိန်အမြင့်ဆုံးအချိန်တွင် အပြင်ထွက်ခြင်းကို တတ်နိုင်သမျှ ရှောင်ကြဉ်ရန်အတွက် မြို့ပေါ်ရှိ ရပ်ကွက်များ၌ လှည့်လည်သတိပေးဆော်သြခြင်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **အောင်ထွန်းခိုင်**



## ပုဗ္ဗသီရိမြို့နယ်၌ ပျားမွေးမြူရေး ပြည်သူပညာပေးသင်တန်းဖွင့်

နေပြည်တော် မေ ၂၅

မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ပျားမွေးမြူမှုဖွံ့ဖြိုးရေးဌာနခွဲမှ နေပြည်တော် ပုဗ္ဗသီရိမြို့နယ်၌ ပျားမွေးမြူရေး ပြည်သူပညာပေးသင်တန်းကို ယနေ့နံနက်ပိုင်းက အေးမြင့်သာယာကျေးရွာ အေးချမ်းသာယာခန်းမ၌ ကျင်းပသည်။



သင်တန်းတွင် နေပြည်တော် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဒုတိယတိုင်းဦးစီးမှူး ဒေါက်တာထွေးကိုကိုက ဆီထွက်သီးနှံနှင့် အခြားသီးနှံများ အထွက်တိုးစေရန် ဝတ်မှုန်ကူးဝန်ဆောင်မှုကို တိုးမြှင့်ဆောင်ရွက်ရန်၊ ပျားများကို စနစ်တကျမွေးမြူတတ်စေရန်နှင့် ပျားရည်နှင့် ပျားထွက်ပစ္စည်းများကို စနစ်တကျထုတ်လုပ်နိုင်ရန် ဖွင့်လှစ်ခြင်းဖြစ်ကြောင်း၊ သင်တန်းသား သင်တန်းသူများ စနစ်တကျ သင်ကြား၍ ဆီထွက်သီးနှံများ တိုးတက်ထုတ်လုပ်ရာတွင် ပါဝင်ဆောင်ရွက်ကြပြီး ပျားမွေးမြူရေး နည်းပညာများအား တောင်သူများကို ပြန်လည်ဖြန့်ဝေပေးရန် ပြောကြားပြီး ပျားမွေးမြူမှုဖွံ့ဖြိုးရေးဌာနခွဲ(ရုံးချုပ်)မှ ညွှန်ကြားရေးမှူး ဦးမောင်တင့်က သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

အဆိုပါ ပျားမွေးမြူရေးပြည်သူပညာပေးသင်တန်းကို သင်တန်းသား သင်တန်းသူ ၂၀ အား သင်တန်းနည်းပြ လေးဦးဖြင့် မေ ၂၅ ရက်မှ ၂၉ ရက်အထိ သင်တန်းကာလ ငါးရက်ကြာ သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။

**အောင်မျိုးဝင်း(ဥတ္တရ)**

- အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။
- အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

# (၆၆)ကြိမ်မြောက် စုပေါင်း ကေ့ထျိုးဘိုး(ခ) တံခွန်တိုင်ပွဲတော် ကျင်းပ

**လွိုင်ကော် မေ ၂၅**

(၆၆)ကြိမ်မြောက် စုပေါင်းကေ့ထျိုးဘိုး(ခ) တံခွန်တိုင်ပွဲတော်ကို ယနေ့နံနက်ပိုင်းက လွိုင်ကော်မြို့ ထေးသမရပ်ကွက် မော့ဒူဒီးဘိုးဟိုး (တံခွန်တိုင်) ကွင်း၌ကျင်းပရာ ကယားပြည်နယ် ဝန်ကြီးချုပ် ဦးအုံ့မော်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာများနှင့် ဒေသနေ တိုင်းရင်းသားပြည်သူများ တက်ရောက်ဆင်နွှဲကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့် ဧည့်သည်တော်များသည် တံခွန်တိုင်ကို အမွှေးနံ့သာရည်ပက်ဖျန်းပေးပြီး ကယားတိုင်းရင်းသားများ၏ ရိုးရာထုံးတမ်းစဉ်လာနှင့်အညီ တံခွန်တိုင်စိုက်ထူမှုကို ကြည့်ရှုအားပေးကာ တံခွန်တိုင်စိုက်ထူပြီး ကေ့ထျိုးဘိုးရိုးရာဂေါပကအဖွဲ့ တာဝန်ရှိသူများက ဆုတောင်းပူဇော်ခြင်းများ ဆောင်ရွက်ကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး (၆၆)ကြိမ်မြောက် စုပေါင်းကေ့ထျိုးဘိုး(ခ) တံခွန်တိုင်ပွဲတော် အောင်မြင်စွာကျင်းပနိုင်ရေး ချီးမြှင့်ငွေပေးအပ်ရာ ကေ့ထျိုးဘိုး ရိုးရာဂေါပကအဖွဲ့ချုပ် ဥက္ကဋ္ဌက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ကာ ပွဲတော်ကျင်းပရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။ ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် ဧည့်သည်တော်များသည် တံခွန်တိုင်လှည့်လည်ပူဇော်ပွဲတွင် ပါဝင်ဆင်နွှဲကြသည်။



ဆက်လက်၍ ကယားပြည်နယ် ၂၀၂၅ - ၂၀၂၆ ပညာသင်နှစ် အဆင့်မြင့်ပညာနှင့် အခြေခံပညာ လူရည်ချွန်ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုပွဲအခမ်းအနားကို လွိုင်ကော်မြို့ ပြည်နယ်ခန်းမ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ၊ ပြည်နယ်တရားသူကြီးချုပ်၊ ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ လူရည်ချွန် ကျောင်းသား ကျောင်းသူများနှင့် အုပ်ထိန်းသူမိဘများ တက်ရောက်ကြသည်။

ဦးစွာ ပညာရေးဒီဂရီကောလိပ် ကျောင်းသားတစ်ဦးက "လူချွန်လူကောင်း" သီချင်းဖြင့် သီဆိုဂုဏ်ပြုပြီး အခမ်းအနားကို စတင်ဖွင့်လှစ်သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ၂၀၂၅-၂၀၂၆ ပညာသင်နှစ် အဆင့်မြင့်ပညာနှင့် အခြေခံပညာ လူရည်ချွန်ကျောင်းသား ကျောင်းသူများကို ချီးမြှင့်ငွေများ ပေးအပ်ရာ ကျောင်းသား ကျောင်းသူများက လက်ခံရယူကြပြီး လူရည်ချွန်ကျောင်းသား ကျောင်းသူများကိုယ်စား လူရည်ချွန်တစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ယင်းနောက် လွိုင်ကော်ပညာရေး ဒီဂရီကောလိပ်မှ ကျောင်းသား ကျောင်းသူများက "လူငယ့်အားမာန် တိုင်းပြည်အဖိုးတန်" သီချင်းဖြင့် ကပြသီဆိုဖျော်ဖြေကြပြီး ကယားပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူးက သီဆိုကပြဖျော်ဖြေကြသော ကျောင်းသား ကျောင်းသူများကို ဂုဏ်ပြုချီးမြှင့်ငွေပေးအပ်ကာ ပြည်နယ်ဝန်ကြီးချုပ်က လူရည်ချွန်မောင်မယ်များ၏ မိဘများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစကား ပြောကြားခဲ့ကြောင်း သိရသည်။ **ပြည်နယ်(ပြန်/ဆက်)**

# ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်းရည်မှန်းချက်များ တာဝန်ပေးအပ်ပွဲတက်ရောက်

**ဘားအံ မေ ၂၅**

၂၀၂၆ ခုနှစ် ကမ္ဘာ့ကာကွယ်ဆေး ထိုးနှံတိုက်ကျွေးရေး ရက်သတ္တပတ် (World Immunization Week) အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက ဘားအံမြို့ ဇွဲကပင်ခန်းမ၌ ကျင်းပပြုလုပ်ရာ ကရင်ပြည်နယ် ဝန်ကြီးချုပ်ဦးစောမြင့်ဦး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြည်နယ်မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ နာယကနှင့် အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်သည်။

အဆိုပါ ၂၀၂၆ ခုနှစ် ကမ္ဘာ့ကာကွယ်ဆေး ထိုးနှံတိုက်ကျွေးရေး ရက်သတ္တပတ်အခမ်းအနား၌ ကရင်ပြည်နယ် ဝန်ကြီးချုပ်က အဖွင့်အမှာစကား ပြောကြားပြီး ၂၀၂၆ ခုနှစ် ကမ္ဘာ့ကာကွယ်ဆေးထိုးနှံတိုက်ကျွေးရေး ရက်သတ္တပတ်အထိမ်းအမှတ် Documentary Story နှင့် "မျိုးဆက်တိုင်းကို ကာကွယ်ထား၊ ကာကွယ်ဆေး၏ စွမ်းပကား" တေးသီချင်း Video Clip အား ပြသရာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးပြီး ကျန်းမာရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် ပြခန်းငယ်အား လှည့်လည်ကြည့်ရှု အားပေးသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် မော်တော်ယာဉ်များ၊ ဆိုင်ကယ်များအား မေ ၂၃ ရက်မှ စတင်ပြီး စက်သုံးဆီအရောင်းဆိုင်များ၌ QR နှင့် Barcode စနစ်ဖြင့် စက်သုံးဆီများကို စက်စွမ်းအားအလိုက် ရောင်းချပေးလျက်ရှိမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

အလားတူ ယမန်နေ့က ဘားအံမြို့ ဇွဲကပင်ခန်းမ၌ ကျင်းပပြုလုပ်သည့် ကရင်ပြည်နယ်၏ ၂၀၂၆ - ၂၀၂၇ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်း ရည်မှန်းချက်များ တာဝန်ပေးအပ်ပွဲအခမ်းအနားသို့ ကရင်ပြည်နယ် ဝန်ကြီးချုပ် ဦးစောမြင့်ဦး တက်ရောက်အမှာစကား ပြောကြားသည်။

ထို့နောက် ပြည်နယ်စီမံကိန်း၊ စီးပွားရေးနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးညီညီဇော်က ၂၀၂၆ - ၂၀၂၇ ဘဏ္ဍာနှစ် ကရင်ပြည်နယ်၏ စီးပွားရေးမျှော်မှန်းချက်ကို ဆွေးနွေးပြောကြားသည်။



ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်က ပြည်နယ်အဆင့် ဌာနဆိုင်ရာများ ကိုယ်စား ကိုယ်စားလှယ်များ ဖြစ်သည့် စိုက်ပျိုးရေးဦးစီးဌာနနှင့် လမ်းဦးစီးဌာနမှ ပြည်နယ်ဦးစီးမှူးများအား ဒေသန္တရစီမံကိန်းရည်မှန်းချက်များကို တာဝန်ပေးအပ်ပြီး ပြည်နယ်စီမံကိန်း၊ စီးပွားရေးနှင့် ဘဏ္ဍာရေးဝန်ကြီးက စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌများကိုယ်စား ဘားအံခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌအား ဒေသန္တရစီမံကိန်း ရည်မှန်းချက်တာဝန်များ ပေးအပ်ကာ နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။ **ပြည်နယ် (ပြန်/ဆက်)**

# အခြေခံပညာကျောင်းများ၊ ဆေးရုံ၊ ဆေးခန်းများ၊ စေတီပုထိုးများ၊ ဘုန်းတော်ကြီးကျောင်းများနှင့် ဈေးများ၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**နေပြည်တော် မေ ၂၅**

တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွင်းရှိ ဘုရား၊ စေတီပုထိုးများ၊ ဘုန်းတော်ကြီးကျောင်းများ၊ ဘာသာရေးအဆောက်အအုံများ၊ မြို့၊ ရွာ၊ ရပ်ကွက်များနှင့် အများပြည်သူသွားလာလျက်ရှိသည့် လမ်းများ၊ ဆေးရုံများ၊ အခြေခံပညာကျောင်းများ၊ တက္ကသိုလ်များ၊



ဒီဂရီကောလိပ်များ၊ ဈေးများ၊ ပန်းခြံများနှင့်သောက်သုံးရေကန်များ သန့်ရှင်းသာယာလှပစေရေးအတွက် နယ်မြေခံတပ်မတော်သားများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းနောင်မြို့၊ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်အပါအဝင် မြို့နယ် ၂၄ မြို့နယ်နှင့် ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့တို့ရှိ အခြေခံပညာကျောင်းများ၊ ဆေးရုံ၊ ဆေးခန်းများ၊ စေတီပုထိုးများ၊ ဘုန်းတော်ကြီးကျောင်းများ၊ လမ်းများနှင့်ဈေးများ၌ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများ ပူးပေါင်း၍ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များ ရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများ တူးဖော်ပေးခြင်း၊ ရေကန်များတွင် အဘိတ်ဆေးများခတ်ပေးခြင်း၊ ခြင်ခိုအောင်းနိုင်သည့်နေရာများအား ခြင်ဆေးဖျန်းခြင်းနှင့် ကျန်းမာရေးအသိပညာပေး လက်ကမ်းစာစောင်များဖြန့်ဝေပေးခြင်းများကိုစုပေါင်းဆောင်ရွက်ကြသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာတပ်နယ်အသီးသီးမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

❑ **နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# ဆံတော်ရှင် ကျိုက်မုနိုင်းစေတီတော်မြတ်ကြီး စိန်ဖူးတော်နှင့် ငှက်မြတ်နားတော် တင်လှူပူဇော်ပွဲကျင်းပ

**မော်လမြိုင် မေ ၂၅**

ချောင်းဆုံမြို့နယ် တောင်စွန်းကျေးရွာအုပ်စု မုနိုင်းကျေးရွာရှိ ဆံတော်ရှင်ကျိုက်မုနိုင်းစေတီတော်မြတ်ကြီး စိန်ဖူးတော်နှင့် ငှက်မြတ်နားတော် တင်လှူပူဇော်ပွဲ မင်္ဂလာအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် အဆိုပါစေတီ၌ ကျင်းပသည်။



ဦးစွာ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဝင်းသန်းနှင့်ဇနီး၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးများနှင့် ဧည့်ပရိသတ်အပေါင်းတို့က မော်လမြိုင်မြို့ အတုလရန်အောင် ကျောင်းတိုက်ကြီး၏ ဦးစီးပဓာနနာယက ဆရာတော်ထံမှ ကိုးပါးသီလခံယူဆောက်တည်ကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်ဇနီး၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်နယ်ဝန်ကြီးများက ကျိုက်မုနိုင်းစေတီတော်မြတ်ကြီးအထွတ်တွင် တင်လှူပူဇော်မည့် ရတနာစိန်ဖူးတော်နှင့် ငှက်မြတ်နားတော်တို့အား ကြွရောက်ချီးမြှင့်ကြကုန်သော ဩဝါဒါစရိယဆရာတော်ကြီးများထံ ကပ်လှူပြီး အရှင်သူမြတ်များထံသို့ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်ဇနီး၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများက ဆရာတော် သံဃာတော် အရှင်သူမြတ်များ ရွတ်ပွားသရဇ္ဈာယ် ချီးမြှင့်သည့် ပရိတ်တရားတော်ကို နာယူကြည်ညိုကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်ဇနီး၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများက ကျိုက်မုနိုင်းစေတီတော်မြတ်ကြီး ကမ္ဗည်းမော်ကွန်းကို အမွှေးနံ့သာရည်များ ပက်ဖျန်းပြီး တင်လှူပူဇော်မည့် စိန်ဖူးတော်နှင့် ငှက်မြတ်နားတော်တို့ကို စေတီတော်ကြီးအား လက်ယာရစ် သုံးပတ်လှည့်လည်ပူဇော်ကြပြီး မင်္ဂလာအချိန်တွင် စိန်ဖူးတော်၊ ငှက်မြတ်နားတော်တို့အား စေတီတော်မြတ်ကြီးအထွတ်သို့ တင်လှူပူဇော်ကြကာ ရတနာရွှေမိုး၊ ငွေမိုးများ ရွာသွန်းဖြိုး၍ ဇယမင်္ဂလာ ဗောဓိယာမူလေ အစချီ အောင်ဂါထာတော်ဖြင့် ရွတ်ဖတ်ပူဇော်ကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်ဇနီး၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးများက ဆရာတော် အရှင်သူမြတ်များအား နေ့ဆွမ်းဆက်ကပ် လှူဒါန်းခဲ့ကြောင်း သိရသည်။

**ပြည်နယ်**
**(ပြန်/ဆက်)**

# ကချင်ပြည်နယ်ဝန်ကြီးချုပ် ရော၀တီမြစ်ဆုံ - မြစ်ညာမြစ်ဝှမ်း ရေအားလျှပ်စစ်စီမံကိန်းဆိုင်ရာ အထောက်အကူပြုရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး ကချင်ပြည်နယ်ဒေသခံကော်မတီအဖွဲ့ဝင်များနှင့် ပြည်သူလူထုများ တွေ့ဆုံ

**မြစ်ကြီးနား မေ ၂၅**

ကချင်ပြည်နယ်အတွင်း ရော၀တီမြစ်ဆုံ - မြစ်ညာမြစ်ဝှမ်း ရေအားလျှပ်စစ်စီမံကိန်းဆိုင်ရာ အထောက်အကူပြုရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး ကချင်ပြည်နယ်ဒေသခံ ကော်မတီအဖွဲ့ဝင်များအနေဖြင့် ၁၄ ကြိမ်မြောက် ဒေသခံပြည်သူများအား တွေ့ဆုံရှင်းလင်းဆွေးနွေးပွဲကို ယနေ့ မွန်းလွဲ ၂ နာရီက မြစ်ကြီးနားမြို့ ပြည်သူ့အားကစားကွင်းအတွင်းရှိ မိုးလုံလေလုံအားကစားခန်းမ၌ ကျင်းပသည်။



တွေ့ဆုံရှင်းလင်းဆွေးနွေးပွဲသို့ ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများ၊ ကချင်ပြည်နယ် ဒေသခံကော်မတီအဖွဲ့ဝင်များနှင့် Working Group အဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီများ၊ဘာသာရေးအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ သူနာပြုနှင့် ပညာရေးဒီဂရီကောလိပ်ကျောင်းများမှ သင်တန်းသား သင်တန်းသူများ စုစုပေါင်း ၇၆၀ ကျော် တက်ရောက်ကြသည်။

တွေ့ဆုံပွဲတွင် ပြည်နယ်ဝန်ကြီးချုပ်က ယနေ့ တွေ့ဆုံပွဲသည် မိမိတို့ဒေသတွင်း လျှပ်စစ်မီးလိုအပ်ချက်နှင့် ဒေသဖွံ့ဖြိုးရေးအတွက် အရေးပါသည့် တွေ့ဆုံမှုဖြစ်ကြောင်း၊ တွေ့ဆုံပွဲများမှတစ်ဆင့် လူထုသိလိုသည်များကို အလေးအနက်ထား မှတ်သား၍ တင်ပြဆောင်ရွက်လျက်ရှိပါကြောင်း၊ နောင်လာမည့် မျိုးဆက်သစ်များ လက်ထက်တွင် ပိုမိုကောင်းမွန်သည့် အခွင့်အလမ်းများ ရရှိနိုင်မည့် စီမံကိန်းဖြစ်သည့်အတွက် မိမိတို့အားလုံးက ညီညီညွတ်ညွတ်ဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် လိုအပ်ကြောင်း မှာကြားသည်။

ထို့နောက် ရော၀တီမြစ်ဆုံ - မြစ်ညာမြစ်ဝှမ်း ရေအားလျှပ်စစ်စီမံကိန်းဆိုင်ရာ အထောက်အကူပြုရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး ကချင်ပြည်နယ်ဒေသခံကော်မတီအဖွဲ့ဝင်များဖြစ်ကြသည့် ပြည်နယ်သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဒေါက်တာအောင်ဝင်း၊ ဦးတူးရိန်၊ ဦးမုန်ရိန်လ၊ ဦးနော်ထွဲနှင့် ဦးဂျန်ခုန့်(ခ)ဦးနော်ခုန့်တို့က မြစ်ဆုံစီမံကိန်းနှင့်စပ်လျဉ်း၍ ပြည်သူလူထု သိသင့်သိထိုက်သည့်အချက်များ၊ နည်းပညာဆိုင်ရာ အချက်အလက်များ၊ ကမ္ဘာပေါ်ရှိ ရေအားလျှပ်စစ်အသုံးပြုသည့် နိုင်ငံများနှင့် ဖွံ့ဖြိုးတိုးတက်မှုများ၊ အနာဂတ်နည်းပညာဖွံ့ဖြိုးတိုးတက်မှုနှင့် စွမ်းအင်လိုအပ်ချက်များ၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာများကို သုံးသပ်ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် တက်ရောက်လာကြသည့် ဒေသခံပြည်သူများက စီမံကိန်းနှင့်စပ်လျဉ်း၍ စိုးရိမ်ပူပန်မှုနှင့် နည်းပညာဆိုင်ရာအချက်အလက်များ၊ သိလိုသည်များကို မေးမြန်းဆွေးနွေးကြရာ ဒေသခံကော်မတီအဖွဲ့ဝင်များက ပြန်လည်ရှင်းလင်းဆွေးနွေးကြပြီး ကော်မတီအဖွဲ့ခေါင်းဆောင် ဦးတိန့်ဆောင်က နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# စိုက်ပျိုးရေး၊ မွေးမြူရေးကို အခြေခံ၍ ဝင်ငွေတိုးပွားရေးအတွက် ဒေသထွက်ကုန်များ တိုးမြှင့်ဆောင်ရွက်သွားရမည်

**စစ်တွေ မေ ၂၅**

ရခိုင်ပြည်နယ်သည် ရှည်လျားသည့် ပင်လယ်ကမ်းရိုးတန်းကို ပိုင်ဆိုင်ထားသော ပြည်နယ်တစ်ခုဖြစ်၍ စီးပွားရေးအတွက် အလားအလာကောင်းများ များစွာရှိသော ပြည်နယ်တစ်ခုလည်းဖြစ်ကြောင်း၊ သို့ပါ၍ စိုက်ပျိုးရေး၊ မွေးမြူရေးကို အခြေခံပြီး ဝင်ငွေတိုးပွားရေးအတွက် ဒေသထွက်ကုန်များကို တိုးမြှင့်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ယမန်နေ့ နံနက်ပိုင်းက စစ်တွေမြို့ ဦးဥတ္တမခန်းမ၌ ကျင်းပသည့် ပြည်နယ်လူမှုရေးရာဝန်ကြီးဌာနအောက်ရှိ ဝန်ထမ်းများနှင့်တွေ့ဆုံပွဲ၌ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးနိုင်ဦးက ပြောကြားခဲ့သည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်က MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ ဆန်နှင့်ဆီဖူလုံမှုရှိစေရေးအတွက် ဒေသတွင်း စိုက်ပျိုးထုတ်လုပ်နိုင်အောင် ဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်ရန် ပညာရေးကဏ္ဍကို တိုးမြှင့်ဆောင်ရွက်သွားရမည် ဖြစ်ကြောင်း၊ ပညာတတ်မှနည်းစနစ်တကျ စိုက်ပျိုးမွေးမြူထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် ကျောင်းနေအရွယ် ကလေးများ ကျောင်းတက်ရောက်နိုင်ရေး၊ ကျောင်းနေပျော်၍ စာတော်နိုင်ရေး အားလုံးဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း၊ ကလေးငယ်များ၏ ပညာရေးမြင့်မားရေးအတွက် မိမိတို့ပြည်နယ်အစိုးရအဖွဲ့အနေဖြင့်လည်း စီမံဆောင်ရွက်လျက်ရှိကြောင်း၊ အလားတူ အခြေခံပညာအလယ်တန်းအဆင့်တွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စက်မှုကျောင်းများဖွင့်လှစ်နိုင်ရေး၊ အထက်တန်းကျောင်းများတွင် ဥပဒေပညာများ သင်ကြားနိုင်ရေးနှင့် ပြည်သူ့နီတိနှင့် စာရိတ္တများကို သင်ကြားနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း၊ ပညာရေး၊ ကျန်းမာရေး၊ အားကစားစသည့် လူမှုရေးကိစ္စအရပ်ရပ်ကို လုပ်ဆောင်နေရသော ဌာနများတွင် တာဝန်ထမ်းဆောင်နေကြသော ဝန်ထမ်းများသည် ပြည်သူနှင့်တိုက်ရိုက်ထိတွေ့ဆောင်ရွက်နေရသော ဌာနများဖြစ်သည့်အတွက် စေတနာထားဆောင်ရွက်မည်ဆိုလျှင် များစွာအကျိုးရှိမည်ဖြစ်ကြောင်း စသည်ဖြင့် နိုင်ငံတော်သမ္မတ၏ လမ်းညွှန်ချက်မိန့်ခွန်းအပေါ် ပြည်နယ်အနေဖြင့် တိုးမြှင့်ဆောင်ရွက်မည့် အစီအမံများကို ရှင်းလင်းပြောကြားသည်။



ထို့နောက် တွေ့ဆုံပွဲသို့ တက်ရောက်လာကြသည့် ဌာနဆိုင်ရာများက လိုအပ်သည်များကို တင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်က တင်ပြချက်များအပေါ် ပြန်လည်ဆွေးနွေးပေးကာ လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းပေးပြီး တက်ရောက်လာကြသူများကို ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်ခဲ့ကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

## နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးတို့အတွက် စစ်ဆင်ရေးတာဝန်များကို ထမ်းဆောင်ခဲ့သည့် ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများအား သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆို



**နေပြည်တော် မေ ၂၅**

နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးတို့အတွက် ရှမ်းပြည်နယ် (မြောက်ပိုင်း) မှဆယ်ဒေသတစ်ဝိုက် နယ်မြေလုံခြုံရေးတာဝန်များကို ထမ်းဆောင်၍ ပြန်လည်ရောက်ရှိလာသော ရှေ့တန်းပြန် နိုင်ငံ့သားကောင်းတပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုခြင်းကို ယနေ့မွန်းလွဲပိုင်းတွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းတွမ်းမြို့ရှိ နယ်မြေခံတပ်ရင်း၌ ပြုလုပ်ရာ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် စိုးမြတ်ထွဋ်နှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဒေသခံတိုင်းရင်းသားပြည်သူများ ပါဝင်တက်ရောက် ဂုဏ်ပြုကြိုဆိုကြသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင်စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ် စည်းစိမ်ဥစ္စာ လုံခြုံမှုရှိစေရေး၊ နိုင်ငံတော်တည်ငြိမ်ရေး၊ နယ်မြေအေးချမ်းရေးအတွက် ရှေ့တန်းစစ်မျက်နှာများတွင် စစ်ဆင်ရေးတာဝန်များကို နေ့မအားညမနား စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ခဲ့သော ရှေ့တန်းပြန်တပ်မတော်သားများအား တိုင်းမှူးနှင့် တက်ရောက်လာကြသူများက အောင်သပြေခက်များ၊ အောင်ပန်းကုံးများဖြင့်လည်းကောင်း၊ အိုးစည်ဒိုးပတ် အတီး၊ အမှုတ်၊ အက၊ အခုန်များဖြင့်လည်းကောင်း ဝမ်းမြောက်စွာ သောင်းသောင်းဖြဖြ ကြိုဆိုဂုဏ်ပြုကြသည်။ ထို့နောက် တိုင်းမှူးက အောင်ပွဲရ ရှေ့တန်းပြန်တပ်မတော်သားများအား ဂုဏ်ပြုအမှာစကား ပြောကြားပြီး ဂုဏ်ပြုချီးမြှင့်ငွေနှင့် အသုံးအဆောင်ပစ္စည်းများ ပေးအပ်သည်။ ယင်းနောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက အောင်ပွဲရ ရှေ့တန်းပြန်တပ်မတော်သားများနှင့်အတူ ဂုဏ်ပြုနေ့လယ်စာကို အတူတကွ သုံးဆောင်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မှော်ဘီမြို့နယ်နှင့် အောင်မြေသာစံမြို့နယ်တို့ရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်

**နေပြည်တော် မေ ၂၅**

တပ်မတော်အနေဖြင့် ပြည်သူလူထု၏ ကျန်းမာရေးကဏ္ဍ တိုးတက်မြင့်မားစေရန်အတွက် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းမှ ကူညီစောင့်ရှောက်မှုများဆောင်ရွက်ပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် ဝါးနက်ချောင်းကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ သံဃာတော် ၃၈ ပါးနှင့် ဒေသခံပြည်သူ ၁၁၆ ဦးတို့အား အဆိုပါကျေးရွာရှိ ပါရမီဖြည့်ကျောင်းတိုက်၌ လည်းကောင်း၊ လှည်းကူးမြို့နယ် မအူကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ သံဃာတော်တစ်ပါးနှင့် ဒေသခံပြည်သူ ၆၁ ဦး တို့အား အဆိုပါကျေးရွာရှိ မဟာစည်မာန်အောင် သာသနာ့ရိပ်သာကျောင်းတိုက်၌ လည်းကောင်း အခြေပြု၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော်များနှင့် ဒေသခံပြည်သူများအား အရိုးအကြောရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ မျက်စိရောဂါ၊ နား/နှာခေါင်း/လည်ချောင်းရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများဆောင်ရွက်ပေးသည်။

အလားတူ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၊ နယ်လှည့်ဆေးကုသရေးအဖွဲ့က မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် မင်းတဲအီကင်းရပ်ကွက်ရှိ မဟာစည်သြဝါဒခံ၊ ဆင်များရှင် သာသနာ့ရိပ်သာ၌ သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များ၊ ဒေသခံပြည်သူများအား အဆိုပါရိပ်သာရှိ ဗေဒါရွှေကြာငါးထပ်ကျောင်းဆောင်၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော် ၂၃ ပါး၊ သာသနာ့နွယ်ဝင်သီလရှင် ရှစ်ပါးနှင့် ဒေသခံပြည်သူ ၁၁၁ ဦးအား သွေးတိုးရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ၊ အဆစ်အမျက်ရောင်ရောဂါ၊ ဆီးချိုရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ နား/နှာခေါင်း/လည်ချောင်း ရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးခြင်း၊ ကျန်းမာရေးဆိုင်ရာ အသိပညာပေးဟောပြောဆွေးနွေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန်လိုအပ်သည့် လူနာများအား နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များနှင့် တပ်နယ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## အာဆီယံဒေသတွင်း အခွင့်အလမ်းများနှင့် ဗဟုသုတများရရှိနိုင်မည့် Foundation Course in ASEAN Studies သင်တန်း ဖွင့်လှစ်မည်



**ရန်ကုန် မေ ၂၅**

အာဆီယံဆိုင်ရာ အကြောင်းအရာများကို သင်ကြားပေးသွားမည့် Foundation Course in ASEAN Studies သင်တန်းကို ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း မေ ၂၄ ရက်က UMFCCI ၌ ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲမှ သိရသည်။

အခမ်းအနားတွင် သင်တန်းပို့ချဆွေးနွေးမည့် ဆရာ ဆရာမများဖြစ်သည့် ဒေါက်တာ တင်မောင်မောင်အုန်း (Ph.D, University of Yangon)၊ ဦးကျော်ဒေဝ (M.A. in Southeast Asia & the Pacific Studies, University of Yangon) နှင့် ဒေါ်ခိုင်ဆုရည်ဇော် (Master of Law in IR, Jilin University, China), M.B.A. တို့မှ ပို့ချမည့် သင်ခန်းစာအကြောင်းအရာများနှင့် ဆောင်ရွက်မည့်လုပ်ငန်းစဉ်များအကြောင်းကို ဆွေးနွေးပြောကြားသည်။

အာဆီယံဒေသတွင်းဆိုင်ရာ သတင်း အချက်အလက်များ၊ ပထဝီဝင်ရေးရာ၊ နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေး၊ ယဉ်ကျေးမှု စသည့် အကြောင်းအရာများကို အခြေခံမှ စတင်မျှဝေသင်ကြားပေးသွားမည့် Foundation Course in ASEAN Studies သင်တန်းကို Southeast Asia and the Pacific (SEAP) STUDIES CENTRE – MYANMAR က ဖွင့်လှစ် သင်ကြားပေးသွားမည် ဖြစ်သည်။

Foundation Course in ASEAN Studies သင်တန်းကို ဇွန် ၆ ရက်တွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ဝန်ကြီးများရုံး၌ ဖွင့်လှစ် သင်ကြားမည်ဖြစ်ပြီး သင်တန်း တက်ရောက်လိုသူများအနေဖြင့် (SEAP) STUDIES CENTRE – MYANMAR လူမှုကွန်ရက်စာမျက်နှာ၏ Google Form မှတစ်ဆင့် စာရင်းပေးသွင်း တက်ရောက်နိုင်သည်။ သင်တန်းကာလမှာ အပတ်စဉ် စနေနှင့် တနင်္ဂနွေနေ့တို့တွင် ညနေ ၃ နာရီမှ ၅ နာရီအထိ ဖွင့်လှစ်သင်ကြားပြီး ငါးပတ်ကြာမြင့်မည်ဖြစ်သည်။ သင်တန်းတွင် Module စုစုပေါင်း ကိုးခု သင်ကြားမည်ဖြစ်ပြီး "ASEAN and Myanmar: Opportunities and Challenges" အပါအဝင် အာဆီယံနှင့်ပတ်သက်သော အသိပညာနှင့် ချိတ်ဆက်မှုများ ရရှိနိုင်မည်ဖြစ်သည်။

သင်တန်း တက်ရောက်ရန် အရည်အချင်း သတ်မှတ်ချက်အနေဖြင့် ဘွဲ့ရရှိထားသူများ (BA, MA) သို့မဟုတ် အနည်းဆုံး ဒီပလိုမာတစ်ခုခု ရရှိထားသူများ တက်ရောက်နိုင်သည်။ အထူးသဖြင့် အာဆီယံနိုင်ငံများနှင့် စီးပွားရေး ချိတ်ဆက်ဆောင်ရွက်လိုသည့် လုပ်ငန်းရှင်များ၊ ဒေသတွင်းအခြေအနေများကို စိတ်ပါဝင်စားသူများအတွက် ရည်ရွယ်၍ အသက်ကန့်သတ်ချက်မရှိဘဲ လွတ်လပ်စွာ တက်ရောက်ခွင့်ပြုထားသည်။

သင်တန်းပြီးဆုံးပါက Viber Group မှတစ်ဆင့် သတင်းအချက်အလက်များ ရယူနိုင်ခြင်း၊ အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုပြပွဲ(Trade Fair) များသို့ သွားရောက်နိုင်ရန် လမ်းညွှန်ပေးခြင်းနှင့် Business Trip အချက်အလက်များ မျှဝေခြင်းတို့ကို ရရှိမည်ဖြစ်သည်။ ထို့ပြင် Diploma Programme သို့လည်း ဆက်လက် တက်ရောက်နိုင်မည်ဖြစ်သည်။

"ကျွန်တော်တို့က အာဆီယံမိသားစုဝင်တွေဖြစ်ပြီး ကဏ္ဍပေါင်းစုံနဲ့ အားလုံးကပတ်သက်ဆက်နွှယ်နေပါတယ်။ ASEAN နဲ့ ပတ်သက်တဲ့အကြောင်းအရာတွေကို လေ့လာသိရှိထားခြင်းအားဖြင့် နောင်ကိုယ်ပါဝင်ဆောင်ရွက်မယ့် အခန်းကဏ္ဍမှာ အထောက်အကူပြုစေမယ်လို့ မျှော်လင့်ပါတယ်။ ကျွန်တော်တို့အနေနဲ့ ဘာသာရပ်ရှုထောင့်ပေါင်းစုံကို ပိုမိုထိရောက်မယ့် သင်ကြားနည်းစနစ်တွေနဲ့ ဆွေးနွေး သင်ကြားသွားပါမယ်" ဟု ဒေါက်တာတင်မောင်မောင်အုန်းက ပြောသည်။

"သင်တန်းအစပိုင်းမှာ Certificate course နဲ့ ဖွင့်လှစ်သွားမှာဖြစ်ပါတယ်။ နောက်ပိုင်းတွင် Diploma Program များ ဖွင့်လှစ်နိုင်ဖို့ ဆက်လက်ဆောင်ရွက်သွားမယ်" (SEAP) STUDIES CENTRE – MYANMAR ၏ တည်ထောင်သူ ဦးကျော်ဒေဝက ပြောသည်။

ယခင်က ရန်ကုန်တက္ကသိုလ်နှင့် မန္တလေးတက္ကသိုလ်တို့တွင် SEAF Master Degree သင်တန်းများကို ၂၀၀၂ ခုနှစ်ဝန်းကျင်က ဖွင့်လှစ်ခဲ့ဖူးသော်လည်း နောက်ပိုင်းတွင် ရပ်တန့်သွားခဲ့ရာ ယခုသင်တန်းသည် အာဆီယံအကြောင်း စနစ်တကျပြန်လည်လေ့လာလိုသူများအတွက် ရည်ရွယ်ခြင်းဖြစ်သည်။

**မျိုးမင်းသူရ**

**အိမ်ပြင်ပ၌ ထွန်းသော မီးများကို နေ့အလင်းရောင် ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

## ပုဗ္ဗသီရိမြို့နယ်နှင့် ဇေယျာသီရိမြို့နယ်အတွင်း စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**နေပြည်တော် ဧပြီ ၂၅**

နေပြည်တော် ပုဗ္ဗသီရိမြို့နယ်အား Clean City၊ Green City၊ Smart City ဖြစ်စေရေးအတွက် စွန့်ပစ်အမှိုက်များ ရှင်းလင်းခြင်းနှင့် စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းကို ယနေ့နံနက်ပိုင်းက ပုဗ္ဗသီရိမြို့နယ် ပိတောက်လမ်း တစ်လျှောက် ဆောင်ရွက်ရာ နေပြည်တော်ကောင်စီဝင်(၂) ဦးမင်းဦး ကြည့်ရှုအားပေးသည်။

ထိုသို့ဆောင်ရွက်ရာတွင် ခရိုင်/မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ကြီးကြပ်၍ ဌာနဆိုင်ရာဝန်ထမ်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ဒေသခံများ စုပေါင်း၍ ပိတောက်လမ်းတစ်လျှောက်ရှိ မြက်ပင်များ၊ ချုံနွယ်များကို ခုတ်ထွင်ရှင်းလင်းခြင်း၊ မြက်ဖြတ်စက်များဖြင့် ရှင်းလင်းဆောင်ရွက်ခြင်း၊ ရေစီးရေလာကောင်းမွန်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ စွန့်ပစ်အမှိုက်များကို စုပေါင်းရှင်းလင်းခြင်း၊ အမှိုက်သရိုက်များကို အမှိုက်ကားများဖြင့် စနစ်တကျသိမ်းဆည်းစွန့်ပစ်ခြင်းလုပ်ငန်းများနှင့် အမှိုက်မပစ်ရေး အသိပညာပေးခြင်းများကို ဆောင်ရွက်သည်။

ထို့နောက် နေပြည်တော်ကောင်စီဝင်သည် နေပြည်တော် ဆီကုန်သည်များအသင်းက သန့်ရှင်းရေး လာရောက်ဆောင်ရွက်သည့် ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံပြည်သူများအား စားသုံးဆီသတ်မှတ်ရည်ညွှန်းဈေးအတိုင်း ရောင်းချပေးနေမှုကို ကြည့်ရှုသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဝင်သည် ဇေယျာသီရိမြို့နယ်သို့ သွားရောက်ပြီး ဌာနဆိုင်ရာဝန်ထမ်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ဒေသခံများ စုပေါင်း၍ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန စုပေါင်းရုံးဝင်းရှေ့နှင့် ရွှေတွင်းကုန်းကျေးရွာမှ တိရစ္ဆာန်ဥယျာဉ်အထိ ရန်-မန်းလမ်းဘေး ဝဲယာတစ်လျှောက်ရှိ ပလတ်စတစ်အမှိုက်သရိုက်များ၊ ချုံနွယ်များရှင်းလင်းနေမှုကို ကြည့်ရှုကာ တာဝန်ရှိသူများအား လိုအပ်သည်များမှာကြားပြီး သန့်ရှင်းရေး လာရောက်ဆောင်ရွက်သည့် ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံပြည်သူတို့အား စားသုံးဆီသတ်မှတ်ရည်ညွှန်းဈေးအတိုင်း ရောင်းချပေးနေမှုကို ကြည့်ရှုသည်။

**အောင်ကို(ပုဗ္ဗသီရိ)**



## ၂၀၂၆ခုနှစ် ပြည်နယ်နှင့်တိုင်းဒေသကြီး အမျိုးသား၊ အမျိုးသမီးဘော်လီဘောပြိုင်ပွဲသို့ မန္တလေးတိုင်းဒေသကြီးကိုယ်စားပြုအသင်း သွားရောက်ယှဉ်ပြိုင်အောင်ပွဲခံယူနိုင်ရေး ညှိနှိုင်းဆွေးနွေး

**မန္တလေး ဧပြီ ၂၅**

၂၀၂၆ ခုနှစ်ပြည်နယ်နှင့်တိုင်းဒေသကြီး အမျိုးသား၊ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲသို့ မန္တလေးတိုင်းဒေသကြီး ကိုယ်စားပြု ထူးချွန်ထက်မြက်သော ဘော်လီဘော အားကစားသမားများ ရွေးထုတ်နိုင်ရန်အတွက် ထပ်ဆင့်ယှဉ်ပြိုင် အောင်ပွဲခံယူနိုင်ရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့ညနေပိုင်းက မန္တလေးတိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။



ဦးစွာ တိုင်းဒေသကြီးအား/ကာ ညွှန်ကြားရေးမှူး ဦးနိုင်လင်းအောင်က အမှာစကားပြောကြားပြီး တိုင်းဒေသကြီး ဘော်လီဘောဆပ်ကော်မတီဥက္ကဋ္ဌ ဦးအောင်ဆန်းဝင်း(အောင်သမာဓိ စိန်ရွှေရတနာဆိုင်)က မေလပထမပတ် ဗထူးမိုးလုံ အားကစားခန်းမ၌ ကျင်းပမည့် ခရိုင်အလိုက်အမျိုးသား အမျိုးသမီး ဘော်လီဘောပြိုင်ပွဲ အပြီးတွင် မန္တလေးတိုင်းကိုယ်စားပြု အရည်အချင်းပြည့်ဝသော အားကစားသမားကောင်းများ စိစစ်ရွေးချယ်၍ ကြိုတင်စခန်းသွင်းလေ့ကျင့်ပေးကာ တောင်ကြီးမြို့တွင် ဇွန် ၁၀ ရက်မှ ၁၉ရက်အထိ ကျင်းပမည့် ပြည်နယ်နှင့်တိုင်းဒေသကြီး ဘော်လီဘောပြိုင်ပွဲသို့ တိုင်းဒေသကြီး အစိုးရအဖွဲ့၏ အဓိကပံ့ပိုးမှုဖြင့် တက်ရောက်ယှဉ်ပြိုင် ထပ်ဆင့်အောင်ပွဲ ခံယူနိုင်ရေး ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် ဒုတိယဥက္ကဋ္ဌ ဦးထွန်းလင်း(လက်ရွေးစင်ဟောင်း)၊ အတွင်းရေးမှူး ဦးမြင့်ဆွေတို့နှင့်အမှုဆောင်တို့က တိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား ခရိုင်အလိုက် ဘော်လီဘောပြိုင်ပွဲမှစ၍ အသင်းဝင်အားကစားသမားများ အသက် ၂၅ နှစ်အောက် မှန်ကန်မှုဖြင့် စည်းကမ်းတကျ တိုင်းအောင်နိုင်ရေးအတွက် ပါဝင်ယှဉ်ပြိုင်နိုင်ရေး ဆွေးနွေးညှိနှိုင်း ဆောင်ရွက်ခဲ့သည်။

**တင်မောင်-မန္တလေး**

## လှိုင်သာယာမြို့နယ်၌ မီးသတ်တပ်ဖွဲ့နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် စုပေါင်းသန့်ရှင်းရေးပြုလုပ်

**လှိုင်သာယာ ဧပြီ ၂၅**

မေ ၅ ရက်တွင် ကျရောက်မည့် နှစ်(၈၀) ပြည့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် ရိပ်သာရပ်ကွက် အထက(မြို့မ) ကျောင်းဝင်းအတွင်း၌ စုပေါင်းသန့်ရှင်းရေးပြုလုပ်ခြင်းနှင့် သောက်သုံးရေကန်ဆယ်တင်သန့်ရှင်းရေးပြုလုပ်ခြင်းကို ယနေ့နံနက် ၇ နာရီက ဆောင်ရွက်ခဲ့သည်။

အခမ်းအနားသို့ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဦးအောင်မျိုးနိုင်၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးကျော်မင်းထွန်း၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးပြည့်ဖြိုးထွန်းနှင့်ဌာနဆိုင်ရာဝန်ထမ်းများ၊ မီးသတ်ဦးစီးမှူး ဦးယုလွင် ဦးဆောင်သည့် သန္ဓေနှင့်အရန်မီးသတ်တပ်ဖွဲ့ဝင်များ စုစုပေါင်းအင်အား ၇၅ ဦးတို့ဖြင့် ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**အိရွှေစင်လတ်(ပြန်/ဆက်)**



## မိုးညှင်းမြို့၌ သန့်ရှင်းသာယာလှပစေရေး စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်

**မိုးညှင်း ဧပြီ ၂၅**

ကချင်ပြည်နယ် မိုးညှင်းမြို့ သန့်ရှင်းသာယာလှပစေရေးအတွက် စုပေါင်းသန့်ရှင်းရေးကို ယနေ့နံနက်ပိုင်းက ခရိုင်/မြို့နယ်ဌာနဆိုင်ရာဝန်ထမ်းများနှင့် ရပ်ကွက်သူ ရပ်ကွက်သားများ စုပေါင်း၍ သန့်ရှင်းရေးဆောင်ရွက်လျက်ရှိသည်။



အဆိုပါ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ရာတွင် မြို့အင်္ဂါရပ်နှင့်အညီ သန့်ရှင်းသာယာလှပစေရေးအတွက် နားခါရပ်ကွက်ရှိ ဆုတောင်းပြည့် ကပ်ကျော် ဇမ္ဗူအေးဘုရားမြို့ဦးစေတီ ပရိဝုဏ်နှင့် ဘုရားကျောင်းအပြင်ဘက်ရှိ သစ်ပင်ချုံနွယ်များ၊ မြက်ပင်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်သရိုက်များ လှည်းကျင်းပေးခြင်းနှင့် မီးရှို့ရှင်းလင်းခြင်းကို ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်စိုးတင့် ဦးဆောင်သည့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များနှင့် ရပ်ကွက်သူ ရပ်ကွက်သားများက စုပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ရွှေမိုးညှင်း**

## တောင်ငူ၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**တောင်ငူ ဧပြီ ၂၅**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့၌ ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ၏ ဦးဆောင်မှုဖြင့် မြို့သန့်ရှင်းသာယာလှပရေးအတွက် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခြင်းကို ယနေ့နံနက် ၇နာရီက အရှေ့ဘက်ကေတုမတီမုခ်ဦးမှစ၍ အနောက်ဘက်မုခ်ဦးအထိ ဗိုလ်မှူး ဖိုးကွန်းလမ်းမကြီးတစ်လျှောက်ပြုလုပ်ရာ ခရိုင်နှင့်မြို့နယ်အဆင့်ဌာနဆိုင်ရာဝန်ထမ်းများ၊ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ပရဟိတအဖွဲ့များနှင့် မြို့ပေါ်ရပ်ကွက်အုပ်ချုပ်ရေးမှူးများ စုပေါင်း၍ ဆောင်ရွက်ကြသည်။

သန့်ရှင်းသာယာလှပစေရေးအတွက် သစ်ရွက်ခြောက်များ၊ ပလတ်စတစ်အမှိုက်များ၊ သစ်ပင်ချုံနွယ်များ၊ သစ်ပင်သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းပေးကြပြီး အမှိုက်ကားများဖြင့် သယ်ယူစွန့်ပစ်ပေးခြင်းတို့ကို ဆောင်ရွက်ပေးကြသည်။

**ခရိုင်(ပြန်/ဆက်)**



## ကမာရွတ်မြို့နယ်၌ ရက်(၁၀၀)စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းဆောင်ရွက်ပေး

**ကမာရွတ် ဧပြီ ၂၅**

ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ် အမှတ်(၆)ရပ်ကွက် ပြည်ရိပ်မွန်အိမ်ရာ ဆွမ်းလောင်းဓမ္မာရုံ၌ ကမာရွတ်မြို့နယ် လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနမှ ရက် (၁၀၀) စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်များကို ယနေ့နံနက်ပိုင်းမှ စတင်၍ ကွင်းဆင်းဆောင်ရွက်ပေးသည်။



မြို့နယ်ဦးစီးမှူး ဦးဆောင်သည့် ဝန်ထမ်းများက အသက် (၁၀) နှစ်နှင့်အထက် မှတ်ပုံတင်အသစ် ပြုလုပ်ပေးခြင်း၊ အသက် (၁၈) နှစ်ပြည့် မှတ်ပုံတင်လဲလှယ်ခြင်း၊ ဟောင်းနွမ်းပျက်စီး မှတ်ပုံတင်ခြင်းများကို အသစ်လဲလှယ်ပြုလုပ်ပေးခြင်းများ ဆောင်ရွက်ပေးရာ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးအောင်ဝင်းသန်းနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုခဲ့ပြီး လိုအပ်သည်များကို ပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**စိမ်းလဲ့(ပြန်/ဆက်)**



မန္တလေးတိုင်းဒေသကြီး ဝမ်းတွင်းမြို့နယ် မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးစိုးထွန်းနှင့် တပ်ဖွဲ့ဝင်များက မြို့နယ်အတွင်း မီးလောင်မှု မီးလန့်မှုများ မဖြစ်ပွားစေရန် ကွင်းဆင်းစစ်ဆေးခြင်းကို ဧပြီ ၂၄ ရက် နံနက် ၉ နာရီက ညောင်ပင်သာကျေးရွာရှိ Leaders of Textile Public Co;Ltd. ၌ ကွင်းဆင်းဆောင်ရွက်စဉ်။

ကိုအောင်

# လက်မှုရွာစီမံကိန်းဆောင်ရွက်နိုင်ရေး လက်ရက်ကန်းလုပ်ကိုင်သူများနှင့်တွေ့ဆုံ

**ညောင်ရွှေ ဧပြီ ၂၅**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ရှမ်းပြည်နယ် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၏ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ပထမရက်(၁၀၀)အတွင်း လက်မှုရွာစီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် လက်ရက်ကန်းလုပ်ကိုင်သူများနှင့် တွေ့ဆုံပွဲကို ယနေ့ နံနက် ၉ နာရီက ညောင်ရွှေမြို့နယ် မန်ကျည်းဆိပ်ကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပသည်။

ဦးစွာ ပြည်နယ် အင်းသားတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဒေါ်တင်တင်ရီနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးကြည်လွင်တို့က အမှာစကားပြောကြားပြီး ပြည်နယ်အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးစိုးနိုင်ထူးက လက်မှုရွာစီမံကိန်း အကျိုးကျေးဇူးများ၊ ကော်မတီများဖွဲ့စည်းခြင်း၊ ထုတ်ကုန်ပစ္စည်းများ ရောင်းချနိုင်ရေး၊ အရောင်းပြခန်းပြင်ဆင်ရေးလုပ်ငန်းများကို ရှင်းလင်းပြောကြားသည်။ လက်မှုရွာစီမံကိန်းသည် တစ်နေရာတည်းတွင် လက်မှုလုပ်ငန်းများကို တစ်စုတစ်စည်းတည်း လေ့လာစေခြင်းဖြင့် ပြည်တွင်း ပြည်ပခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်၍ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်မှ ၂၀၃၀-၂၀၃၁ ဘဏ္ဍာနှစ်အထိ စဉ်ဆက်မပြတ် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။



မြို့နယ်(ပြန်/ဆက်)

# လပွတ္တာမြို့၌ ၂၀၂၆ ခုနှစ် လူရည်ချွန်ဂုဏ်ပြုပွဲ အခမ်းအနားကျင်းပ

**လပွတ္တာ ဧပြီ ၂၅**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ်၌ ၂၀၂၆ ခုနှစ် လူရည်ချွန်ဂုဏ်ပြုပွဲအခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီက လပွတ္တာမြို့နယ် ရွှေနဒီခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ အုပ်ချုပ်ရေးမှူး ဦးလွင်ကိုဦးက အမှာစကားပြောကြားပြီး လူရည်ချွန်နှစ်ထပ်ကွမ်းဆုရှင် မရွှေပြည့်ပြည့်၊ လူရည်ချွန် မောင်ဘုန်းမြင့်မိုရ်နှင့် မောင်မြတ်ဘုန်းခန့်တို့အား ခရိုင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ခရိုင်အမျိုးသမီးရေးရာအဖွဲ့၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းနှင့် လပွတ္တာမြို့မှ လုပ်ငန်းရှင်၁၇ဦးက ဂုဏ်ပြုဆုငွေများ အသီးသီးပေးအပ်ချီးမြှင့်ရာ လူရည်ချွန်မောင်မယ် တစ်ဦးလျှင် ၁၇ သိန်း ၈ သောင်းစီနှင့်သုံးဦးအတွက် ၅၃ သိန်း ၄ သောင်း ဂုဏ်ပြုချီးမြှင့်ခဲ့ကြောင်း သိရသည်။



အဆိုပါအခမ်းအနားသို့ ခရိုင်၊ မြို့နယ်စီမံခန့်ခွဲရေး ကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဥက္ကဋ္ဌ၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများနှင့် လုပ်ငန်းရှင်များတက်ရောက်ခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# ကျောက်ဆည်ခရိုင်၏ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်းရည်မှန်းချက်များ တာဝန်ပေးအပ်

**ကျောက်ဆည် ဧပြီ ၂၅**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင်၏ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်း ရည်မှန်းချက်များ တာဝန်ပေးအပ်ပွဲ အခမ်းအနားကို ယမန်နေ့က ကျောက်ဆည်ခရိုင် လမ်းဦးစီးရိပ်သာ အစည်းအဝေးခန်းမ၌ ကျင်းပသည်။



ဦးစွာ ကျောက်ဆည်ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇော်ဟိန်းအောင်က စီမံကိန်းလုပ်ငန်းများ အောင်မြင်ရေး ကဏ္ဍအလိုက် ဘက်စုံတိုးတက်စေဖို့ စိတ်ကောင်းစေတနာထား ဆောင်ရွက်ကြရန် အမှာစကားပြောကြားပြီး ခရိုင်စီမံကိန်းရေးဆွဲရေး ဦးစီးဌာန ဦးစီးမှူး ဦးမြင့်ဦးက ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် စီမံကိန်းရည်မှန်းချက်များ ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်ပြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးခင်မောင်ဝင်းနှင့် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌတို့က ကဏ္ဍအလိုက် စီမံကိန်းရည်မှန်းချက်များကို ဌာနဆိုင်ရာများကိုယ်စား ခရိုင်မြေစာရင်းဦးစီးဌာနမှူး ဦးဝင်းကျော်ဖြိုး၊ နိုင်ငံပိုင်အခန်း ရင်းနှီးမြှုပ်နှံမှု တိုင်းဒေသကြီးဘတ်ဂျက်ဖြင့်ဆောင်ရွက်မည့် လုပ်ငန်းများကိုယ်စားခရိုင် ဆည်မြောင်းဦးစီးဌာနမှူး ဦးနိုင်လင်းစိုးနှင့် ကျောက်ဆည်၊ စဉ့်ကိုင်၊ မြစ်သားမြို့နယ် စီမံကိန်းရေးဆွဲအကောင်အထည်ဖော်ရေး ကော်မတီဥက္ကဋ္ဌများထံသို့ စီမံကိန်းရည်မှန်းချက်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

တင်တင်ထွေး(ပြန်/ဆက်)

# ရေဦးမြို့နယ်၌ နွေစပါးစိုက်ပျိုးရေးအတွက် စက်မောင်းဆီ ဒီဇယ် ဖြန့်ဖြူးရောင်းချပေး

**ရေဦး ဧပြီ ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးမြို့နယ်အတွင်း နွေစပါးစိုက်ပျိုးနိုင်ရေး မြေပြုပြင်ရန်ကျန်ရှိသည့် စိုက်ကေများအတွက် ပြည်တွင်းထုတ်ဒီဇယ်ဆီများကို ယမန်နေ့က တောင်သူများသို့ ဖြန့်ဖြူးပေးခဲ့ကြောင်း သိရသည်။

ထိုသို့ ထွန်ယက် ဒီဇယ်ဆီ ဖြန့်ဖြူးရောင်းချရာသို့ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမင်းသူရနှင့်အဖွဲ့ဝင်များ၊ ရေဦးမြို့နယ်စက်သုံးဆီနှင့် ဓာတ်မြေဩဇာ ဖြန့်ဖြူးရေးလုပ်ငန်း ကြီးကြပ်မှုအဖွဲ့ခေါင်းဆောင် ဗိုလ်မှူးဖြိုးဝင်းထက်နှင့် အဖွဲ့ဝင်များက ကြီးကြပ်မှုဖြင့် ကျေးရွာများအလိုက် တောင်သူများလက်ဝယ်အရောက် လက်ငင်း ငွေချေစနစ်ဖြင့် တစ်ကေလျှင် ထွန်ယက်ဒီဇယ်ဆီ တစ်ဂါလန်အား တစ်သောင်းကျပ်နှုန်းဖြင့် ဖြန့်ဖြူးရောင်းချပေးခဲ့ကြောင်း သိရသည်။

ရေဦးမြို့နယ် အနေဖြင့် ကျေးရွာအုပ်စု(၁၁)အုပ်စုရှိကျေးရွာပေါင်း ၁၂ ရွာမှ တောင်သူစုစုပေါင်း ၃၂၇ ဦးအား ထွန်ယက်ကေ ၁၆၀၀ အတွက် ထွန်ယက်ဒီဇယ်ဆီ ဂါလန် ၁၆၀၀ အား တောင်သူများလက်ဝယ်အရောက် လက်ငင်းငွေချေစနစ်ဖြင့် ဖြန့်ဖြူးရောင်းချပေးခဲ့ကြောင်း သိရသည်။

မြို့နယ် (ပြန်/ဆက်)





# အင်းစိန်မြို့နယ်၌ ရက် (၁၀၀) စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်များ ဆောင်ရွက်ပေး

**ရန်ကုန် ဧပြီ ၂၅**

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်၌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အင်းစိန်မြို့နယ် ဦးစီးမှူးရုံးမှ အစိုးရသစ်၏ ရက် (၁၀၀) စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်များ ပြုလုပ်ပေးခြင်းကို အင်းစိန်မြို့နယ်အတွင်းရှိ ရပ်ကွက်(၂၁)ရပ်ကွက်တို့၌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက အဖွဲ့သုံးဖွဲ့ ဖွဲ့၍ စတင်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ရက် (၁၀၀) စီမံချက်ဖြင့် မြေပြင်တွင်နေထိုင်မှုရှိသူ အသက်(၁၀)နှစ်ပြည့်၊ အသက်(၁၈)နှစ်ပြည့်နှင့်အထက် နိုင်ငံသားစိစစ်ရေးကတ် ပြုလုပ်ပေးခြင်း အသက်(၁၈)နှစ်ပြည့်ပြီးသော်လည်း အကြောင်းအမျိုးမျိုးကြောင့် နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ် မရရှိသေးသူများအား မြေပြင်ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိရာ ဧပြီ ၂၄ ရက် နံနက် ၉ နာရီက စော်ဘွားကြီးကုန်း၊ နံ့သာကုန်းရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများတွင် အင်းစိန်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ရက်(၁၀၀)စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းဆောင်ရွက်ပေးမှုကို မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဦးစီးမှူးတို့က သွားရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

ဥာဏ်လင်း



ဧပြီ ၂၄ ရက်က သန်လျင်ပြည်သူ့ဆေးရုံကြီးအစည်းအဝေးခန်းမ၌ "လုံခြုံစိတ်ချမိခင်ဘဝ သေချာရအောင်ဝိုင်းကူကြ" အလုပ်ရုံဆွေးနွေးပွဲပြုလုပ်ရာ ရန်ကုန်တိုင်းဒေသကြီး မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်နှင်းဇာခြည်ဦးနှင့်အဖွဲ့ဝင်များ၊ ခရိုင်နှင့်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ တက်ရောက်စဉ်။

သန်းဝင်း(သန်လျင်)



မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင်မီးသတ်ဦးစီးမှူး ဦးသိန်းဇော်ဝင်း၏ ဦးဆောင်မှုဖြင့် မြို့နယ်မီးသတ်ဦးစီးမှူး ဦးဇော်မျိုးအောင်နှင့် မီးသတ်တပ်ဖွဲ့ဝင်များ ပခုက္ကူမြို့ပေါ်ရပ်ကွက်များရှိ ဆိုင်များ၌ မီးဘေးလုံခြုံရေးကို ဧပြီ ၂၄ ရက်က ကွင်းဆင်းဆောင်ရွက်စဉ်။

ဘာမိသာ(ပခုက္ကူ)

**ဘုံပိုင်ခေါင်းမှ ရေစက်ကျမနေစေရန် ကျပ်အောင်ပိတ်ပါ။**

**ဘုံပိုင်ခေါင်းကို မသုံးဘဲ ဖွင့်ထားခြင်းမပြုပါနှင့်။**

**တစ်ဦးတည်းဖြစ်ပါကြောင်း**

မကွေးတိုင်းဒေသကြီး၊ အောင်လံမြို့နယ်၊ အမက ကန်ကြီး(၂)မှ ထလသ ဒေါ်မြမြစိန် (၈/မထန(နိုင်)၀၀၉၅၈၀) ၏ အမည်မှာ ဒေါ်စိန်မြနှင့် ဒေါ်မြမြစိန် ဟု အမည်နှစ်မျိုးဖြစ်နေ သော်လည်း လူပုဂ္ဂိုလ်တစ်ဦးတည်း ဖြစ်ပါကြောင်း။ **ဒေါ်စိန်မြ(ခ)ဒေါ်မြမြစိန်**

**ပတ်စ်ပို့ပျောက်**

မလိယုံရှန်း ၁၃/ကခန(နိုင်)၀၈၇၅၂၂ ၏ နိုင်ငံကူးလက်မှတ်နံပါတ် မမှတ်မိ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-09467534324**

**အမည်ပြောင်း**

ဦးဇော်ဦး၈/မသန(နိုင်)၀၄၄၁၃၆ ၏သား မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့ မောင်တိုင်(၂) ရပ်ကွက် အပိုင်း(၆)နေ မောင်နှင်းထက်ဇော် ၈/တတက(နိုင်)၂၅၄၄၂၃အား မောင်ထက်နေလင်း ဟု ပြောင်းလဲခေါ်ဆိုပါရန်။
**မောင်ထက်နေလင်း**

**အမှန်တကယ် ကြည့်မည့် အချိန်၌သာ တီဗွီကိုဖွင့်ပါ ကြည့်သူမရှိဘဲ အချိန်ပြည့် ဖွင့်ထားခြင်းကို ရှောင်ကြဉ်ပါ**

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် 1W/28652, ယာဉ်လက်ဝယ်ရှိသူ ဦးကိုကိုလင်း ၉/ပဘန(နိုင်)၁၅၇၄၀၈ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။
**ကညန၊ ခရိုင်ရုံး (ရမည်းသင်း)**

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် 6E/5443, Toyota Crown JZ517 Saloon (4 x 2)R (ကမ-၃) အမည်ပေါက်သူ ဦးတင်အောင်မိုး ၁၂/တမန(နိုင်)၁၂၇၄၁၂ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါ ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (ရန်ကုန်အရှေ့ပိုင်း)ရန်ကုန်မြို့**

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**
**ပြည်ထောင်စုဝန်ကြီးရုံး**
**ရုံးသုံးစက်ပစ္စည်းနှင့်ရုံးသုံးပရိဘောဂပစ္စည်းများ ဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံးမှ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်အတွက် ရုံးသုံးစက်ပစ္စည်းများနှင့် ရုံးသုံးပရိဘောဂပစ္စည်းများအား ပြည်တွင်းသုံးကျပ်ငွေဖြင့် ဝယ်ယူလိုပါ၍ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

(က) **တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက်** - ၂၇- ၄-၂၀၂၆ ရက်
(ခ) **တင်ဒါလျှောက်လွှာ နောက်ဆုံးရောင်းချမည့်ရက်** - ၁၁-၅-၂၀၂၆ ရက်
(ဂ) **တင်ဒါလျှောက်လွှာ နောက်ဆုံးတင်သွင်းမည့်ရက်** - ၁၃-၅-၂၀၂၆ ရက်၊ (၁၄:၀၀) နာရီ
(ဃ) **တင်ဒါတင်သွင်းမည့်နေရာ** - ရုံးအမှတ် (၁၅)၊ ပြည်ထောင်စုဝန်ကြီးရုံး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ နေပြည်တော်

၂။ အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို ရုံးချိန်အတွင်း လူကိုယ်တိုင်လာရောက်ဝယ်သည့်စနစ်ဖြင့် ရောင်းချမည်ဖြစ်ပြီး အသေးစိတ်အချက်အလက်များကိုသိရှိလိုပါက ရုံးအမှတ်(၁၅)၊ ပြည်ထောင်စုဝန်ကြီးရုံး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ဖုန်း-၀၆၇-၃၄၁၀၆၉၁၊ ၀၆၇-၃၄၁၀၆၉၂ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**
**ပြည်ထောင်စုဝန်ကြီးရုံး၊ ရုံးအမှတ် (၁၅)**
**နေပြည်တော်**

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**
**စက်မှုလယ်ယာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့**
**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ စက်မှုလယ်ယာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး၊ တိုင်းရုံး၊ မန္တလေးမြို့မှ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်အတွင်း ပြည်ထောင်စုငွေလုံးငွေရင်းရန်ပုံငွေဖြင့် မန္တလေးမြို့နှင့် မိတ္ထီလာမြို့တွင် အရာရှိနေအိမ် (၂)လုံး၊ ထွန်စက်ဂိုဒေါင် (၁)လုံးနှင့် (၆)ခန်းတွဲ ဝန်ထမ်းနေအိမ် (၁)လုံးတည်ဆောက်မည်ဖြစ်ပါသဖြင့် ပြည်တွင်းဆောက်လုပ်ရေးလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည် -

**ဆောက်လုပ်မည့်တည်ဆောက်ရေးလုပ်ငန်းများမှာ -**

Lot -1 မန္တလေးတိုင်းဒေသကြီး ၊ မန္တလေးမြို့ရှိ အရာရှိနေအိမ် (၄၀'x ၅၁'x ၁၁')(၁)လုံး မူလသစ်သားတိုင် ၊ အုတ်ညှပ် ၊ အဆောက်အအုံအား
အမိုး၊ နံရံ၊ မျက်နှာကြက်၊ ရေလိုင်း၊ မီးလိုင်းများပြုပြင်ခြင်းနှင့် ဆေးသုတ်ခြင်း

Lot -2 မန္တလေးတိုင်းဒေသကြီး ၊ မန္တလေးမြို့ ရှိ ၊ ထွန်စက်ဂိုဒေါင် (Tractor Shed ) (၁၀၀ 'x ၂၈'x ၁၂') Steel Structure (၁)လုံး ဆောက်လုပ်ခြင်း

Lot -3 ပင်မပစ္စည်းသိုလှောင်ရုံအဆင့်(ခ)၊ မန္တလေးမြို့ရှိ အရာရှိနေအိမ် (၄၀'x ၅၁'x ၁၁')(၁)လုံး မူလသစ်သားတိုင်၊ အုတ်ညှပ်၊ အဆောက်အအုံအား
အမိုး၊ နံရံ၊ မျက်နှာကြက်၊ ရေလိုင်း၊ မီးလိုင်းများပြုပြင်ခြင်းနှင့် ဆေးသုတ်ခြင်း

Lot -4 မန္တလေးတိုင်းဒေသကြီး ၊ မိတ္ထီလာမြို့ရှိ (၆)ခန်းတွဲဝန်ထမ်း နေအိမ် (၁၂၀'x ၃၀'x ၁၁') (RC) (၁)လုံး ဆောက်လုပ်ခြင်း (Apron & Drain ) (ရေမီးအပါ)

Lot-5 ဝမ်းတွင်းမြို့နယ် (သခွပ်မြင့် ) စနစ်ကျလယ်ယာမြေ ဖော်ထုတ်ခြင်း ဧက (၁၀၀)

Lot-6 မိတ္ထီလာမြို့နယ် (စက်ပစ်တောင်) စနစ်ကျလယ်ယာမြေ ဖော်ထုတ်ခြင်း ဧက (၁၀၀)

၂။ **တင်ဒါလျှောက်လွှာ စတင်ရောင်းမည့်ရက်** - ၂၄-၄-၂၀၂၆ရက်
၃။ **တင်ဒါလျှောက်လွှာ ပိတ်သိမ်းမည့်အချိန်** - ၂၁-၅-၂၀၂၆ရက် (၁၆:၀၀) နာရီ
၄။ **တင်ဒါလျှောက်လွှာ တင်သွင်းမည့်နေရာ** - တိုင်းဒေသကြီးဦးစီးဌာနမှူးရုံး စက်မှုလယ်ယာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့
၅။ **တင်ဒါဖွင့်ဖောက်ရွေးချယ်မည့်ရက်** - (ဆက်သွယ်အကြောင်းကြားပါမည်)
၆။ အိတ်ဖွင့်တင်ဒါနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက မန္တလေးတိုင်းဒေသကြီး စက်မှုလယ်ယာ ဦးစီးဌာန၊ ဖုန်း- ၀၉-၂၅၂၉၆၇၂၂၇၊ ၀၉ - ၄၀၂၇၀၁၈၆၃ သို့ ရုံးချိန်အတွင်းဆက်သွယ် စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

# ကျောက်မဲမြို့နယ်၌ ရက်(၁၀၀) စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းဆောင်ရွက်

**ကျောက်မဲ မေ ၂၅**

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲမြို့နယ်၌ အစိုးရသစ်၏ ရက်(၁၀၀) စီမံချက်အရ အသက် (၁၀) နှစ်နှင့် (၁၈) နှစ်ပြည့်ပြီးသူများအား နိုင်ငံသားစိစစ်ရေးကတ် ပြုလုပ်ပေးခြင်းကို မေ ၂၃ ရက်က အမှတ်(၇) ရပ်ကွက် ဥတ္တရဓမ္မာရုံ၌ ကွင်းဆင်းဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန မြို့နယ်ဦးစီးအရာရှိဦးမင်းသူနှင့် ဝန်ထမ်းများက ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့်အတူ မြေပြင်အရောက်ကွင်းဆင်း၍ နိုင်ငံသားကတ်အသစ် ပြုလုပ်သူများကို လုပ်ထုံးလုပ်နည်းနှင့်အညီ စိစစ်ထုတ်ပေးခြင်းနှင့် ဇီဝဆိုင်ရာအချက်အလက် (Biometric) ကောက်ယူခြင်းများ ဆောင်ရွက်ခဲ့ကြသည်။

အဆိုပါ လုပ်ငန်းဆောင်ရွက်မှုများကို ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးသန်းထိုက်ဇော်၊ ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးကျော်ဆွေဝင်းနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးပြီး ပြည်သူများထံ နိုင်ငံသားကတ်များ လက်ဝယ်အရောက် ပေးအပ်ခဲ့သည်။

ခရိုင်(ပြန်/ဆက်)



**ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၅၅၊ မောရဝတီလမ်း၊ မြေကွက် အမှတ် (၅၂၇)၊ အကျယ် (၄၀'x၆၀')ရှိ ပါမစ်မြေအမျိုးအစား မြေကွက်သည် ဦးနေလင်းထွန်း(၁၂/ဒဂရ(နိုင်)၀၁၁၀၀၅) အမည်ဖြင့် မှတ်သားတည်ရှိပြီး၊ အဆိုပါမြေကွက်အနက်မှ တရားဝင်မခွဲမစိတ်ရသေးသည့် ပါမစ်မိတ္တူခြမ်း (မြေကွက် အမှတ်-၅၂၆နှင့်ကပ်လျက်)၊ အကျယ် (၂၀'x၆၀')ရှိ မြေကွက်အား ပါမစ်အမည်ပေါက်ထံမှတစ်ဆင့် အရောင်းအဝယ်စာချုပ်အဆက်စပ်ဖြင့် ဝယ်ယူလက်ရှိထား ပိုင်ဆိုင်အကျိုးခံစားနေ၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း မြွက်ဟဝန်ခံကတိပြုသည့် ဦးလွင်ကိုလတ် (၁၄/ကလန(နိုင်)၀၉၂၃၆၀)ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးအောင်ဝင်း(၁၂/မဂဒ(နိုင်) ၀၉၄၉၇၂)သည် အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်၍ အကျိုးသက်ဆိုင်ခွင့်ရှိသည့် မည်သူမဆို မြေကွက်အရောင်းအား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့် ရက်မှစ၍ (၁၄) ရက်အတွင်း စာမှတ်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်တင်ပြကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက မြေကွက်အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးအောင်မြင်သည့်တိုင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။ **ဝယ်သူ၏လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်အိသန္တာပြည့်(LL.B) (D.B.L)** **ဦးမျိုးသန့်(LL.B) (C.B.L)**
**အထက်တန်းရှေ့နေ (စဉ် - ၃၅၁၄၃)** **အထက်တန်းရှေ့နေ (စဉ် - ၄၅၇၀၅)**
**အမှတ် ၄၈၀၊ သခင်စံရွှေလမ်း၊ ၁၁ ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း - ၀၉၇၇၁၉၇၁၀၆၄**

**အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပြီးပါကြောင်း အများသိစေရန် ကြေညာခြင်း**

မြောက်ဥက္ကလာပမြို့နယ်နေ ဦးကျော်ဇောဝေ နှင့် အင်းစိန်မြို့နယ်နေ ဒေါ်ခင်မြတ်သူတို့သည် အင်းစိန်မြို့နယ်တရားရုံးတော်၊ တရားမကြီးမှုအမှတ် ၃၁/၂၀၂၅ ဖြင့် (၆-၃-၂၀၂၆)ရက်စွဲပါ အမိန့်အရ အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပြီး သည့်အချိန်မှစ၍ တစ်ဦးနှင့်တစ်ဦး မည်သို့မျှ ပတ်သက်ဆက်နွှယ်မှုမရှိတော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါ သည်။

**ဒေါ်ခင်မြတ်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ညိုညိုဆင့် LL.B,D.B.L, D.I.L, D.M.L, WIPO(Switzerland)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၉၃၉)**
**Ph-09-421152435**

**ဒေါ်တင်တင်ဝင်း (၁၂/အစန (နိုင်) ၀၁၂၀၃၈)(ဘ) ဦးထွန်းသွင်နှင့် အများသိစေရန် ကြော်ငြာ**

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၊ (၁)ရပ်ကွက်၊ မဟော်သဓာလမ်း၊ အမှတ် (၁/၁၂/၄၀၆-ခ)နေ ဒေါ်အေးအေးမော် (ဘ) ဦးထွန်းသွင် (၁၂/အစန (နိုင်) ၀၆၇၀၅၀) ၏ လွှဲအပ်ညွှန်ကြားချက်အရ ကျွန်ုပ်မှ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ရန်ကုန်တိုင်းဒေသကြီး၊လှိုင်သာ ယာ(အရှေ့ပိုင်း)မြို့နယ်၊ (၁)ရပ်ကွက်၊ မဟော်သဓာလမ်း၊ အမှတ်(၁/၁၂/၄၀၆-ခ) (ပေ၂၀xပေ၆၀) နေအိမ်ခြံမြေ၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးသည် (၁၈ . ၁၁ . ၂၀၂၀) ရက်စွဲပါ မိသားစုစီမံစာချုပ်အရ အမွေဆိုင်ပစ္စည်းဖြစ်သောကြောင့် ဒေါ်အေးအေးမော် သဘောတူ ခွင့်ပြုခြင်း မရှိဘဲ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ အမည်ပြောင်းခြင်း၊ ပိုင်ဆိုင်မှု လွှဲပြောင်းခြင်း၊ တစ်နည်းနည်းဖြင့် ပြောင်းလဲခြင်းများ မပြုလုပ်ရန် တားမြစ်အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ** **လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အေးအေးမော်** **ဒေါ်ဥမ္မာဦး**
(၁၂/အစန(နိုင်)၀၆၇၀၅၀) တရားလွှတ်တော်ရှေ့နေ
အမှတ် (၄၆)၊ (၁)လမ်း၊ (၁)ရပ်ကွက် ၊
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
Ph:09-425311427/09-795559491

# ပြိုင်ဘက်ကို အနိုင်ယူပြီး မက်ဒရစ်အိုးပင်း ၁၆ ဦးအဆင့် ဘီလင်ဒါဘင်းဆစ် တက်ရောက်

စပိန်နိုင်ငံ မက်ဒရစ်မြို့၌ ကျင်းပလျက်ရှိသည့် မက်ဒရစ်အိုးပင်း အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲ ၃၂ ဦး အဆင့်တွင် ဆွစ်ဇာလန်တင်းနစ်မယ် ဘီလင်ဒါဘင်းဆစ်က ရုရှားတင်းနစ်မယ် ဒိုင်ယာနာရှနိုက်ဒါကို အကြိတ်အနယ်ယှဉ်ပြိုင်ပြီး ၆-၂၊ ၇-၆ (၈-၆) ရလဒ်ဖြင့် နိုင်ပွဲရရှိကာ ၁၆ ဦးအဆင့်သို့ တက်လှမ်းနိုင်ခဲ့ပြီ ဖြစ်သည်။

ဘင်းဆစ်သည် ၆၄ ဦးအဆင့်တွင် ခရိုအေးရှားတင်းနစ်မယ် ပီထရာ မာချင်ကို ကို ၆-၄၊ ၆-၂ ရလဒ်ဖြင့် နိုင်ပွဲရရှိထားသည်။ ၎င်းသည် ယခုပြိုင်ပွဲမတိုင်မီ ကျင်းပခဲ့သည့် မိုင်ယာမီအိုးပင်းနှင့် ချာလ်စတန်အိုးပင်းပြိုင်ပွဲတို့တွင် ကွာတားဖိုင်နယ်အဆင့်အထိ တက်လှမ်းထားနိုင်သူ ဖြစ်သည်။

ပြိုင်ဘက်တင်းနစ်မယ် ရှနိုက်ဒါသည် ယခုလအစောပိုင်းက ကျင်းပခဲ့သည့် စတုဂတ်အိုးပင်းပြိုင်ပွဲတွင် ၁၆ ဦးအဆင့်အထိ တက်လှမ်းနိုင်ခဲ့ပြီး နာမည်ကြီး ကာဇက်စတန်တင်းနစ်မယ် အီလန်နာ ရှိုင်ဘာကီနာကို ၆-၃၊ ၆-၄ ရလဒ်ဖြင့် ရှုံးနိမ့်ကာ ပြိုင်ပွဲမှ ထွက်ခွာခဲ့ရသူ ဖြစ်သည်။ ယခု မက်ဒရစ်အိုးပင်း ပြိုင်ပွဲတွင်လည်း ပြိုင်ဘက်တင်းနစ်မယ် ဘင်းဆစ်ကို ထပ်မံရှုံးနိမ့်ခဲ့သည့်အတွက် နောက်တစ်ဆင့် တက်လှမ်းခွင့် လွဲချော်ခဲ့ရပြီဖြစ်သည်။



ယခုနှစ် မက်ဒရစ်အိုးပင်းပြိုင်ပွဲ ၃၂ ဦးအဆင့်သို့ ကမ္ဘာ့အဆင့် (၁) တင်းနစ်မယ် အရှိုင်နာ ဆာဘာယ်လင်ကာ၊ အီလန်နာ ရှိုင်ဘာကီနာ၊ ဆာစတီယာ၊ အော့စတာပင်ကို၊ ပဲဂူလာ၊ ကျင်ဝမ်ကျန်း၊ ကိုကိုဂေါ့ဖ်တို့ တက်လှမ်းထားနိုင်သည်။

မက်ဒရစ်အိုးပင်း အမျိုးသား တစ်ဦးချင်းပြိုင်ပွဲ ၃၂ ဦးအဆင့်သို့ ကမ္ဘာ့အဆင့် (၁) အီတလီတင်းနစ် အကျော်အမော် ဂျန်းနစ်ဆင်းနား အပါအဝင် နော်ရီ၊ မူဆက်တီ၊ ဂျိုဒါ၊ မန်းဆစ်ခ်၊ ဂရိတ်စပူးလ်၊ လီဟက်ကာ၊ ခါချာနော့ဗ် စသည့်နာမည်ကြီး တင်းနစ်ကစားသမားများ တက်ရောက်နိုင်ခဲ့သည်။

**အောင်ဇော်**

**ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ပါ**

# ခမောက်ကြီးမြို့၌ နွေရာသီဗုဒ္ဓဘာသာ ယဉ်ကျေးမှုစာမေးပွဲ ပထမနေ့ စတင်ဖြေဆို

**ခမောက်ကြီး မေ ၂၅**

တနင်္သာရီတိုင်းဒေသကြီး ခမောက်ကြီးမြို့၌ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (ပညာရေးအဖွဲ့ငယ်) မှ ကြီးမှူးကျင်းပသော နွေရာသီ ဗုဒ္ဓဘာသာယဉ်ကျေးမှု စာမေးပွဲကို ခမောက်ကြီး အခြေခံပညာအထက်တန်းကျောင်း စာဖြေဌာန၌ ယနေ့ မွန်းလွဲ ၁နာရီတွင် ပထမနေ့အဖြစ် စတင်ကျင်းပခဲ့သည်။

အဆိုပါ စာမေးပွဲဖြေဆိုရာ၌ ကော့သောင်းမြို့နယ် သံဃနာယကအဖွဲ့ဝင် ဆရာတော်များ၊ ခမောက်ကြီးမြို့ တပ်နယ်မှတာဝန်ရှိသူများ၊ ဌာနဆိုင်ရာအဖွဲ့အစည်းများ၊ သင်တန်းနည်းပြဆရာ ဆရာမများက ကြီးကြပ်ဆောင်ရွက်ပြီး ပထမနေ့ဖြေဆိုသည့် ယဉ်ကျေးမှုကျင့်ဝတ်ဘာသာရပ်ကို ဖြေဆိုသူ ၁၁၃ ဦး ရှိကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

လားရှိုးမြို့၊ အမှတ်(၂)ရပ်ကွက်၊ နယ်မြေ(၁၁)၊ အကွက်အမှတ် (၃၆/စာရေးကုန်းရပ်)၊ ဦးပိုင်အမှတ် (၄၃)၊ ဧရိယာ (၀.၁၆၆)ဧက၊ မြေငှားဂရန်အမှုတွဲအမှတ် ၄၂၉-၅/၂၀၁၅-၂၀၁၆(အေ)၊ ဒေါ်နော်ကစ်ဆေဖော ၁၃/လရန(နိုင်)၀၁၃၉၅၁ အမည်ပေါက်မြေကွက်အား ဒေါ်နော်ကစ်ဆေဖော ကွယ်လွန်ပြီးနောက် မောင်ဖြစ်သူ ဦးစောဆယ်မြူရယ် ၁၃/လရန(နိုင်)၀၁၃၉၅၁မှ စာချုပ်အမှတ် ၁၀၀IV/၂၀၂၆ ဖြင့် အမွေဆက်ခံပိုင်ဆိုင်ပြီးဖြစ်၍ ဦးစောဆယ်မြူရယ်အမည်ဖြင့် အမည်ပြောင်းထပ်မံအသစ် မြေငှားဂရန် လျှောက်ထားလာသဖြင့် လျှောက်ထားမြေနှင့်ပတ်သက်၍ ပိုင်ဆိုင်မှုတစ်စုံတစ်ရာရှိသူ ကန့်ကွက်လိုသူများရှိပါက သတင်းစာပါသည့်ရက်မှ (၂၁) ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်တင်ပြသူမရှိပါက ဦးစောဆယ်မြူရယ်၏ အမည်ပြောင်းထပ်မံအသစ်မြေငှားဂရန်လျှောက်ထားမှုအားလုပ်ထုံးလုပ်နည်းများနှင့်အညီဆောင်ရွက်သွားမည်ဖြစ်ကြောင်းကြော်ငြာပါသည်။

ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လားရှိုးမြို့

## မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရွှေဘုန်းရှိန်ရပ်၊ အကွက်အမှတ်(၈၃၂)၊ ဦးပိုင်(၇-က)(၇-ခ)(၈)၊ ဧရိယာ(၀. ၀၇၃၁)ဧက အကျယ်အဝန်းရှိ ဘိုးဘပိုင်မြေနှင့်ပတ်သက်၍ အများသိရှိစေရန် အသိပေးကြေညာခြင်း

အထက်ဖော်ပြပါမြေနှင့်အဆောက်အအုံမှာ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ (နေပြည်တော်)တွင် တရားမအယူခံမှုအမှတ်-၃၃၂/၂၀၂၆ ဖြင့် အယူခံဝင်ရောက်ထားဆဲ မြေနှင့်အဆောက်အအုံဖြစ်ကြောင်း အများသိရှိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်သူ
ဦးချိုထွေးအောင်-ဒေါ်စံပယ်ဖြူ

လွှဲအပ်ညွှန်ကြားချက်အရ
ဦးထွန်းဝင်းအောင်(စဥ်-၁၇၁၁၉)
LL.M,D.B.L,D.I.L,D.P.S,
Dip:in English(MUFL)
တရားလွှတ်တော်ရှေ့နေ(၂၇-၁-၂၀၂၁)
တဲကုန်းကျေးရွာ၊ ပုသိမ်ကြီးမြို့နယ်၊
မန္တလေးမြို့၊
Ph-09-43060353, 09-404848791,
09-784099558

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 8J/5778, Baw Ga Wadi MPV, Micro Bus ယာဉ်လက်ဝယ်ရှိသူ Oriental Highway Co.,Ltd က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊
ခရိုင်ရုံး(ကျောက်မဲမြို့)

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 7E/8919, Toyota Townace KM-70, P/U (4x2)R ယာဉ်လက်ဝယ်ရှိသူ Oriental Highway Co.,Ltd က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊
ခရိုင်ရုံး(ကျောက်မဲမြို့)

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 8D/5839, Nay Min L/T, P/U(4x2)R ယာဉ်လက်ဝယ်ရှိသူ Oriental Highway Co.,Ltd က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊
ခရိုင်ရုံး(ကျောက်မဲမြို့)

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊မင်္ဂလာဒုံမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်(ပတ္တမြားတောင်)၊ မြေကွက်အမှတ်(၁၉)၊အကျယ်အဝန်း(၃၀ပေ× ၅၀ပေ)ရှိဦးခင်မောင်ဦး(MHA-037340) အမည်ပေါက်ပါမစ်မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိအဆောက်အဦအပါအဝင်အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကိုအရပ်ကတီစာချုပ်ဖြင့်ဝယ်ယူပိုင်ဆိုင်ထားပြီးရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူဦးပေါင်လျန်မုန်(၅/တမန(နိုင်)၀၁၈၀၇၂)ထံမှကျွန်ုပ်၏မိတ်ဆွေကဝယ်ယူရန်အတွက် စရံငွေပေးချေထားပြီးဖြစ်ပါသည်။အရောင်းအဝယ်အားကန့်ကွက်လိုပါကကျွန်ုပ်ထံသို့တရားဝင် ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့်ယနေ့မှစ၍(၇)ရက်အတွင်းလာရောက် ကန့်ကွက်နိုင်ပါသည်။ထိုရက်ကျော်လွန်ပါကအရောင်းအဝယ်ကိစ္စကိုဥပဒေနှင့်အညီဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများသိစေရန်ကြေညာအပ်ပါသည်။ လွှဲအပ်ညွှန်ကြားချက်အရ

ဦးအောင်ကျော်လှိုင် (LL.B)
အထက်တန်းရှေ့နေ (စဥ်-၄၃၆၈၈)
Ph-09421746974

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ သုဝဏ္ဏ(၂၉)ရပ်ကွက်၊ ပေါ်ဆန်းမွှေးလမ်း၊ အမှတ် (၆/c) ပေါ်တွင်ဆောက်လုပ်ထားသော ပေါ်ဆန်းမွှေး အဆင့်မြင့်အိမ်ရာ (၈)ခန်းတွဲ (၈)ထပ်ခွဲ (*Lift*-ပါ) တိုက်၏ တိုက်အမှတ် (ဘီ) အခန်းအမှတ် (410) အကျယ်အဝန်း (၁၄၆၀-စတုရန်းပေခန့်)ရှိ တိုက်ခန်းနှင့်အကျိုးခံစားခွင့် အရပ်ရပ်တို့ကို အရပ်ကတီစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီးရောင်းချပိုင်ခွင့်ရှိကြောင်းအဆိုပြုသူ ဦးလှိုင်ဝင်းကို(၁၂/ပဇတ(နိုင်)၀၀၁၃၇၂) ထံမှ ကျွန်ုပ်၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရံငွေပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ တရားဝင်ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့်ယနေ့မှစ၍(၇)ရက်အတွင်းလာရောက်ကန့်ကွက်နိုင်ပါသည်။ထိုရက်ကျော်လွန်ပါကအရောင်းအဝယ်ကိစ္စကိုဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဦးအောင်ကျော်လှိုင် (LL.B)
အထက်တန်းရှေ့နေ(စဥ်-၄၃၆၈၈)
*Ph-09421746974*

## သမီးအဖြစ်မှ စွန့်လွှတ်ခြင်း

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့၊ အောင်သပြေလမ်းနေ ဒေါ်ကြည်လေး ၈/တတက(နိုင်)၀၀၈၂၃၅ ၏သမီး မကြည်ဇာဝင့် ၈/တတက(နိုင်)၁၀၀၃၂၈ သည် မိခင်ကြီး၏ဆုံးမမှုကိုနာခံခြင်းမရှိဘဲ မိခင်အားစိတ်ဆင်းရဲအောင်ပြုလုပ်နေသည့်အပြင် မိမိသဘောဆန္ဒအတိုင်းပြုမူလုပ်ဆောင်ပြီးနေအိမ်မှ ဆင်းသွားပါသဖြင့်သမီးအဖြစ်မှ စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် မကြည်ဇာဝင့်နှင့်ပတ်သက်သော ကိစ္စအဝဝကို မိခင်ကြီးမှလုံးဝ(လုံးဝ)တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ကြောင်း ကြေညာအပ်ပါသည်။ စုံစမ်းမေးမြန်းခြင်းသည်းခံပါ။

မိခင်-ဒေါ်ကြည်လေး

## ငြင်းချက်ထုတ်ရန်ဆင့်စာ

(တရားမကျင့်ထုံးဥပဒေအမိန့် ၅ ၊ နည်းဥပဒေ ၁ နှင့် ၅)
ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်တရားရုံးတော်
၂၀၂၆ ခုနှစ်၊ တရားမကြီး မှုအမှတ် – ၁၆

| | | |
|---|---|---|
| ဦးကျော်စိုးအောင် | နှင့် | ဦးကျော်ဝင်း |
| (တရားလို) | | (တရားပြိုင် ) |

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၄)ရပ်ကွက်၊ သီလလမ်း၊ အမှတ်(၃၂၉/က)နေ တရားပြိုင် ဦးကျော်ဝင်း (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၂၀/က)ရပ်ကွက်၊ မောင်းမကန်ကမ်းသာလမ်း၊ အမှတ် (၁၅၁/ခ)နေ တရားလို ဦးကျော်စိုးအောင် က ပဋိညာဉ်အတိုင်း မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှုနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၆ ခုနှစ်၊ မေလ ၅ ရက် (၁၃၈၈ ခုနှစ်၊ ကဆုန်လဆုတ် ၅ ရက်) မွန်းမတည့်မီ ၁၀:၀၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက် ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ ဧပြီလ ၂၃ ရက် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ခင်မေဦး)
တွဲဖက်မြို့နယ်တရားသူကြီး
ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်တရားရုံး

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မုံရွာမြို့၊ စက်မှုဇုန်ရပ်ကွက်၊ အကွက်အမှတ်နှင့်အမည် (-/၊ နန္ဒဝန် (စက်မှုဇုန်))၊ ဦးပိုင်အမှတ် (၃၄- လမ်း(၈၆)၊ ဧရိယာ (၀.၁၁၀)ဧကရှိ မြေကွက်သည် မြို့မြေအမှုတွဲအမှတ် ၂၄၆ V ၂၀၀၈-၂၀၀၉ အရ (၁၆-၅- ၂၀၁၂)ရက်မှစ၍ ဦးထွန်းထွန်းဦး အမည်သို့ (၁-၃-၁၉၉၆)မှ (၂၉-၂-၂၀၂၆)အထိ မူလမြေငှားစာချုပ် သက်တမ်းအတိုင်း အမည်ပြောင်းချ ထားပေးခဲ့သော မြေငှားစာချုပ်အား ဦးထွန်းထွန်းဦး အမည်ဖြင့် (သက်တမ်းတိုး) လျှောက်ထားရာ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူမည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထား ခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကို ဤရုံးသို့ကန့်ကွက်လွှာကြော်ငြာသည့် (၁၀-၄-၂၀၂၆) ရက်မှစ၍ (၁၅) ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့်ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား အထက်မြန်မာပြည် မြေနှင့်အခွန်စည်းမျဉ်းဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ မြေငှားစာချုပ်(သက်တမ်းတိုး) ခွင့်ပြုမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ **ကော်လိတ္တော်အရာရှိမုံရွာခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ စိုက်မွေး(၁)၊ မြေတိုင်းရပ်ကွက်အမှတ်(၁)၊ ခေင်ညိုလမ်းသွယ်လမ်း မြေကွက်အမှတ်(၄၀)၊ အိမ်အမှတ်(၁/၂/၁)ဟုခေါ်တွင်သော အလျားပေ ၁၂၀x အနံပေ ၈၀ အကျယ်အဝန်းရှိ ဦးဘစိန် အမည်ပေါက် ဂရန်မြေကွက်အား ဦးဘစိန် ကွယ်လွန်သွားသည့်အတွက် သားသမီးများမှ ဂရန်အမည်ပြောင်း လျှောက်ထားခြင်းမရှိဘဲ အဆိုပါမြေကွက်ကို မိသားစုစီမံခန့်ခွဲခြင်း အရပ်ကတိစာချုပ်ဖြင့် မိဘအမွေအား အသီးသီးအချိုးကျခွဲစိတ်လျက် ဒေါ်ခင်သိန်း (၁၂/ဒဂန(နိုင်)၀၂၀၅၇၂) မှ ၎င်းမိဘအမွေပိုင်ဆိုင်ခွဲစိတ်ရရှိထားသော အကျယ်အဝန်း (ပေ ၂၄ x ပေ ၈၀)ရှိ မြေကွက်အား တရားဝင် ဂရန်အမည်ပေါက်လျှောက်ထားခြင်းမရှိသေးဘဲ အကျယ်အဝန်း( ၁၄ပေ x ပေ ၈၀)ရှိ(ဒေါ်ခင်စိန်မြေကွက်နှင့်ကပ်လျက်ဘယ်ဘက်ခြမ်း) မြေကွက်ကိုခွဲစိတ်လျက်ကျွန်ုပ်မိတ်ဆွေအား အပြီးအပိုင်လွှဲပြောင်း ရောင်းချရန်ကမ်းလှမ်းရာတွင် ကျွန်ုပ်မိတ်ဆွေမှ ဝယ်ယူရန်သဘောတူညီသည့်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသော စာချုပ်စာတမ်းမူရင်းအထောက်အထားများဖြင့် ကျွန်ုပ်ထံသို့ဤကြေညာချက်ပါသည့်ရက်မှစ၍ (၇) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် အဆိုပါအရောင်းအဝယ်အား ကန့်ကွက်မည့်သူမရှိပါက ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

ဒေါ်မျိုးသူဇာ(LL.B)
အထက်တန်းရှေ့နေ(စဥ်-၂၈၆၈၄)
အမှတ်- ၁၂၅၊ ကသစ်လမ်း၊ (၆)ရပ်ကွက်
ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊
ဖုန်း-၀၉ - ၄၀၁၀၅၂၃၄၉

ဒေါ်ဆုဆုအောင်(LL.B)
အထက်တန်းရှေ့နေ(စဥ်- ၃၅၂၂၆)
အမှတ်- ၂၀၅/က၊ တိမ်ကြား
မင်းခေါင်လမ်း၊ (၇)ရပ်ကွက်
ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊
ဖုန်း-၀၉-၉၆၁၀၃၇၀၅၅

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 82W/32840, Honda Wave 110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးဝေလင်းထက် ၁၄/ဝခမ(နိုင်)၂၆၈၃၅၀က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊
တိုင်းဒေသကြီးရုံး(ပုသိမ်မြို့)

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 82W/57407, SURKA-110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးရန်နိုင်စိုး ၇/ပတန(နိုင်)၁၁၀၀၀၈ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ပြည်)
ပြည်မြို့

## ဦးခင်မောင်စိုးနှင့် သားများသိစေရန်

စဉ့်ကိုင်မြို့နယ် မြောက်ကိုင်းကျေးရွာနေ ဦးအောင်ချစ် (ဘ) ဦးထွန်းတင် လက်ရှိနေထိုင် အသုံးပြု လျက်ရှိသော အိမ်နှင့်ဝိုင်းမြေအား အမရပူရမြို့နယ် စောက်တောဝကျေးရွာတောင်ပိုင်းနေ ဦးအောင်ခိုင်ဖြိုး (ဘ) ဦးခင်မောင်စိုး ဆိုသူအား ၂၀၂၅ ခုနှစ်၊ ဧပြီလထဲတွင် မေတ္တာဖြင့် အပြီးအပိုင် ပေးအပ်ခဲ့သည့် စာချုပ်အား ယနေ့မှစ၍ အပိုင်ပေးသူအနေဖြင့် ဖျက်သိမ်းပြီးဖြစ်ပါကြောင်း ဦးအောင်ခိုင်ဖြိုးမှာ အပိုင်ပေးသူ ဦးအောင်ချစ်အပေါ် တစ်စုံတစ်ရာမျှ ဆက်သွယ်အကြောင်းကြားခြင်း မရှိသည့်အတွက် ဖျက်သိမ်းခြင်းဖြစ်ပါကြောင်း၊ စာချုပ်ဖျက်သိမ်းခြင်းနှင့်ပတ်သက်၍ ကျေနပ်မှုမရှိပါက ဤကြေညာစာပါသည့်ရက်မှ (၇)ရက်အတွင်း ဦးအောင်ချစ်ထံသို့လည်းကောင်း၊ ကျွန်ုပ်ထံသို့လည်းကောင်း ခိုင်လုံသော အထောက်အထားများဖြင့် လာရောက် ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဦးတင့်လွင်(LL.B) အထက်တန်းရှေ့နေ(စဥ်-၄၇၈၈၂)
မြင်စိုင်းအလယ်ရပ်၊ ပတ္တာကျေးရွာအုပ်စု၊ကျောက်ဆည်မြို့။ ဖုန်း-၀၉-၄၄၄၆၈၄၂၈

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅၆ယ/၈၉၄၇၃, Honda Click-125, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်မာမာလွင် ၆/ပလန(နိုင်)၀၃၆၄၃၈ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မြိတ်)

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၅ယ/၇၆၃၂၈, Honda Wave-125, M/C ယာဉ်လက်ဝယ်ရှိသူ ဦးသိန်းကျော် ၆/မမန(နိုင်)၁၄၆၀၇၁ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မြိတ်)

## အကြင်လင်မယားအဖြစ်မှတရားဝင်ကွာရှင်းပြတ်စဲပြီးကြောင်း အများသိစေရန်ကြေညာခြင်း

(ဘ) ဦးလှကြိုင်၏သား ဦးကျော်ထက် (၁၂/လကန(နိုင်)၁၉၃၃၉၄) နှင့် (ဘ) ဦးဇော်နိုင်ဝင်း၏ သမီး ဒေါ်ရတနာဦး (၁၂/လကန(နိုင်)၃၀၆၁၈၈) တို့သည် ဗုဒ္ဓဘာသာကိုးကွယ်ကြသူများဖြစ်ကြပြီး (၂၁-၅- ၂၀၂၅) ရက်တွင် သက်သေများရှေ့မှောက်၌ နှစ်ဦးသဘောတူအကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပြီးစီး ကြောင်းနှင့် နှစ်ဦးသဘောတူကွာရှင်းပြီးသည့်ရက်မှစ၍ တစ်ဦးနှင့်တစ်ဦး အိမ်ထောင်ရေး၊ စီးပွားရေး၊ လူမှုရေးကိုယ်ရေး ကိုယ်တာကိစ္စအဝဝတို့ကို ဝင်ရောက်စွက်ဖက်ခြင်း၊ နှောင့်ယှက်ခြင်း၊ သက်ဆိုင်ခြင်းအလျဉ်းမရှိတော့ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ဒေါ်ရတနာဦး ၏လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်အိဖြူနှင်း အထက်တန်းရှေ့နေ (စဥ်-၅၄၅၇၈)
ဖုန်း-၀၉ -၄၂၀၀၄၇၅၅၅

## ကန့်ကွက်နိုင်ပါကြောင်း

မြိတ်ခရိုင်၊ မြိတ်မြို့နယ်၊ ကလွင်ကျေးရွာအုပ်စု၊ ကွင်းအမှတ်-၂၄၁(က) စုံခေါင်းကော်ပတ်တောကွင်း၊ မြေကွက်အမှတ်(၃၄၃+၃၄၄+၃၄၅+၃၄၆+ ၃၄၇+၃၄၈)၊ မြေဧရိယာ (၀ ဒသမ ၁၃၈) ဧကအား တိုင်းငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့၏ (၁၉-၁၂-၁၉၈၉) ရက်စွဲပါစာအမှတ် ၅၄၀/၅-၄/တ၀တ အရ လုပ်ငန်းဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်ရန်နှင့် ခြံလုပ်သားများနေထိုင်ရန် အိမ်ရာမြေအဖြစ် အသုံးပြုရန် ဦးရှမ်းဝင်း အား လ/န(၃၉)အမိန့်ချထားပေးခဲ့ပြီး ဦးရှမ်းဝင်း(ခ)ဦးစိုးသိမ်း၏ အထွေထွေကိုယ်စားလှယ်ရရှိသူ ဦးထင်ကျော်အောင်ထံမှ အရောင်းအဝယ်စာချုပ်အမှတ်(၀၄၁/၂၀၂၆) ဖြင့် ဒေါ်မိုးမိုးစံမှ ဝယ်ယူပိုင်ဆိုင်ခဲ့ပါသည်။ အဆိုပါ မြေနေရာအား မြေငှားဂရန်(အသစ်) လျှောက်ထားနိုင်ရေး ဒေါ်မိုးမိုးစံ ၆/မအရ(နိုင်)၀၉၃၃၁၀မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက မြိတ်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ရက် (၃၀) အတွင်း မြေပိုင်ဆိုင်မှုအထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

ကော်လိတ္တော်အရာရှိ
ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြိတ်မြို့

## ကန့်ကွက်နိုင်ပါကြောင်း

မြိတ်ခရိုင်၊ မြိတ်မြို့၊ ကန်ကြီးရပ်ကွက်၊ အကွက်အမှတ်-၁(က) ကန်ကြီးကွင်း၊ မြေကွက်အမှတ်- ၁၁/၃၀၅၊ မြေဧရိယာ (၀ ဒသမ ၁၀၃) ဧကအား (၂၆-၇-၂၀၁၃) ရက်တွင် ကျင်းပြုလုပ်သော တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ်(၁၁/၂၀၁၃) ဆုံးဖြတ်ချက်အပိုဒ်(၈၇)အရ အိမ်ရာမြေ ဖော်ထုတ်ခြင်းလုပ်ငန်းအား အတည်ပြုလုပ်ပိုင်ခွင့်ပြုကြောင်းနှင့် လုပ်ထုံးလုပ်နည်းနှင့်အညီ ဂရန်ထုတ်ပေးနိုင်ရေး အမှုတွဲ တည်ဆောက်ပြီး ပြန်လည် တင်ပြရန် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ (၈-၈-၂၀၁၃) ရက်စွဲပါစာအမှတ် ၅၀၁၅/၇၁၄/၇-၁၄/အဖရ(တနင်္သာရီ) ဖြင့် အကြောင်းကြားလာခဲ့ပါသည်။ အဆိုပါ မြေနေရာအား မြေငှားဂရန် (အသစ်) လျှောက်ထားနိုင်ရေး ဦးလှသန်း ၆/မအရ(နိုင်)၀၅၇၃၀၃ မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက မြိတ်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှ ရက် (၃၀) အတွင်း မြေပိုင်ဆိုင်မှုအထောက်အထား ပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လုပ်ထုံးလုပ်နည်းနှင့် အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

ကော်လိတ္တော်အရာရှိ
ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
မြိတ်မြို့

## ကန့်ကွက်နိုင်ပါကြောင်း

မြိတ်ခရိုင်၊ မြိတ်မြို့၊ ကန်ကြီးရပ်ကွက်၊ အကွက်အမှတ်-၁(က) ကန်ကြီးကွင်း၊ မြေကွက် အမှတ် (၁၁/၃၀၄)၊ မြေဧရိယာ (၀ ဒသမ ၁၀၃) ဧကအား (၂၆-၇-၂၀၁၃) ရက်တွင် ကျင်းပပြုလုပ်သော တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ်(၁၁/၂၀၁၃) ဆုံးဖြတ်ချက်အပိုဒ်(၈၇)အရ အိမ်ရာမြေဖော်ထုတ်ခြင်းလုပ်ငန်းအား အတည်ပြုလုပ်ပိုင်ခွင့်ပြုကြောင်းနှင့် လုပ်ထုံးလုပ်နည်းနှင့်အညီ ဂရန်ထုတ်ပေးနိုင်ရေး အမှုတွဲ တည်ဆောက်ပြီး ပြန်လည်တင်ပြရန် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ (၈-၈-၂၀၁၃) ရက်စွဲပါစာအမှတ် ၅၀၁၅၊ ၇၁၄/၇-၁၄/အဖရ(တနင်္သာရီ) ဖြင့် အကြောင်းကြားလာခဲ့ပါသည်။ အဆိုပါ မြေနေရာအား မြေငှားဂရန် (အသစ်) လျှောက်ထားနိုင်ရေး ဦးလှသန်း ၆/မအရ(နိုင်)၀၅၇၃၀၃ မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက မြိတ်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ရက် (၃၀) အတွင်း မြေပိုင်ဆိုင်မှုအထောက်အထား ပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

ကော်လိတ္တော်အရာရှိ
ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြိတ်မြို့

## စာအုပ်စာပေ လူ့မိတ်ဆွေ

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
(တရားမကျင့်ထုံးဥပဒေအမိန့် - ၅၊ နည်းဥပဒေ - ၂၀)
အင်းစိန်ခရိုင်တရားရုံး
၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၆၄

ဒေါ်ဆွေဆွေတင် နှင့် ၁။ ဦးလူဝင်းမောင်
၂။ ဒေါ်နွယ်နီဦး
၃။ ဒေါ်နန်းကြူကြူခိုင်

(တရားလို) (တရားပြိုင်များ)

အမှတ် (၈၉၁)၊ အောင်စေတီ(ကျောင်းလမ်း)၊ စော်ဘွားကြီးကုန်းရပ်ကွက်၊ အင်းစိန် မြို့နယ်(ယခုနေရပ်လိပ်စာမသိ) နေ (၃) တရားပြိုင် ဒေါ်နန်းကြူကြူခိုင် သိစေရမည်။

သင့်အပေါ်၌၊ တရားလိုက လင်မယားနှစ်ဦးပိုင် ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ စော်ဘွားကြီးကုန်းရပ်ကွက်၊ အောင်စေတီကျောင်းလမ်း၊ အမှတ် ၈၉၁ တွင် တစ်ဦးတည်းသဘောဖြင့် ရောင်းချဝယ်ယူခြင်းပြုလုပ်သည့် စာချုပ်သည် ပျက်ပြယ်၍ အတည်မဖြစ်ကြောင်း မြွက်ဟကြေညာပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့မဟုတ်၊ ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်၊ ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက်၊ ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ၊ ၂၀၂၆ ခုနှစ်၊ မေလ ၈ ရက် (၁၃၈၈ ခုနှစ်၊ ကဆုန်လဆုတ် ၈ ရက်) မွန်းမတည့်မီ (၁၀:၀၀) နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလို စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာရောက်၊ ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာ၌ ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ ဧပြီလ ၂၄ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ခင်ဝင်းလှိုင်)
တွဲဖက်ခရိုင်တရားသူကြီး
အင်းစိန်ခရိုင်တရားရုံး

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ဒေးဝန်းအရှေ့ရပ်ကွက်၊ အကွက်အမှတ် ၂၈၆၊ ဦးပိုင်အမှတ် ၁-ဠ/၄၊ ၈၇လမ်း၊ ၃၄ x ၃၅ လမ်းကြားရှိ ဘိုးဘမြေကွက်အမည်ပေါက်သူ ဒေါ်နန်းအေးပွင့် ၃/ဘအန(နိုင်)၀၀၄၀၉၈ က အမည်ပေါက်မြေပုံတင်ပြ၍ မှတ်ပုံတင် အရောင်းအဝယ်စာချုပ်ချုပ်ရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ အကွက်အမှတ် မ-၂၇၊ ဦးပိုင်အမှတ် ၃၄၊ ၅၈ x ၅၉လမ်းကြား၊ ၄၂ x ၄၃လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးဝေလျှံဝင်းထက်ကို ၉/မဟမ(နိုင်)၀၃၇၂၆၉ က ဂရန်စာချုပ်တင်ပြ၍ ခဲစင်းပြ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးပျော်ဘွယ်အနောက်ရပ်ကွက်၊ အကွက်အမှတ် ၃၀၀၊ ဦးပိုင်အမှတ် ၃-အ/၂၀၊ ၃၄ x ၃၅ကြား၊ ၈၈.A လမ်းရှိ ဘိုးဘမြေကွက် အမည်ပေါက်သူ ဦးဇင်မောင်မောင် ၉/ခမစ(နိုင်)၀၀၉၆၅၂ ၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၄၄၁၀/၂၀၂၃) ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးရဲဖွေးဟန် ၉/ခမစ(နိုင်)၀၃၁၆၇၀ က အမည်ပေါက်မြေပုံတင်ပြ၍ မှတ်ပုံတင် အရောင်းအဝယ်စာချုပ်ချုပ်ရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေး ကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း အများသိစေရန် ကြေညာခြင်း

ကျွန်ုပ်မိတ်ဆွေဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ ဇဝနရပ်ကွက်၊ သီရိဇေယျာလမ်း၊ တိုက်အမှတ် (၄၈) (မြေညီထပ်)တွင် ခေတ္တနေထိုင်လျက်ရှိသူ ဒေါ်စိန်သန်း (၁၂/သဃက(နိုင်)၀၀၆၁၃၀) ၏ သမီးဖြစ်သူ ဒေါ်ဝင်းဝါဝါအောင် (ဘ)ဦးခင်အောင် (၁၂/သဃက(နိုင်)၁၄၇၂၀၅)သည် အသက်(၈၅)နှစ်ရှိ မိခင်(မုဆိုးမ)၏ ဆိုဆုံးမမှုကို မနာခံသည့်အပြင် ကိုယ်စိတ်နှစ်ပါး ဆင်းရဲအောင် အကြိမ်ကြိမ်ကျူးလွန်မှုပြုလုပ်သောကြောင့် သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ပါကြောင်း ညွှန်ကြားချက်အရ အများသိစေရန်ကြေညာအပ်ပါသည်။ (စုံစမ်းမေးမြန်းခြင်းသည်းခံပါ)

လွှဲအပ်ညွှန်ကြားချက်သူ- ဒေါ်စိန်သန်း

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးဝင်းဖေ B.A (Philo),H.G.P
အထက်တန်းရှေ့နေ (စဉ်-၇၆၅၂/၈၂)
၅၅၃(ပ)ထပ်(ခြေရင်းခန်း)၊ မင်းရဲကျော်စွာ(၉)လမ်း (၇) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၄၃၀၆၅၇၉၁

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
(တရားမကျင့်ထုံးဥပဒေအမိန့် - ၅၊ နည်းဥပဒေ - ၂၀)
သဃ်န်းကျွန်းခရိုင်တရားရုံးတော်
၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၅၅

ဒေါ်ကြူကြူ နှင့် ဒေါ်ညွန့်ရွှေ
(တရားလို) (တရားပြိုင်)

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၇) ရပ်ကွက်၊ မင်းရဲကျော်စွာ (၆) လမ်း ၊ အမှတ် (၁၄၅) ရပ်နေ ဒေါ်ညွန့်ရွှေ (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက "ပဋိညာဉ်အတိုင်း မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှု " လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၆ ခုနှစ်၊ မေလ (၁၄) ရက် (၁၃၈၈ ခု၊ ကဆုန်လဆုတ်၊ (၁၄) ရက်) မွန်းမတည့်မီ (၁၀:၀၀) နာရီတွင် အထက်အမည်ရေးသားပါရှိသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည် (သို့မဟုတ်) သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်း လိုလျှင် အမှုမဆိုင်မီ (၄) ရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ ဧပြီလ (၂၃) ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(စိုးလှိုင်ထွန်း)
ဒုတိယခရိုင်တရားသူကြီး (၅)
သဃ်န်းကျွန်းခရိုင်တရားရုံး

## ငြင်းချက်ထုတ်ရန်ဆင့်စာ
(တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
ချမ်းမြသာစည်မြို့နယ်တရားရုံး
၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၁၁၄

ဒေါ်သန်းငွေ နှင့် တပ်ကြပ်ကြီး ကော်နက်
တရားလို တရားပြိုင်

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ အကွက် (ဆဆ-၁၀/ ၆၃)၊ တပ်ကြပ်ကြီး ကော်နက် (ဘ) ဦးရမ်ကုန် (MPJ-၀၀၄၈၂၇) (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်တွင် တရားလို ဒေါ်သန်းငွေက မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ် (၈၉-၇)၊ ဦးပိုင်အမှတ် (၂၄)၊ ဧရိယာ (၀.၀၅၅၁) ဧက အကျယ်အဝန်းရှိ ဂရန်မြေကွက်အား မှတ်ပုံတင်အရောင်းအဝယ် စာချုပ် ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ်၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်၏ကိုယ်စားလှယ် ရုံးအခွင့်အမိန့်အရရှေ့နေနှင့်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ၊ ၂၀၂၆ ခုနှစ်၊ မေလ ၁၁ ရက် (၁၃၈၈ ခုနှစ်၊ ကဆုန်လဆုတ် ၁၁ ရက်) မွန်းမတည့်မီ (၁၀:၀၀) နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် တရားရုံးသို့ လာရောက်ရမည်။ ၎င်းပြင် သင်သိစေသည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်၏ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ ဧပြီလ ၂၄ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ကောင်းမြတ်နေခြည်ထူး)
ဒုတိယမြို့နယ်တရားသူကြီး (၂)
ချမ်းမြသာစည်မြို့နယ်တရားရုံး

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 81W/ 27752 JJXY 125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးဖြိုးသူ ၉/ခမစ(နိုင်)၀၇၃၁၁၀ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက် ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး
(မန္တလေးတောင်ပိုင်း)မန္တလေးမြို့

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 84W/55278 Kenbo Wave 125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးမျိုးလွင် ၉/ပဘန (နိုင်)၁၂၄၀၁၃ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာ ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး
(မန္တလေးတောင်ပိုင်း)မန္တလေးမြို့

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 72W/34350 Lonxuan 110 M/C ယာဉ်လက်ဝယ်ရှိသူ ဦးခင်မောင်ဝင်း ၁၁/မတန(နိုင်) ၀၂၁၉၈၆ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး
(မန္တလေးတောင်ပိုင်း)မန္တလေးမြို့

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 73W/97127 Super Anbo-125, M/C ယာဉ်လက်ဝယ်ရှိသူ ဦးနောင်နောင် ၉/ပသက(နိုင်) ၁၀၇၆၁၄ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊
ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)
မန္တလေးမြို့

## ပတ်စ်ပို့ပျောက်

မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်နေ ဦးထွန်းဇော်၏သား မောင်အောင်ခန့်ဦး ၉/ခမစ(နိုင်)၀၈၄၂၁၇၏ နိုင်ငံကူးလက်မှတ်အမှတ် (MH-555276) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၇၃၃၄၅၆၇၈

## ဖခင်၊ မိခင်အမည်မှန်

ပခုက္ကူမြို့၊ တိလောကရာမ ဘုန်းတော်ကြီး သင်ပညာရေးကျောင်း၊ Grade-4 ကျောင်းသား မောင်ဝေယံထက်၏ ဖခင်၊ မိခင် အမည်မှန်မှာ ဦးစောလွင် ၈/ပကခ(နိုင်)၀၃၇၂၃၂ နှင့် မိခင် ဒေါ်ဝင်းဝင်းအေး ၈/ပခက (နိုင်)၀၀၅၈၇၀ ဖြစ်ပါကြောင်း။

ဦးစောလွင် - ဒေါ်ဝင်းဝင်းအေး

MTP မှာအခန်းဝယ်ပါ။
➢ အဆင်သင့်နေနိုင်မည့် ကွန်ဒိုအခန်းများ
➢ (၃)လအတွင်း နေနိုင်မည့်အဆင့်မြင့် ကွန်ဒိုတိုက်ခန်းများ
➢ နှစ်ရှည်အရစ်ကျစနစ်ဖြင့် ဝယ်ယူနိုင်မည့် အခွင့်အရေး
➢ ၅၀% ဘဏ်ချိတ်စနစ်ဖြင့် ဝယ်ယူနိုင်မည့် အခွင့်အရေး
➢ မြို့နယ်ပေါင်းစုံတွင် ရရှိနိုင်ပါသည်။
ဆက်သွယ်ရန်လိပ်စာ
ရုံး(၁) အမှတ်(၁၆၉)၊ ရန်ကင်း-အင်းစိန်လမ်း လှိုင်မြို့နယ်။
09-5011446, 09-5125301, 09-5128510,
09-5000512, 09-943200801
ရုံး(၂) အမှတ်(၄၅၀)၊ ရွှေသာလမ်းမကြီး သာကေတမြို့နယ်။
09-5011446, 09-43142002, 09-421181252,
09-265751331

## ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ကျုံးကွက်သစ်ရပ်ကွက်၊ နိကြောဓလမ်း၊ အမှတ်(၄၉)ဟုခေါ်တွင်သော (၂) ခန်းတွဲ (၆) ထပ်တိုက်၏ ၅-လွှာ / ဘီ(တိုက်ရှေ့မျက်နှာမူလျှင်-ယာဘက်)၊ အကျယ်အဝန်း (၁၄ ပေ x ၆၀ ပေ)ရှိ တိုက်ခန်းနှင့် ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

အထက်လိပ်စာပါ တိုက်ခန်းကို စာချုပ်အမည်ပေါက် (ဒေါ်မြင့်မြင့်သန်း) (၁၂/တမန(နိုင်)၀၁၁၈၇၁)ကွယ်လွန်ပြီးနောက် မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ အမွေဆက်ခံထားပြီး လက်ရှိလက်ရောက် ပိုင်ဆိုင်ထားကာ ရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြု ခင်ပွန်းဖြစ်သူ ဦးအေးချစ် (၁၂/တမန(နိုင်) ၀၆၁၁၀၀)ထံမှ ကျွန်ုပ်၏ မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် သဘောတူသည့်အလျောက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ၎င်းတိုက်ခန်းနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူများ၊ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောစာချုပ်စာတမ်း အထောက်အထားမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အဆိုပါ တိုက်ခန်း အရောင်းအဝယ်အား ဥပဒေနှင့်အညီ အပြီးသတ်စာချုပ်ချုပ်ဆိုကာ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြော်ငြာအပ်ပါသည်။ လွှဲအပ်ညွှန်ကြားချက်အရ-

ဦးဝင်းဇော်ဦး (LL.B) (စဉ် - ၁၂၄၆၉) တရားလွှတ်တော်ရှေ့နေ
အမှတ် (၅/၁၁)၊ မြေညီထပ်(ဘီ)၊ ဗျိုင်းရေအိုးစင်လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း- ၀၉-၅၁၈၃၅၆၉၊ ၀၉-၅၁၁၅၉၉၀၊ ၀၉-၄၂၀၀၈၆၆၆၈၊ ၀၉-၉၅၅၃၅၅၃၅၄

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် (၃၇)၊ မြေကွက်အမှတ် (၇၆၆)၊ ဧရိယာ (၀.၀၆၁) ဧက၊ အကျယ်အဝန်း (၄၅ ပေ ၆၀ ပေ) (၂၇၀၀ စတုရန်းပေ) နှစ် (၆၀) ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ဒေါ်ချိုချိုဝင်း (ဘ) ဦးမောင်ကျော် (၁၂/ရကန(နိုင်)၀၀၁၈၅၈) မှ လက်ဝယ်ပိုင်ဆိုင်လျက် အရှုပ်အရှင်းကင်းရှင်း၍ ရောင်းချပိုင်ခွင့်ရှိသည်။ အဆိုပါမြေကွက်နှင့်ပတ်သက်၍ ကျွန်ုပ်တို့မိတ်ဆွေ ဒေါ်ချိုချိုဝင်းသည် အမည်ပေါက် ပိုင်ဆိုင်သူဖြစ်သောကြောင့် ၎င်း၏ သဘောဆန္ဒအတိုင်း အရောင်းအဝယ်ပြုလုပ်နိုင်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်တင်ဇာနည်နေဝင်း (စဉ်-၉၅၇၃) ဒေါ်ခင်နီလာအောင် (စဉ်-၁၅၉၉၃)
တရားလွှတ်တော်ရှေ့နေ တရားလွှတ်တော်ရှေ့နေ
အမှတ် - ၆၀/ဒီ၊ အေးရိပ်သာ (၂) လမ်း၊ တက္ကသိုလ်ရိပ်သာလမ်းသစ်၊ ဆရာစံရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ကမာရွတ်ခရိုင်၊ ရန်ကုန်တိုင်းဒေသကြီး
ဖုန်း - ၀၉-၄၃၀၈၁၆၉၄၊ ၀၉-၅၂၂၈၁၆၅

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် DD/3117 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊
ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 83W/71264 Honda Click 150 M/C ယာဉ်လက်ဝယ်ရှိသူ ဦးကျော်စိုးမြင့် ၉/မနမ (နိုင်)၀၆၄၃၁၉ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊
ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)
မန္တလေးမြို့

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 60W/29873 Canda 125 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်မြင့်ခိုင် ၈/ရစက(နိုင်)၂၄၂၀၁၄ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ - ၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊
ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)
မန္တလေးမြို့

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 36W/71024 Super Anbo 125 M/C ယာဉ်လက်ဝယ်ရှိသူဒေါ်သန္တာလှိုင် ၉/အမဇ (နိုင်)၀၂၁၈၄၄ က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊
ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)
မန္တလေးမြို့

## အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏ မိတ်ဆွေများဖြစ်ကြသော ၁။ ဒေါ်သူဇာအေး(၁၃/တကန(နိုင်) ၁၉၂၂၆၁)၊ ၂။ ဒေါ်စုလတ်မွန် (၁၃/တကန(နိုင်)၁၉၂၂၆၀)၊ ၃။ ဦးအောင်ကျော်စိုး (၁၃/တကန(နိုင်)၁၉၂၂၅၉)၊ တောင်ကြီးမြို့နယ်၊ အေးသာယာမြို့၊ ရပ်ကွက် (၄)၊ ကွင်း/အကွက်အမှတ်နှင့် အမည်-၃၁/နောင်အင်မြောက်၊ အမှတ် (၆၂)၊ ဧရိယာ (၀.၀၉၉) ဧကရှိ မြေကွက်၏ဂရန်မှုတွဲအမှတ် (၂၃၈/၉၅)အရ နှစ် (၃၀) ဂရန်မှာ ဦးတင်စိုး အမည်ဖြင့် ဂရန်အမည်ပေါက်ရရှိခဲ့ပါသည်။ အဆိုပါမြေကွက်အား ဦးတင်စိုး (YSO-၁၀၀၇၂၇) ထံမှ (၂၀-၇-၂၀၂၄) ရက်တွင် နှစ်ဦးသဘောတူ အိမ်ခြံမြေကွက် အရောင်းအဝယ်ကတိစာချုပ်ဖြင့် ချုပ်ဆို၍ ဝယ်ယူခဲ့ပြီး ဂရန်မူရင်းနှင့် အဆိုပါမြေကွက်အား လက်ထိလက်ရောက်ရယူခဲ့ပါသည်။ ယခုအခါ အဆိုပါ ဦးတင်စိုး အမည်ပေါက် မြေငှားဂရန်မှာ ကျွန်တော်/ကျွန်မ တို့၏ လက်ဝယ်တွင် အထားမှားပြီး ပျောက်ဆုံးနေပါသဖြင့် အဆိုပါ မြေကွက်ဂရန် မိတ္တူမှန်အား အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လျှောက်ထားမည်ဖြစ်ရာ (၁၅) ရက်အတွင်း ခိုင်လုံသောအထောက်အထား စာရွက်စာတမ်းများနှင့်တကွ ကျွန်မထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက မြေကွက်ဂရန်မိတ္တူမှန်ရရှိရေး ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်ခင်ရတနာကျော် (LL.B)
အထက်တန်းရှေ့နေ (စဉ်-၄၈၆၇၆)
အမှတ် - ၆၄၊ ချယ်ရီလမ်း၊ အေးသာယာမြို့နယ်၊ တောင်ကြီးမြို့
ဖုန်း-၀၉-၂၅၁၄၂၂၀၈၆

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ကန်ကောက်ရပ်ကွက်၊ အကွက်အမှတ် ၅၁၄/၃၊ ဦးပိုင်အမှတ် ၁၉၆-က၊ ၂၆ x ၂၈ ကြား၊ ၅၈ x ၅၉ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်ခိုင်ခိုင်လတ် ၁၂/ကမရ (နိုင်)၀၁၃၉၈၅ ၏ အထွေထွေကိုယ်စားလှယ်လွှဲစာ အမှတ် (၉၁၁/၂၀၂၃)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်နန့်အေးမွန် ၁၄/ကပန(နိုင်)၂၁၁၆၀ က ဂရန်စာချုပ် တင်ပြ၍ ခဲစင်းပြ မှတ်ပုံတင် အရောင်းအဝယ်စာချုပ်ချုပ်ရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်
မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်
စည်ပင်သာယာရေးကော်မတီ

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ကျန်းမာရေးဝန်ကြီးဌာန၊ (၂၀၂၆-၂၀၂၇) ခု၊ ဘဏ္ဍာရေးနှစ်တွင် တစ်နိုင်ငံလုံးရှိ ပြည်သူ့ဆေးရုံများအတွက် လိုအပ်သော ဆေးရုံသုံးစက်ပစ္စည်းကိရိယာများပါဝင်သည့် Ambulance များအား ဝယ်ယူရန် တင်ဒါအမှတ်-1DMS/2026-2027(L) ဖြင့်လည်းကောင်း၊ ဆေးရုံသုံးစက်ပစ္စည်းကိရိယာများ ဝယ်ယူရန် တင်ဒါအမှတ်-2DMS/2026-2027(L)ဖြင့်လည်းကောင်း၊ Nuclear Medicine နှင့် Imaging ဌာနများအတွက် ဆေးနှင့်ဆေးပစ္စည်းများ ဝယ်ယူရန် တင်ဒါအမှတ်-3DMS/2026-2027(L) ဖြင့် လည်းကောင်း တင်ဒါခေါ်ယူအပ်ပါသည်။

တင်ဒါစည်းမျဉ်း၊ စည်းကမ်းများကို တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ၊ ရုံးအမှတ်(၄)၊ နေပြည်တော်သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက်** - (၂၇-၄-၂၀၂၆) ရက် (တနင်္လာနေ့)

**ဈေးနှုန်းတင်သွင်းလွှာပုံစံများ ရောင်းချမည့်နေရာ** - ကုသရေးဦးစီးဌာန၊ ရုံးအမှတ်(၄)၊ နေပြည်တော်

**တင်ဒါပိတ်မည့်ရက်နှင့် အချိန်** - (၁၁-၅-၂၀၂၆) ရက်၊ မွန်းတည့် (၁၂:၀၀) နာရီ

**ဆက်သွယ်ရန်ဖုန်းနံပါတ်** - ဖုန်း-၀၆၇-၃၄၁၁၆၃၅၊ ၀၆၇-၃၄၁၁၅၄၄

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ကုသရေးဦးစီးဌာန**
**ကျန်းမာရေးဝန်ကြီးဌာန**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် - ၅၊ နည်းဥပဒေ - ၂၀)
## မင်းလှမြို့နယ်တရားရုံးတော်
## ၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ် -၉

မသင်းသင်းကြူ **နှင့်** မောင်သူရဝင်း(ခ)မောင်သူရိန်ဝင်း
**(တရားလို)** **(တရားပြိုင်)**

မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ မင်းလှမြို့နယ်၊ ရေနံမ(မြောက်)ကျေးရွာနေ မောင်သူရဝင်း(ခ) မောင်သူရိန်ဝင်း (ဘ) ဦးသန်းမောင် (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလို မသင်းသင်းကြူက "အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပေးစေ လိုမှု" လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့် ဖြစ်စေ၊ ၂၀၂၆ ခုနှစ်၊ မေ လ ၁၂ ရက် (၁၃၈၈ ခုနှစ်၊ ကဆုန်လဆုတ် ၁၂ ရက်)မွန်းမတည့်မီ ၁၀:၀၀ နာရီတွင် အထက် အမည်ပါသူများ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်း လိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ ဧပြီလ ၂၁ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(နိုင်ထက်အောင်)**
**မြို့နယ်တရားသူကြီး**
**မင်းလှမြို့နယ်တရားရုံး**

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ အနိုပ်တော်ရပ်ကွက်၊ အကွက် အမှတ် ၄၇၊ ဦးပိုင်အမှတ် ၄-ခ/၁၉x၂၂လမ်းကြား၊ ၅၈x၅၉လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူမိခင် ဒေါ်သန်း(ခ)သန်းသန်းတင် ၉/မနမ(နိုင်)၀၅၈၇၈၀ မှ သမီးဖြစ်သူ ဒေါ်သန်းသန်းနု အားပေးကမ်းမည်ဖြစ်ပါသဖြင့် ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အပေးစာချုပ်ချုပ်ရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ဥပုတ္တော်ရပ်ကွက်၊ အကွက်အမှတ် ၂၅၊ ဦးပိုင်အမှတ် ၂၅/၇၅x၇၆ကြား၊ ၇x၉လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးမာမက်ဒါဝတ်(ခ)အေးနိုင် ၉/အမဇ(နိုင်)၀၁၆၇၄၉ က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ အကွက်အမှတ် မ-၅၅၊ ဦးပိုင်အမှတ် ၁၅-က၊ ၅၃x၅၄ကြား၊ ၃၈x၃၉လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်ခင်ဆွေဦး ၅/ခဥတ(နိုင်)၀၀၇၈၄၂ ၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၃၂၆၂/၂၀၂၂)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးလှဘုန်း ၉/ခအဇ(နိုင်)၀၀၁၈၉၁ က ဂရန်စာချုပ်တင်ပြ၍ ခဲစင်းပြ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## နေပြည်တော်စည်ပင်သာယာရေးကော်မတီ
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ အင်ဂျင်နီယာဌာန (အဆောက်အအုံ)မှ ၂၀၂၆-၂၀၂၇ ခု ဘဏ္ဍာရေးနှစ်၊ ငွေလုံးငွေရင်းအသုံးစရိတ်ဖြင့် ဆောင်ရွက်မည့် နေပြည်တော်၊ ပုဗ္ဗသီရိ မြို့နယ်၊ နေပြည်တော် စည်ပင်ဝန်ထမ်းအိမ်ရာဝင်းအတွင်း 4U4S (2 Bed) (၅၄' x ၅၇'-၆" x ၄၀') အမှုထမ်းနေအိမ် သံကူကွန်ကရစ် အဆောက်အအုံ (၁)လုံးဆောက်လုပ်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်ခြင်းအတွက် မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါပုံစံဝယ်ယူခြင်း၊ တင်သွင်းခြင်းနှင့်ပတ်သက်၍ အောက်ပါအတိုင်း ဆောင်ရွက်သွားမည်ဖြစ်ပါသည်-

(က) **တင်ဒါပုံစံထုတ်ပေးမည့်ရက်** - (၂၇-၄- ၂၀၂၆)ရက်

(ခ) **တင်ဒါပိတ်မည့်ရက်** - (၂၂ - ၅ - ၂၀၂၆ )ရက် (၁၆:၀၀)နာရီ

(ဂ) **တင်ဒါပေးသွင်းရမည့်နေရာ** - အင်ဂျင်နီယာဌာန (အဆောက်အအုံ)၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ

၃။ တင်ဒါပုံစံ၊ တင်ဒါစည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များအား သိရှိလိုပါက အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း မေးမြန်းစုံစမ်းဝယ်ယူနိုင်ပါသည်-

(က) စုံစမ်းရန် နေရာ/ ဌာန/ ဆက်သွယ်ရန်ဖုန်း -အင်ဂျင်နီယာဌာန(အဆောက်အအုံ)၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ ဖုန်း-၀၆၇-၈၁၀၈၂၁၂

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၅ ၊ နည်းဥပဒေ-၁ နှင့် ၅)
## မဟာအောင်မြေခရိုင်တရားရုံးတော်
## ၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ်-၈၃

၁။ ဦးခင်မောင်ဦး **နှင့်** ဒေါ်လှဘူး
၂။ ဒေါ်မြင့်မြင့်ကြည် (၎င်း၏အထူးကိုယ်စားလှယ်စာရသူ ဦးဇော်ဝင်းထွန်း
**(တရားလိုများ)** **(တရားပြိုင်)**

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ ၁၁၄x၁၁၅ လမ်းကြား၊ ၅၀x၅၁ လမ်းကြား၊ အမှတ်(ဘဘ-၁၃) နေ ဒေါ်လှဘူး (ဘ) ဦးလွင် (၎င်း၏အထူးကိုယ်စားလှယ် စာရသူ ဦးဇော်ဝင်းထွန်း (ယခုနေရပ် လိပ်စာမသိသူ) အား သိစေရမည်။

သင့်အပေါ်၌ တရားလိုများက "မှတ်ပုံတင် အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှု" ရလိုကြောင်းနှင့်လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့် ဖြစ်စေ၊ ၂၀၂၆ ခုနှစ်၊ မေလ ၁၂ ရက် ( ၁၃၈၈ ခုနှစ်၊ ကဆုန်လဆုတ် ၁၂ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် အမှုနှင့်သက်ဆိုင်သည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေ လက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ ဧပြီလ ၂၂ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(သူဇာဦး)**
**ဒုတိယခရိုင်တရားသူကြီး(၃)**
**မဟာအောင်မြေခရိုင်တရားရုံး**

## ပြင်ဆင်ဖတ်ရှုနိုင်ပါရန်

လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ ကရင်ပြည်နယ်အနေဖြင့် (၁၂-၄-၂၀၂၆)ရက် မြန်မာ့အလင်းသတင်းစာ၊ စာမျက်နှာ(၂၈) လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ ကရင်ပြည်နယ်အတွင်း ဆောင်ရွက်မည့် လုပ်ငန်းများအတွက် အိတ်ဖွင့်တင်ဒါကြော်ငြာ ခေါ်ယူခြင်းတွင် ပါရှိသည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ ကရင်ပြည်နယ်အစိုးရအဖွဲ့၊ သယံဇာတရေးရာဝန်ကြီးဌာနအစား **"ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ကရင်ပြည်နယ်အစိုးရအဖွဲ့၊ လျှပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့်လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန"**ဟု ပြင်ဆင်ဖတ်ရှုနိုင်ပါရန်။

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်-၁ရပ်ကွက်၊ အကွက်အမှတ် ဏ-၂၊ ဦးပိုင်အမှတ် ၅၃/၆၃x၆၄ကြား၊၁၀၄x၁၀၅လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်မာမာချို ၉/မရတ(နိုင် )၀၇၆၇၆၄၊ ဒေါ်ယုယုမာ ၉/မရမ(နိုင်)၀၂၆၇၇၁၊ ဦးသန်းနိုင် ၉/မရတ(နိုင်)၀၇၆၇၆၃၊ ဦးသန်းမြင့် ၉/မရတ (နိုင်)၀၇၆၇၆၇တို့၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၁၁၃၃၅/၂၀၂၂)ဖြင့် လွှဲအပ်ခြင်း ခံရသူ ဒေါ်မြင့်မြတ်သူ ၉/အမရ(နိုင်)၁၅၇၇၁၆ က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင် အရောင်းအဝယ်စာချုပ်ချုပ်ရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြု ပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ (၅၈) ရပ်ကွက်၊ ဦးမောင်မောင်မြလမ်း၊ အမှတ် (၁၀၀၈)၊ မြေတိုင်းရပ်ကွက် အမှတ်(၅၈)၊ ပါမစ်မြေအမျိုးအစား (၄၀ ပေ x ၆၀ ပေ) အကျယ်အဝန်းရှိမြေကွက်အား ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဒေါ်ခင်မြတ်မွန်အောင် မှ ဝယ်ယူပိုင်ဆိုင်လျက်ရှိပြီး ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြမြေစီမံခန့်ခွဲမှုဌာန၌ ဂရန်သစ်လျှောက်ထားမှု ပြုလုပ်နေဆဲဖြစ်၍ ယင်း မြေကွက်နှင့်ပတ်သက်ပြီး မည်သူတစ်ဦးတစ်ယောက်ကမျှ ကျွန်ုပ်မိတ်ဆွေမသိရှိဘဲ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ စွန့်လွှတ်ခြင်း၊ ပေးကမ်းခြင်း ပြုလုပ်၍မရကြောင်းနှင့် ထိုသို့ပြုလုပ်၍ဖြစ်ပေါ်လာသောကိစ္စအရပ်အဝဝသည် ကျွန်ုပ်၏မိတ်ဆွေနှင့် သက်ဆိုင်ခြင်းမရှိဘဲ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်းနှင့် ထိုသို့ပြုလုပ်သူများကိုလည်း ဥပဒေအရ အရေးယူမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးအောင်ဖြိုးထက် (LL.B)၊ အထက်တန်းရှေ့နေ (စဉ် - ၅၀၂၈၉)**
**အမှတ် (၅၁၄၊ ၅၁၈)၊ ကုန်သည်လမ်းနှင့် ဆိပ်ကမ်းသာလမ်းထောင့်၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၄၅၈၆၃၁၇၃၇**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
## ကလောခရိုင်တရားရုံးတော်၌
## ၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ်- ၃

ဦးမိုးကျော်သောင်း **နှင့်** ဦးခင်မောင်ဋ္ဌေး
**(တရားလို)** **(တရားပြိုင်)**

ရှမ်းပြည်နယ်၊ ကလောခရိုင်၊ ကလောမြို့၊ အမှတ်(၃)ရပ်ကွက်၊ အရှေ့ဗိုလ်ကုန်းလမ်း၊ အမှတ် (၃/၃၀)နေ တရားပြိုင် ဦးခင်မောင်ဋ္ဌေး(ယခုနေရပ်လိပ်စာမသိသူ)သိစေရမည်။

သင့်အပေါ်၌ တရားလိုက ခြံမြေကွက်အရောင်းအဝယ်စာချုပ်အား မှတ်ပုံတင် စာချုပ် ချုပ်ဆို ပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ် ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်အလက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၂၆ ခုနှစ်၊ မေလ ၄ ရက် (၁၃၈၈ ခုနှစ်၊ ကဆုန်လဆုတ် ၄ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ပါရှိသူ တရားလို၏ စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ဤရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့် နေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည် သို့တည်း မဟုတ် သင်၏ကိုယ်စားလှယ်ရှေ့နေ လက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်ကတင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ ဧပြီလ ၂၀ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဝင်းဝင်းထိန်)**
**ခရိုင်တရားသူကြီး**
**ကလောခရိုင်တရားရုံး**

## အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်သင်းသင်းလွင် (၁၂/တတန(နိုင်)၁၆၈၅၃၆)၏ လွှဲအပ်ညွှန်ကြားချက်အရ ကြေညာအပ်သည်မှာ-

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၊ မြေတိုင်းအမှတ်-သကမ-၉၊ လူနေရပ်ကွက်အမှတ် (၁၃)၊ မြေကွက်အမှတ်-၁၈၀(က)၊ ဒေါ်အုန်းကြိုင်အမည်ပေါက် မြေချပါမစ်၊ မြေအကျယ်ပေ (၂၀x၆၀) အနက် ခေါင်းရင်းခြမ်း(၁၀x၆၀)နှင့် မြေပိုအပါအဝင် ယင်းမြေပေါ်တွင် ဆောက်လုပ် ထားသော (၁)ထပ် (RC)နေအိမ်နှင့် ရေမီးစုံအကျိုးခံစားခွင့်အရပ်ရပ်ကို မြေအမည်ပေါက်သူ ဒေါ်အုန်းကြိုင် ထံမှ အရပ်ကတိစာချုပ်ဖြင့် ဆင့်ကဲဝယ်ယူလက်ရှိထားသူ ဒေါ်ချိုမာလွင်က ၎င်း၏လက်ဝယ်တွင် (၁၂)နှစ်ခန့် အနှောင့်အယှက် ကင်းစွာဖြင့် လက်ရှိထား နေထိုင်ပိုင်ဆိုင်ခဲ့ပြီး စဉ်ဆက်မပျက် လက်ရှိထားသူ ဒေါ်ချိုမာလွင် ထံမှတစ်ဆင့် ညီမဖြစ်သူ ဒေါ်သင်းသင်းလွင်က ပြန်လည်ဝယ်ယူခဲ့ကာ ယနေ့အချိန်ထိတိုင် ဒေါ်သင်းသင်းလွင် တစ်ဦးတည်းပိုင်အဖြစ် ပစ္စည်းလက်ဝယ်ထားကာ အကျိုးခံစားလျက်ရှိပါသည်။ ဒေါ်သင်းသင်းလွင်မှ အိမ်ငှားများထားကာ လက်ရှိထား နေထိုင်အကျိုးခံစားလျက်ရှိသည့် အထက်ဖော်ပြပါ အိမ်ခြံမြေနှင့် တကွ ပိုင်ဆိုင်မှု စာချုပ်စာတမ်းများသည် ဒေါ်သင်းသင်းလွင်၏ စီမံခန့်ခွဲမှုအောက်တွင် ယနေ့အချိန် ထိ အနှောင့်အယှက် ကင်းစွာဖြင့်တည်ရှိပြီး ဒေါ်သင်းသင်းလွင် တစ်ဦးတည်း ပိုင်ဆိုင်သည့် ပစ္စည်းဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ-** **ဒေါ်သင်းသင်းလွင်**

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်ဖုန်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ် - ၁၆၇၃၃)**
**တိုက်- B-၂/အခန်း (၅၀၅)/**
**ချမ်းမြေ့အိမ်ရာဝင်း(၁)၊ အင်းစိန်မြို့နယ်**
**ဖုန်း-၀၉-၉၇၁၈၉၀၃၇၂၊ ၀၉-၉၈၀၉၇၆၈၆၇**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊(၁၂)ရပ်ကွက်၊ မာဃ (၈)လမ်း၊ မြေကွက်အမှတ်-(၆၄၆/ခ၊ ၆၄၇/က) တွင် ဆောက်လုပ်ထားသည့် ( RCC ) ၂-ခန်းတွဲ (၆)ထပ်တိုက်အဆောက်အအုံ၏ (အလျား-၁၈ပေx အနံ-၅၄ပေ) အကျယ်ရှိသည့် ဒုတိယထပ် (၃)လွှာ၊ ခြေရင်းခန်း တိုက်ခန်းနှင့် တိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်အား ရောင်းချသူ ဒေါ်တင်ညွှန့် (ဘ) ဦးကျောက်လုံး (၁၂/ဥကတ(နိုင်)၁၁၃၆၃၂) မှ အထက်ပါတိုက်ခန်းနှင့် အကျိုးခံစားခွင့် အရပ်ရပ်ကို မိမိ တစ်ဦးတည်း လက်ရှိထား ပိုင်ဆိုင်ကြောင်း၊ ပိုင်ဆိုင်မှုအရှုပ်အရှင်း ကင်းရှင်းကြောင်း၊ ပြန်လည်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ အပြီးအပိုင်ဝယ်ယူရန်အတွက် တိုက်ခန်းရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသအား စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်း ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက မည်သူမဆို ခိုင်မာသည့် ပိုင်ဆိုင်မှု မူရင်း စာရွက်စာတမ်း အထောက်အထားများဖြင့် ယနေ့ကြေညာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း ကျွန်ုပ်ထံသို့လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သက်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမပြုပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးဇော်မြင့်ထွန်း LL.B, D.B.L , WIPO(Switzerland)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၈၇၉၈)(၃၀-၁၁-၂၀၂၃)**
**အမှတ်(ဂ/၃၁၀)၊ နီလာ(၅)လမ်း၊ (ဂ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၇၆၃၄၁၂၀၀၂၊ ၀၉-၄၀၈၉၃၅၂၀၂**

## အများသိစေရန်အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၃)ရပ်ကွက်၊ ဒေဝဒဟ (၁၁)လမ်း၊ အမှတ်(၉၀၆)နေထိုင်သူ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ကြည်ကြည်လှိုင် (ဘ)ဦးလှမြင့်(၁၂/သဃက(နိုင်)၁၅၇၈၁၇)သည် ၁၃-၄-၂၀၂၆ရက် ညနေအချိန်တွင် အပြင်သို့ သွားရောက်စဉ် ၎င်းပိုင်ဆိုင်သော နေအိမ်တိုက်ခန်းများနှင့်ပတ်သက်သော အရေးကြီး စာချုပ်စာတမ်းများ၊ ပိုင်ဆိုင်မှု Owner Book များ လမ်းတစ်နေရာတွင် ပျောက်ဆုံးခဲ့ပါသည်။ သို့ဖြစ်ပါ၍ ကျွန်ုပ် မိတ်ဆွေဖြစ်သူ ဒေါ်ကြည်ကြည်လှိုင် ပိုင်ဆိုင်သော အောက်ဖော်ပြပါ ၁။ စုပေါင်းပိုင် အဆောက်အအုံအမှတ်(၆)၊ အခန်းအမှတ်(၁၃)၊ ပထမထပ်၊ မလိခအိမ်ရာ၊ ရတနာလမ်း၊ ဘဝမြင့်ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ၂။ အမှတ်(၅၉၇)ပျဉ်းမပင်လမ်း၊ (၂၁)ရပ်ကွက်၊ တောင်ဒဂုံမြို့ နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ၃။ အခန်းအမှတ်(၂၀၂)၊ တိုက်အမှတ်(၃၃)၊ အင်းဝအိမ်ရာလမ်း၊ (၆၆)ရပ်ကွက်၊ တောင်ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ပတ်သက်၍ တစ်ဆင့်ပြန်လည် လက်လွှဲရောင်းချခြင်း၊ ငှားရမ်းခြင်း၊ အပေါင်ပစ္စည်းအဖြစ် ထားရှိခြင်း၊ ပေးကမ်း လှူဒါန်းစွန့်လွှတ်ခြင်းများ ပြုလုပ်ခဲ့ပါက တည်ဆဲဥပဒေနှင့်အညီ အရေးယူဆောင် ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ**
**ဒေါ်ကြည်ကြည်လှိုင်**
၁၂/သဃက(နိုင်)၁၅၇၈၁၇

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဥမ္မာဝင်းရွှေ(LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၄၅၇၇၀/၂၇-၂-၂၀၁၅)**
**အမှတ်(၁၂၆)၊ သုမိတ္တာ(၅)လမ်း၊ (၁)ရပ်ကွက်၊**
**မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း-၀၉-၄၂၀၇၆၆၄၂၇**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 34W/86788 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါ ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် T/2298 Toyota Dyna Bu60Light Truck (4x2) ယာဉ်လက်ဝယ်ရှိသူ ဦးခန့်ဇော်ဦး ၉/ပသက(နိုင်)၁၆၃၅၁၅ က ယာဉ်မှတ်ပုံတင် စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 59W/49475 Luojia- 110 ယာဉ်လက်ဝယ်ရှိသူ ဒေါ်မြင့်ကြိုင် ၉/မနမ(နိုင်)၀၅၅၈၄၆ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူ ထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထား များဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ (ကမ-၃)ပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 61W/78766 Canda- 125 ယာဉ်အမည်ပေါက်သူ ဦးစိုးထက်အောင် ၁၃/လရန(နိုင်) ၁၃၁၆၈၄ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ရှမ်းပြည်နယ်ရုံး(တောင်ကြီး)**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ပါတ်ကုန်းပျော်ဘွယ်ရပ်ကွက်၊ အကွက်အမှတ် ၇၆၁၊ ဦးပိုင်အမှတ် (၁၃က+၁၄-ခ)ခဲစင်း/ ၆၇x၆၈လမ်းကြား၊ ၃၂x၃၃ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးကျော်ဝင်း ၉/မရမ(နိုင်) ၀၁၅၄၅၁ က ဂရန်စာချုပ်တင်ပြ၍ ခဲစင်းပြ မှတ်ပုံတင် အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေ ရာဇဝင်ရေးကူး ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် ၁၄ ရက် အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ**

## သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန မကွေးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မကွေးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၂၆-၂၀၂၇ခု ဘဏ္ဍာရေးနှစ် (ဧပြီလမှ မတ်လအထိ) ပြည်ထောင်စုရန်ပုံငွေ၊ တိုင်းဒေသကြီးရန်ပုံငွေတို့ဖြင့် ကျေးလက်ကုန်ထုတ်လမ်းတံတား၊ ရေပေးရေး လုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များ အနေဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ကြောင်း ဖိတ်ခေါ်ကြော်ငြာအပ်ပါသည်။

(က) **တင်ဒါလျှောက်လွှာရောင်းချမည့် ရက်/အချိန်** - ၂၇-၄-၂၀၂၆ရက် (တနင်္လာနေ့) နံနက်(၉:၃၀) နာရီမှ ၇-၅-၂၀၂၆ရက် (ကြာသပတေးနေ့) ညနေ(၁၆:၃၀) နာရီအထိ

(ခ) **တင်ဒါလျှောက်လွှာ တင်သွင်းရမည့် ရက်/အချိန်** - ၁၁-၅-၂၀၂၆ရက် (တနင်္လာနေ့) နံနက်(၀၉:၃၀)နာရီမှ ညနေ (၁၆:၃၀)နာရီအထိ

(ဂ) **တင်ဒါဖွင့်မည့်ရက်/အချိန်** - ၁၄-၅-၂၀၂၆ရက် (ကြာသပတေးနေ့) နံနက်(၀၉:၃၀)နာရီ

(ဃ) **တင်ဒါဖွင့်မည့်နေရာ** - မကွေးတိုင်းဒေသကြီး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၊ အောင်မေတ္တာ(က) ရပ်ကွက်၊ဘိုးရတနာဇက်ဆိပ်လမ်း၊ မကွေးမြို့။

၂။ တင်ဒါတင်သွင်းခြင်းနှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်များ သိရှိလိုပါက မကွေးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီး ဌာန၊ ဖုန်း-၀၆၃-၂၈၇၂၇ ၊ ၀၆၃-၂၈၃၆၈၊ ၀၉-၄၄၈၅၃၃၀၇၁ နှင့် ၀၉-၄၄၉၄၅၂၆၅၆ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**

## ဖခင်အမည်မှန်

ကချင်ပြည်နယ်၊ ရွှေကူမြို့(ကျောက်ကြီး) အခြေခံပညာ အထက်တန်းကျောင်း Grade-12 မှ မအိချောပို၏ ဖခင်အမည်မှန်မှာ ဦးဂမ်ရှောင် ၁/ရကန(နိုင်)၀၄၈၉၇၆ ဖြစ်ပါကြောင်း။

## အမည်ပြောင်း

(ဘ)ဦးမျိုးမင်း ၏သား ဖြစ်သူ ထားဝယ်မြို့၊ အမက (ပုလုကုန်း) Grade-1 မှ မောင်ကောင်းပြည့်စုံလင်း အား ယနေ့မှစ၍ မောင်ကျော်မျိုးခန့်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မောင်ကျော်မျိုးခန့်**

## ကန့်ကွက်နိုင်ပါကြောင်း

မြိတ်ခရိုင်၊ မြိတ်မြို့နယ်၊ ကျောက်ဖျာကျေးရွာအုပ်စု၊ ကွင်းအမှတ်-၁၇၃ (က)ကဘင်းကွင်း၊ မြေကွက်အမှတ် (၃၅)၊ မြေဧရိယာ (၀ ဒသမ ၂၃) ဧကအား မြိတ်ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ၏ (၈-၉-၂၀၂၅) ရက်စွဲပါစာအမှတ် ၀၄၁၇/၁/၄-၁၁/ခစတ(မြိတ်) အရ ဦးထွန်းထွန်းဝင်း (ဖိုးလမင်းကုမ္ပဏီလီမိတက်) အမည်ဖြင့် ယာယီမြေနေရာ ချထားပေးခဲ့ပါသည်။ အဆိုပါမြေနေရာအား မြေငှားဂရန်(အသစ်) လျှောက်ထားနိုင်ရေး ဦးထွန်းထွန်းဝင်း ၆/မအရ(နိုင်)၀၀၀၆၁၈၊ ဖိုးလမင်းကုမ္ပဏီလီမိတက်မှ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက မြိတ်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီး ဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှ စ၍ ရက် ၃၀ အတွင်း မြေပိုင်ဆိုင်မှုအထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ကော်လီတွော်အရာရှိ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊မြိတ်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 6W/92495, Luojia-110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးစောစေးကလဲ ၁၄/ကကန(နိုင်)၁၃၃၆၄၁ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံး(ပုသိမ်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 15W/34529, Yinxing -110 ယာဉ်လက်ဝယ်ရှိသူ ဒေါ်မိုးမိုးအေး ၁၃/လရန(နိုင်)၀၈၁၇၇၃ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တွဲဖက်ပြည်နယ်ရုံး(လားရှိုး)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် SHN/17542, JLM-125 ယာဉ်လက်ဝယ်ရှိသူ ဦးကျော်ကျော်ဦး ၉/မထလ(နိုင်)၁၇၅၅၉၂ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တွဲဖက်ပြည်နယ်ရုံး(လားရှိုး)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် SHN/28695, Shayan-125 ယာဉ်လက်ဝယ်ရှိသူ ဦးဝေယံလင်း ၁၃/လရန(နိုင်)၁၇၀၅၁၈က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တွဲဖက်ပြည်နယ်ရုံး(လားရှိုး)**

## ဆောက်လုပ်ရေးဝန်ကြီးဌာန လမ်းဦးစီးဌာန၊ ဘုတ်ပြင်းခရိုင် ( ၁/၂၀၂၆-၂၀၂၇ ) အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၊ ဘုတ်ပြင်းခရိုင်မှ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်မည့် လမ်း/တံတား လုပ်ငန်းများအတွက် လိုအပ်သောလုပ်ငန်းသုံးပစ္စည်းများကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် လုပ်ငန်းခွင်အရောက် (မြန်မာကျပ်ငွေဖြင့်) ဝယ်ယူလိုပါ၍ စိတ်ဝင်စားသည့် လုပ်ငန်းရှင်များအနေဖြင့် လျှောက်လွှာများ တင်သွင်းနိုင်ပါသည်။

၂။ **တင်ဒါလျှောက်လွှာရောင်းချမည့်ရက်/အချိန်** - (၁၄-၅-၂၀၂၆)ရက် (ကြာသပတေးနေ့)ရုံးချိန်အတွင်း

၃။ **တင်ဒါလျှောက်လွှာ ပိတ်မည့် ရက်/အချိန်** - (၂၆-၅-၂၀၂၆)ရက် (အင်္ဂါနေ့) နံနက် ( ၁၀:၀၀ )နာရီ

၄။ **တင်ဒါဖွင့်လှစ်မည့် ရက်/အချိန်** - (၂၉-၅-၂၀၂၆)ရက် (သောကြာနေ့) နံနက် ( ၁၀:၀၀ )နာရီ

၅။ **တင်ဒါတင်သွင်း၊ စိစစ် ဖွင့်လှစ်ရွေးချယ်မည့်နေရာ** - လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ)ရုံး ဘုတ်ပြင်းခရိုင်၊ ဘုတ်ပြင်းမြို့

၆။ တင်ဒါလျှောက်လွှာပုံစံနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက လမ်းဦးစီးဌာန၊ ဘုတ်ပြင်းခရိုင်၊ လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ ဖုန်း- ၀၅၉-၄၇၅၀၀၇၅ ကို ရုံးချိန်အတွင်း ဆက်သွယ် စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ် ၁၃၊ မြေကွက်အမှတ် ၄၁၁/ခ၊ ဧရိယာ ၁၂၀၀ စတုရန်းပေ မြေကွက်တည်နေရာအမှတ် ၄၁၁/ခ၊ ကောလိယ(၁၉)လမ်း၊ ၁၃ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ဒေါ်သန်းသန်း ၁၂/ဥကတ(နိုင်)၀၆၉၈၄၅ အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဒေါ်သန်းသန်း(မိခင်)နှင့် ဦးဟုတ်စွမ်(ခ)ဦးခင်မောင် (ဖခင်)တို့ ကွယ်လွန်သဖြင့် ဒေါ်ရင်ရင်(၁၂/ဥကတ(နိုင်)၀၆၉၈၃၉)၊ ဒေါ်စုစု(၁၂/အစန(နိုင်)၁၀၇၁၆၃)၊ ဒေါ်အေးအေးဝင်း(ခ) အေးအေးအောင် (၁၂/ဥကတ(နိုင်)၀၆၉၈၃၈) တို့မှ သား/သမီးများ တော်စပ်ကြောင်း ကျမ်းကျိန်လွှာအမှတ် ၄၀၂၉/၂၀၂၆(၁၀-၄-၂၀၂၆)၊ ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ ဂရန်(နိုင်)ကတ်များ၊ သေစာရင်းများ၊ အိမ်ထောင်စုစာရင်းများ၊ ဝန်ဆောင်ခတို့ တင်ပြ၍ နှုတ်ကျန်ဂရန်ဖြင့် ပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာမှုအပေါ် တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ၇ ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းများအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြော်ငြာ အပ်သည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မုံရွာမြို့၊ စက်မှုဇုန်ရပ်ကွက်၊ အကွက်အမှတ်နှင့်အမည် (၃/၅၉၊ နန္ဒဝန်(စက်မှုဇုန်))၊ ဦးပိုင်အမှတ် (၃၅-လမ်း(၈၅)၊ ဧရိယာ (၀.၁၁၀)ဧကရှိ မြေကွက်သည် မြို့မြေအမှုတွဲအမှတ် ၂၄၅ V ၂၀၀၈-၂၀၀၉ အရ (၁၆-၅-၂၀၁၂)ရက်မှစ၍ ဦးထွန်းထွန်းဦး အမည်သို့ (၂၃-၆-၁၉၉၅)မှ (၂၂-၆-၂၀၂၅)အထိ မူလမြေငှားစာချုပ် သက်တမ်းအတိုင်း အမည်ပြောင်းချထားပေးခဲ့သော မြေငှားစာချုပ်အား ဦးထွန်းထွန်းဦး အမည်ဖြင့် (သက်တမ်းတိုး) လျှောက်ထားရာ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူမည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကို ဤရုံးသို့ ကန့်ကွက်လွှာကြော်ငြာသည့်(၁၀-၄-၂၀၂၆) ရက်မှစ၍ (၁၅) ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့်ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား အထက်မြန်မာပြည်မြေနှင့်အခွန်စည်းမျဉ်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ မြေငှားစာချုပ် (သက်တမ်းတိုး) ခွင့်ပြုမည်ဖြစ်ကြောင်း အသိပေးကြေညာ အပ်ပါသည်။

**ကော်လီတွော်အရာရှိ၊ မုံရွာခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မုံရွာမြို့၊ စက်မှုဇုန်ရပ်ကွက်၊ အကွက်အမှတ်နှင့်အမည် (စ-၁၃၊ နန္ဒဝန်(စက်မှုဇုန်))၊ ဦးပိုင်အမှတ်(ဇီဇဝါ လမ်း-၁၆၊ ၄၃ လမ်း-၈)၊ ဧရိယာ(၀.၂၂၀)ဧကရှိ မြေကွက်သည် မြို့မြေအမှုတွဲအမှတ်၊ 172 V RP 2020-2021 အရ ဦးရွှေမိုး၊ ဒေါ်ကြည်ကြည်ဝင်း အမည်ဖြင့် (၂၃-၆-၂၀၂၁)ရက်မှစ၍ မူလမြေငှားစာချုပ် သက်တမ်း (၁-၁၂-၁၉၉၃) မှ (၃၀-၁၁-၂၀၂၃)အထိ အမည်ပြောင်းခွင့်ပြုချထား ပေးခဲ့သော မြေငှားစာချုပ်အား ဦးရွှေမိုး၊ ဒေါ်ကြည်ကြည်ဝင်းအမည်ဖြင့် မြေငှား စာချုပ် (သက်တမ်းတိုး) လျှောက်ထားရာ ကျိုးကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူမည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေး သင့်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကို ဤရုံးသို့ ကန့်ကွက်လွှာကြော်ငြာသည့်(၁၀-၄-၂၀၂၆) ရက် မှစ၍ (၁၅) ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့်ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား အထက် မြန်မာပြည် မြေနှင့်အခွန်စည်းမျဉ်း ဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ မြေငှား စာချုပ် (သက်တမ်းတိုး) ခွင့်ပြုမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ကော်လီတွော်အရာရှိ၊ မုံရွာခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ကြောင်းကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး (၅)၊ အမှတ် (၇) ၁ ကွက်နေ ဒေါ်နီလာထွေး ၉/မမန(နိုင်) ၀၈၄၀၄၃ ၏သား မောင်ထွန်းသူရိန်အောင် ၉/ပဥလ(နိုင်)၀၆၉၈၄၇ သည် မိခင်၏ဆိုဆုံးမမှုကို မနာခံဘဲ မိခင်အားစိတ်ဆင်းရဲ၊ ကိုယ်ဆင်းရဲ ဖြစ်အောင် အမျိုးမျိုးပြုလုပ်ပြီး ၈-၄-၂၀၂၆ ရက်တွင် မိခင်အားမပြောဆိုပဲ နေအိမ်မှဆင်းသွားပါသဖြင့် သားဖြစ်သူ မောင်ထွန်းသူရိန်အောင်အား နေအိမ်မှ ဆင်းသွားသည့်ရက်မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း အများ သိစေရန်ကြေညာအပ်ပါသည်။ မောင်ထွန်းသူရိန်အောင်နှင့်ပတ်သက်သမျှ ကိစ္စ အဝဝအားလုံးကိုလည်း တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။

**(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

**မိခင်-ဒေါ်နီလာထွေး**
**၉/မမန(နိုင်)၀၈၄၀၄၃**

## ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာစာ

High Hope Zhongtian Corporation Co.,Ltd မှ ထုတ်လုပ်ပြီး Thu Thu Hein Co.,Ltd မှ ဖြန့်ဖြူးရောင်းချသော အောက်ဖော်ပြပါ ပိုးသတ်ဆေးအား ယခင်အသုံးပြုခဲ့သော ထုတ်ကုန်အမည်မှ အောက်ဖော်ပြပါအတိုင်း ပြောင်းလဲ၍ ရောင်းချမည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အဆိုပါပြောင်းလဲခြင်းအား ကန့်ကွက်ရန်ရှိပါက မြန်မာနိုင်ငံပိုးသတ်ဆေး မှတ်ပုံတင်အဖွဲ့ထံသို့ ကြော်ငြာပါသည့်ရက်မှစပြီး (၁၄) ရက်အတွင်း ကန့်ကွက်လွှာတင်သွင်းနိုင်ပါကြောင်း အသိပေး ကြော်ငြာအပ်ပါသည်-

| စဉ် | ယခင်အမည် | ပြောင်းလဲမည့်အမည် | ပါဝင်သောပစ္စည်း | မှတ်ပုံတင်နံပါတ် |
|---|---|---|---|---|
| ၁ | ရှင်းရဲဒိုင်း | ပေါင်းပိုရှင်း | Acetochlor 10.5% + Bensulfuronmethyl 3.5% WP | P2021-5477 |

**Thu Thu Hein Co.,Ltd.**
**09-793828948**

## ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာစာ

Kenso Corporation(M) Sdn.Bhd. မှ ထုတ်လုပ်သော အောက်ဖော်ပြပါပိုးသတ်ဆေးများ၏ မှတ်ပုံတင်ခြင်းနှင့် ဖြန့်ဖြူးခြင်းလုပ်ငန်းများအား GRAND AGROCARE Co.,Ltd. မှ ESP COMPANY LIMITED သို့ လွှဲပြောင်းခြင်းအပေါ် ကန့်ကွက်ရန်ရှိပါက မြန်မာနိုင်ငံပိုးသတ်ဆေး မှတ်ပုံတင်အဖွဲ့သို့ ကြော်ငြာပါသည့် ရက်မှစ၍ (၁၄)ရက်အတွင်း ကန့်ကွက်လွှာတင်သွင်းနိုင်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

| No | Trade Name | Active Ingredient | Registration No. |
|---|---|---|---|
| 1 | Kenfuran 5GR | Carbosulfan 5.0%GR | P2022-5828 |

**ESP COMPANY LIMITED**
**No.14/219, Paung Laung(14) Street, Pyinmana, Nay Pyi Taw.**
**Ph:09-796063510, 09-771229971, 09-258479473, 09-954546246**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ သန်လျင်မြို့နယ်၊ ဗိုလ်ချုပ်ကျေးရွာ၊ နယ်မြေ(၁၂)၊ လင်းရောင်ခြည်လမ်းသွယ်(၂)၊ အိမ်အမှတ်(၁၂/၆၅)ဟုခေါ်တွင်သောမြေအကျယ်အလျား x အနံ ပေ (၂၀ x ၆၀ ) အကျယ် ရှိမြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော Steel Structure တစ်ထပ်နေအိမ်(၁)လုံး အပါအဝင် ယင်းတို့နှင့်ပတ်သက်သော အကျိုးခံစားခွင့်အရပ်ရပ်တို့အား လက်ဝယ်ထားရှိ၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသော ဒေါ်အေးမြတ်မွန်(၁၂/သလန(နိုင်)၀၀၇၄၁၃) ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်အေးအေးလှိုင် (၁၃/ကမန(နိုင်) ၀၅၅၁၅၀) က ပြန်လည်ဝယ်ယူရန် ၎င်းကို စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ပိုင်ဆိုင်မှုစာရွက်စာတမ်း မူရင်းအထောက်အထားအပြည့်အစုံဖြင့် ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်ကာ မြေကွက်ကိုလက်ရောက်ရယူသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်အေးအေးလှိုင်၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်နှင်းနှင်းထွေး(LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၂၀၀၃၉)**
**အမှတ်(F-၅၁)၊ သဇင်(၁၇)လမ်း၊ အေးသာယာရပ်ကွက်၊ သန်လျင်မြို့၊ ဖုန်း-၀၉-၂၅၀၀၁၂၈၀၁**

## တစ်ဦးတည်းဖြစ်ကြောင်း

ဘုတ်ပြင်းမြို့၊ အောင်မင်္ဂလာရပ်ကွက်နေ (ဘ)ဦးအပ္ပဒူလ်ကာဒဲရ် ၏သမီးဖြစ်သူ ဒေါ်လှမြင့်နှင့် ဂျီနသ်ဘီ KMW-138339 မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဒေါ်လှမြင့်(ခ)ဂျီနသ်ဘီ**

## ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးတင်မိုး (၆/မမန(နိုင်)၁၅၅၃၅၆) ၏ ပွဲနင်းမှူးလက်မှတ် အမှတ် Permit No-REV. 0377/2023 မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက ဆက်သွယ် အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉- ၂၆၆၈၈၃၅၈၃**

## ဖခင်အမည်မှန်

မြိတ်မြို့၊ အထက-၉၊ Grade-8 မှ မောင်ပြည့်ဖြိုးအောင်၏ဖခင် ဦးဖြိုးထက်အောင် ၏ အမည်မှန်မှာ မှတ်ပုံတင်နှင့် အိမ်ထောင်စုစာရင်းအရ ဦးဖြိုးဌေးအောင် ၁၁/ရဗန(နိုင်) ၁၀၅၈၉၇ ဖြစ်ပါကြောင်း။

**ဦးဖြိုးဌေးအောင်**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 55W/98297, ယာဉ်လက်ဝယ်ရှိသူ ဦးညီညီအောင် ၁၂/တကန(နိုင်)၁၀၆၇၉၄က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက် ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး (ပဲခူး)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် TNI/9332. Honda Click-125 ယာဉ်လက်ဝယ်ရှိသူ ဦးစိုးနိုင် ၇/အတန (နိုင်) ၁၅၈၀၉၆ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(ကော့သောင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 73W/36046, Luojia-110 ယာဉ်လက်ဝယ်ရှိသူ ဦးဟန်ဝင်းအောင် ၁၄/ဟသတ(နိုင်)၂၁၀၄၈၁ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေး ရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ဟင်္သာတ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 65W/88366 ယာဉ်လက်ဝယ်ရှိသူ ဦးသက်ဇင်ထက် ၇/ပခန(နိုင်)၂၉၇၁၁၆ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး (ပဲခူး)**

## ဦးကျော်စိုး (MINT- ၀၀၅၈၄၄) (ယခုနေရပ်လိပ်စာမသိ) သိရှိနိုင်ပါရန်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ လူနေရပ်ကွက် အမှတ်- PHASE2၊ မြေတိုင်းရပ်ကွက်အမှတ် (၁၁၀)၊ ခရေလမ်း၊ မြေကွက် အမှတ်(၁၃၅)ဟုခေါ်တွင်သော(အလျားပေ၈၀x အနံပေ ၈၀)၊ ဧရိယာ (၀.၁၄၇) ဧက အကျယ်အဝန်းရှိ မြေကွက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား အပြီးအပိုင်လက်ရောက် ဝယ်ယူပိုင်ဆိုင်ထားသူ ဦးဝင်းထွဋ် (၇/တငန(နိုင်)၁၁၂၁၄၆) နှင့် စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုနိုင်ရန် (၅-၅-၂၀၂၆) ရက် နောက်ဆုံးထားပြီး ဆက်သွယ်ဆောင်ရွက်ပေးပါရန်နှင့် သတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အကြောင်းကြားအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ** |
| **ဦးဝင်းထွဋ်** | **ဒေါ်အေးပပလင်း (LL.B)** |
| **၇/တငန(နိုင်)၁၁၂၁၄၆** | **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၂၇၂)** |
| | **ဖုန်း-၀၉-၄၂၁၀၃၈၇၀၃** |

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 3W/78014 ယာဉ်လက်ဝယ်ရှိသူ ဒေါ်စံပယ်ဝင်း ၇/ဒဥန(နိုင်)၁၄၇၅၅၉ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး (ပဲခူး)**

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။
❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။
❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

# CDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များ ယာယီစိုးမိုးထားသည့် ဖလမ်းမြို့နှင့် အဆိုပါဒေသတစ်ခုလုံးအား တပ်မတော်စစ်ကြောင်းများက အလုံးစုံပြန်လည်သိမ်းပိုက်ထိန်းချုပ်

နေပြည်တော် မေ ၂၅

ချင်းပြည်နယ်၏ ဒုတိယမြို့တော်ဖြစ်သည့် ဖလမ်းမြို့သည် ခရိုင်ရုံး၊ မြို့နယ်ရုံးများစိုက်ရာ တောင်ပေါ်မြို့တစ်မြို့ဖြစ်သည်။ မြောက်ဘက်တွင် တီးတိန်မြို့နယ်နှင့် တောင်ဘက်တွင် ဟားခါးမြို့နယ်တို့ တည်ရှိကာ ဖလမ်းမြို့အနီး ဆူရဲဘုန်တောင်တွင် လေယာဉ်ကွင်းရှိပြီး ချင်းပြည်နယ်၏ ပထမဆုံးလေဆိပ်ရှိသည့်မြို့ဖြစ်သည်။ ဖလမ်းမှတစ်ဆင့် စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ်သို့လည်းကောင်း၊ ဖလမ်း-ဟားခါးမှတစ်ဆင့် မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့နယ်ဘက်သို့လည်းကောင်း သွားလာနိုင်ပြီး အချက်အချာကျ၍ နယ်မြေအေးချမ်းသည့် မြို့တစ်မြို့ဖြစ်သည်။

ထိုကဲ့သို့သော နယ်မြေအေးချမ်းသည့် တောင်ပေါ်ဒေသတွင် ရိုးသားစွာနေထိုင် လုပ်ကိုင်စားသောက်နေကြသည့် ပြည်သူများအား CDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များက CRPH၊ NUG အကြမ်းဖက်အဖွဲ့တို့၏ သွေးထိုးမြှောက်ပင့်မှုနှင့်အတူ ဒီမိုကရေစီအရေးနှင့် ဒေသကောင်းစားရေးဟု နိုင်ငံရေးမက်လုံးများဖြင့် စည်းရုံးသိမ်းသွင်း၍ အကြမ်းဖက်သင်တန်းများ ပို့ချပေးခဲ့သည်။ ထိုသို့ အကြမ်းဖက်သမားများအဖြစ် မွေးထုတ်ပေးကာ နယ်မြေခံပြည်သူများ၏ အသက်အိုးအိမ်၊ စည်းစိမ်များကို ဖျက်ဆီးပြီး အစိုးရအုပ်ချုပ်ရေး ယန္တရားများပျက်စီးကာ ဖွံ့ဖြိုးတိုးတက်မှု နှောင့်နှေးစေရန် ရည်ရွယ်၍ ချင်းညီနောင်စစ်ဆင်ရေးအမည်ဖြင့် မြို့ရွာများတွင် တိုက်ပွဲများ ဖော်ဆောင်ခြင်း၊ လုံခြုံရေးအားနည်းသော တပ်စခန်းငယ်များကို အင်အားအလုံးအရင်းအသုံးပြု၍ တိုက်ခိုက်ခြင်း

စာမျက်နှာ ၁၀ ကော်လံ ၁ ❑



CDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့် ဖလမ်းမြို့ ဆူရဲဘုန်လေဆိပ်အား တပ်မတော်စစ်ကြောင်းများက သိမ်းပိုက်ရရှိစဉ်။



## အာရှယူ - ၁၇ အမျိုးသမီးပြိုင်ပွဲ ယှဉ်ပြိုင်ရန် မြန်မာယူ - ၁၇ အမျိုးသမီးအသင်း တရုတ်နိုင်ငံ၌ လေ့ကျင့်လျက်ရှိ

နေပြည်တော် မေ ၂၅

မြန်မာ ယူ – ၁၇ အမျိုးသမီးအသင်းသည် အာရှယူ – ၁၇ အမျိုးသမီးပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ရန် တရုတ်နိုင်ငံ၌ ရောက်ရှိနေပြီး ပြိုင်ပွဲမကျင်းပမီ ဖိလစ်ပိုင် ယူ – ၁၇ အမျိုးသမီးအသင်းနှင့် မေ ၂၃ ရက်က ခြေစမ်းပွဲကစားခဲ့သည်။

မြန်မာ ယူ – ၁၇ အမျိုးသမီးအသင်းသည် ဒေသခံ အမျိုးသမီးအသင်းဖြစ်သည့် Suzhou နှင့်လည်း ခြေစမ်းပွဲကစားထားသည်။ မြန်မာ ယူ – ၁၇ အသင်း အနေဖြင့် ခြေစမ်းပွဲများမှတစ်ဆင့် လိုအပ်ချက်များကိုပြင်ဆင်ပြီး ပြိုင်ပွဲတွင် အကောင်းဆုံးပုံဖော်ခွင့် ရရှိနိုင်ရေး ကြိုးစားပြင်ဆင်လျက်ရှိသည်။

အာရှ ယူ – ၁၇ အမျိုးသမီးပြိုင်ပွဲ အုပ်စု(က)တွင် မြန်မာ ယူ – ၁၇ အမျိုးသမီးအသင်းသည် အိမ်ရှင် တရုတ်၊ ထိုင်း၊ ဗီယက်နမ်အသင်းတို့နှင့် တစ်အုပ်စုတည်းကျရောက်နေပြီး မေ ၁ ရက် ညနေ ၆ နာရီတွင် ဖွင့်ပွဲအဖြစ် အိမ်ရှင်တရုတ်အမျိုးသမီး ယူ–၁၇ အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

သတင်း – ဇော်ဘီ
ဓာတ်ပုံ – MFF

## စက်သုံးဆီဖြန့်ဖြူးရောင်းချမှုနှင့်ပတ်သက်၍ ပြည်သူသို့ အသိပေးပန်ကြားချက်

အရှေ့အလယ်ပိုင်းတွင် ဖြစ်ပွားနေသောပဋိပက္ခများကြောင့် ကမ္ဘာ့ရေနံတင်ပို့မှု ငါးပုံတစ်ပုံခန့် ဖြတ်သန်းသယ်ယူပို့ဆောင်လျက်ရှိသော ဟောမုဇ်ရေလက်ကြားပိတ်ဆို့မှုများဖြစ်ပေါ်ခဲ့ရာ ကမ္ဘာ့ရေနံ စိမ်းဈေးနှုန်းများ ဆက်တိုက်မြင့်တက်ခဲ့ပြီး စက်သုံးဆီဈေးနှုန်းများလည်း လိုက်ပါမြင့်တက်သောကြောင့် အခက်အခဲများစွာ ကြုံတွေ့ခဲ့ကြရပါသည်။

နိုင်ငံတော်အစိုးရအနေဖြင့် စက်သုံးဆီမပြတ်လပ်စေရေး ပုံမှန်ညှိနှိုင်းကြီးကြပ်ဆောင်ရွက်ခဲ့သည့်အတွက် စဉ်ဆက်မပြတ်ဖြည့်တင်းနိုင်ခဲ့ပြီး စက်သုံးဆီများပုံမှန်ဖြန့်ဖြူးရောင်းချပေးနိုင်လျက်ရှိသည့်အပြင် စနစ်တကျစိစစ်သုံးစွဲနိုင်မှုကြောင့် ရက် ၆၀ စာ ဖူလုံမှုရှိသည်အထိ ဖြည့်တင်းသိုလှောင်နိုင်သည့် အခြေအနေသို့ ရောက်ရှိခဲ့ပါသည်။ ထို့အပြင် စက်သုံးဆီဖူလုံမှု အာမခံချက်ရှိစေရေးအတွက် မိတ်ဆွေနိုင်ငံများနှင့် ညှိနှိုင်းဆွေးနွေးမှုများ ဆောင်ရွက်နိုင်ခဲ့ပြီး စက်သုံးဆီအပြင် အခြားရေနံထွက်ပစ္စည်းများ တင်သွင်းနိုင်ရေးအတွက်လည်း သဘောတူညီမှုများ ရရှိထားပါသည်။

စာမျက်နှာ ၁၅ ကော်လံ ၁ ■

## ယနေ့ သတင်းအညွှန်း



ပါကစ္စတန် ဂြိုဟ်တုတစ်စင်းကို တရုတ်နိုင်ငံမှ အောင်မြင်စွာလွှတ်တင်

စာ ၁၄

နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးတို့အတွက် စစ်ဆင်ရေးတာဝန်များကို ထမ်းဆောင်ခဲ့သည့် ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများအား သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆို

ပြည်တွင်းသတင်း စာ ၂၀